# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၆ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၁၈၉)


## တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က ပြည်သူများ၏ တင်ပြချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ပေးမည့်အစီအမံများအား ရှင်းလင်းဖြေကြား

**နေပြည်တော် မေ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ တင်ပြလာသည့် အချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပေးမည့် အစီအမံများအား ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ ယနေ့တွင် အောက်ပါအတိုင်း ရှင်းလင်းဖြေကြားထားသည် -

Facebook မှာ တက်လာချက်များအရ ပြည်သူတွေ သိချင်တဲ့ကိစ္စများထဲမှာ ထိပ်ဆုံးအချက်တွေကတော့၊

(၁) ပိတ်ရက်အတွင်း လက်လုပ်လက်စားများရဲ့ စားဝတ်နေရေး၊

(၂) mask ကိစ္စ၊

(၃) မီတာခ လျှော့ပေးရေးနဲ့

(၄) အင်တာနက် သုံးစွဲမှုနှုန်းထားကောက်ခံမှု လျှော့ပေးရေးတို့ ဖြစ်ပါတယ်။

(၁) နဲ့ ပတ်သက်လို့ကတော့ နိုင်ငံ့ဘဏ္ဍာ၊ COVID ဗဟိုကော်မတီရန်ပုံငွေတို့နဲ့ အကောင်းဆုံးစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဖို့ စီစဉ်နေပါတယ်။ တစ်နေရာ၊ တစ်ဒေသအတွက်သာမဟုတ်၊ တစ်နိုင်ငံလုံးအတွက် စဉ်းစားရပါမယ်။ ဗဟိုကော်မတီရန်ပုံငွေအတွက် တတ်နိုင်သမျှ လှူကြဖို့ မေတ္တာရပ်ခံပါတယ်။ လိုအပ်တာတွေ အင်မတန်များပါတယ်။

(၂) ဒီလအတွင်းမှာ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူတွေကို ဖြန့်ဖြူးပေးနိုင်ဖို့အတွက် MASK ၆.၃ သန်း ရှိပါတယ်။ ထပ်မံလည်း မှာယူထားပါတယ်။

(၃) မီတာခတွေ လျှော့ပေးရေး အကောင်းဆုံးနည်းလမ်း ညှိနှိုင်းနေပါတယ်။

(၄) အင်တာနက် သုံးစွဲမှုနှုန်းထားတွေကို တယ်လီဖုန်းအော်ပရေတာများက လျှော့ချထားပေးပြီးပါပြီ။

သတိကြီးစွာနဲ့ ခွာခွာနေရတဲ့အချိန်မှာ မေတ္တာ ကရုဏာကိုလည်း မမေ့ပါနဲ့။ ကျွန်မတို့အားလုံး ပြည်ထောင်စုသွေးရင်းတွေပါ။

Facebook သုံးခါစဆိုတော့ တစ်လုံးချင်းရိုက်ဖို့ အတော်အချိန်ယူရပါတယ်။ ဒါပေမဲ့ ပြည်သူတွေနဲ့ ဆက်သွယ်နိုင်တာ ဝမ်းသာပါတယ်။ မကြာခင် လက်သွက်သွားမှာပါ။

အေးအတူ၊ ပူအမျှ၊ သွေးချင်းအားလုံးကျန်းမာ ချမ်းသာကြပါစေ။

## တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ပဲခူးတိုင်းဒေသကြီးမှ ပြည်သူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းအစီအစဉ် တိုက်ရိုက်ထုတ်လွှင့်မှုကို မေ ၆ ရက် နံနက် ၁၀ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် Facebook Account မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မတ်ပဲနှင့် ပဲတီစိမ်းသီးနှံများ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ်တစ်သောင်းကျော် ဈေးမြင့်တက်

စာ » ၂၉



ငါးသိုင်းချောင်းမြို့၌ ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

## ငါးသိုင်းချောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေ

**ငါးသိုင်းချောင်း မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့တွင် သက်ဆိုင်ရာ မြို့ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ NGO အသင်းအဖွဲ့များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သော ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး (မြို့အဆင့်)

*စာမျက်နှာ ၃ ကော်လံ ၁* ❖


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

**မြန်မာ့အလင်း**

# ကြိုတင်မျှော်တွေး စီမံဆောင်ရွက်

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရသည့် နိုင်ငံများကို ကမ္ဘာ့မြေပုံပေါ်တွင် အနီရောင်ဖြင့်ပြသထားရာ တစ်ကမ္ဘာလုံး နီနေသည်။ ကူးစက်ရောဂါတစ်ခု ပေါ်ပေါက်လာမည်ကို သော်လည်းကောင်း၊ ၎င်းကူးစက်ရောဂါသည် ကမ္ဘာ့နိုင်ငံများအားလုံးဆီသို့ လျင်လျင်မြန်မြန် ကူးစက်သွားမည်ကို သော်လည်းကောင်း မည်သည့်ပုဂ္ဂိုလ်ကမျှ ကြိုတင်မျှော်မှန်းမိကြမည်မဟုတ်။ အထူးသဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ် စတင်ပေါ်ထွက်လာသည့်အချိန်တွင်ပင် ကမ္ဘာကြီးတစ်ခုလုံး ပုံမှန်အတိုင်းလည်ပတ်ကာ အေးမြသည့်ဆောင်းနှင့်အတူ နှစ်သစ်ဆီသို့ ကူးပြောင်းခဲ့ကြသည်။ နောက်လာမည့် လအနည်းငယ်အတွင်း ကူးစက်မြန်ကပ်ရောဂါတစ်ခုသည် မိမိတို့ရှေ့မှောက်သို့ မြန်မြန်ဆန်ဆန်၊ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလိမ့်မည်ဟု မည်သူကမျှ မျှော်လင့်ထားကြမည် မဟုတ်ပေ။

စင်စစ်အားဖြင့် ကြိုတင်ခန့်မှန်းမှုဆိုသည်မှာလည်း အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလတို့မှ အချက်အလက်များကို အခြေခံ၍ ခွဲခြမ်းစိတ်ဖြာကာ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အလားအလာများကို ခန့်မှန်းတွက်ဆကြရသည့် သဘောရှိသည်။ ကိုဗစ်-၁၉ ကဲ့သို့သော ယခင်က ကမ္ဘာပေါ်တွင် မရှိခဲ့ဖူးသေးသည့် ရောဂါပိုးမွှားတစ်ခု ရုတ်တရက် ပေါ်ပေါက်လာပြီး လူ့ခန္ဓာကိုယ်ကို အမှီသဟဲပြု၍ လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှု၊ ဆက်ဆံမှုများမှ တစ်ဆင့် လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးကို ရုတ်တရက် တိုက်ခိုက်လာသောအခါ အားလုံးအငိုက်မိခံကြရပြီး ကမ္ဘာတစ်ခွင် ဝရုန်းသုန်းကား အဖြစ်အပျက်များနှင့် ရင်ဆိုင်ကြရသည်။ လက်ရှိအခြေအနေတွင်မူ နိုင်ငံတိုင်းရှိ လူ့အဖွဲ့အစည်းတိုင်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းများကို ဦးစားပေး၍ ရှိသမျှ အရင်းအမြစ်များကို ပုံအောကာ တိုက်ပွဲဝင်နေကြရသလို ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလတွင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ပြန်လည်ထူထောင်ရေးတို့အတွက် ကြိုတင်မျှော်တွေး ဆောင်ရွက်နေကြရသည်ကို တွေ့မြင်နေရသည်။

မိမိတို့နိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို တစ်မျိုးသားလုံး၏ စုပေါင်းအင်အားဖြင့် ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲလျက်ရှိသလို အောင်မြင်မှုများ ရရှိမည်ဟူ၍လည်း ယုံကြည်သည်။ တစ်မျိုးသားလုံး၏ စုပေါင်းအင်အားသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုတွင်သာမက ကိုဗစ်-၁၉ အလွန် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးတို့ ပြန်လည်ဦးမော့ တည်ငြိမ်ရေးတို့အထိ ဆက်လက်ဆောင်ကြဉ်းသွားနိုင်မည်ဟူ၍လည်း ရှုမျှော်မိသည်။

တစ်ဖက်တွင်လည်း လက်ရှိကာလသည် မိမိတို့နိုင်ငံအတွက် မိုးကြိုကာလဖြစ်သည်ကို မမေ့မလျော့ရှိဖို့ လိုအပ်မည်ဖြစ်သည်။ နိုင်ငံ၏ ဒေသအသီးသီးတွင် နေ့အပူချိန်များ မြင့်မားနေမှုနှင့်အတူ မိုးကြိုကာလ၏ သဘာဝအတိုင်း လေထုမငြိမ်မသက်ဖြစ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ လျှပ်လက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းနှင့် မိုးကြိုကာလ မုန်တိုင်းများ ဖြစ်ပေါ်ခြင်း၊ မုန်တိုင်းမိုးနှင့်အတူ ဖြစ်ပေါ်လေ့ရှိသည့် တောင်ကျရေ ကျဆင်းခြင်း၊ ရုတ်တရက် ရေကြီးခြင်း၊ မြေပြို၊ တောင်ပြိုခြင်း စသည်တို့မှာ မိုးကြိုကာလများတွင် ဖြစ်ပေါ်လေ့ရှိသော ရာသီဥတုဖြစ်စဉ်များ ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်များလည်း ဖြစ်သည်။ ကူးစက်ရောဂါ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ဆောင်ရွက်နေစဉ်မှာပင် နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသည့် ရာသီဥတုဆိုင်ရာ သဘာဝဘေးကိုပါ မမေ့မလျော့ ထည့်သွင်းစဉ်းစားရန်၊ ကြိုတင်မျှော်တွေးစီမံကြရန်ပင်ဖြစ်သည်။

ကူးစက်ရောဂါသည် လည်းကောင်း၊ လွန်ကဲရာသီဥတုဖြစ်စဉ်များသည် လည်းကောင်း သဘာဝဘေးအန္တရာယ်များပင်ဖြစ်ပြီး ကြိုတင်မျှော်တွေးကာ စီမံခန့်ခွဲခြင်းအားဖြင့် ထိခိုက်ဆုံးရှုံးမှုကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်သည်သာ ဖြစ်သည်။ မည်သို့သောဘေးအန္တရာယ်မျိုးကိုမဆို ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုကိုရယူကာ စုပေါင်းအင်အားဖြင့် အနိုင်ယူနိုင်မည်သာ ဖြစ်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## လမ်းမတော်မြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတွက် ပဉ္စမအကြိမ်မြောက် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် UMFCCI မှ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နှင့် ကုသရေးလုပ်ငန်းစဉ်များအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ မတည်လှူဒါန်းထားသော ရန်ပုံငွေသို့ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များမှ ပဉ္စမအကြိမ်မြောက် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က အသင်းချုပ်၌ ကျင်းပခဲ့သည်။ (ဓာတ်ပုံ)




လှူဒါန်းပွဲသို့ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်နှင့် အဖွဲ့ဝင်များက အလှူငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် လူသုံးကုန်များ အစရှိသည်တို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

အခမ်းအနားတွင် အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အမှာစကားပြောကြားပြီး အလှူရှင်များမှ ပေးအပ်သည့် အလှူငွေနှင့် အလှူပစ္စည်းများ လက်ခံရယူ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက် ဒေါက်တာမြဟန် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်) ကလည်း အလှူရှင်များအားလုံးကိုယ်စား လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က ရန်ပုံငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

## မိဘပင်စင်စားများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာထုတ်ယူခြင်းများကို လစဉ်ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန်မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့် ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် ပင်စင်လစာငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထည့်သွင်း၍ လိုအပ်ချိန်တွင် အဆိုပါငွေစာရင်းမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Myanmar Mobile Money(MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍လည်းကောင်း နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ပင်စင်စားများသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ မိဘပင်စင်စားများအနေဖြင့် Coronavirus Disease 2019 (COVID-19)ကူးစက်ရောဂါအား ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်များတွင် မိမိတို့၏ ပင်စင်လစာငွေများကို လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင်လည်း ထုတ်ယူခြင်းဖြင့်လည်းကောင်း Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ဖြင့် လွယ်ကူအဆင်ပြေစွာ ထုတ်ယူကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်၍ စိတ်လူမှုပိုင်းဆိုင်ရာအထောက်အပံ့ပေးခြင်း Online သင်တန်းတွင် အမှာစကားပြောကြား

နေပြည်တော် မေ ၅

**Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine) နေရာများ၌ စိတ်ခတ်ရေးရာ မြှင့်တင်ပေးမှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် စိတ်လူမှုပိုင်းဆိုင်ရာ အထောက်အပံ့ပေးခြင်းနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်ခြင်းများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ Online သင်တန်းကို ယနေ့ နံနက်ပိုင်းက Video Conference ဖြင့် ဆောင်ရွက်သည်။**

- **လုပ်ငန်းတာဝန်များထဲတွင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်နေသူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများထဲမှ ရောဂါပိုးကူးစက်နေသူများနှင့် အနီးကပ်ထိတွေ့သူများအားလုံးကို ရောဂါလက္ခဏာပြသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ စုံစမ်းရှာဖွေဖော်ထုတ်၍ အမြန်ဆုံးစစ်ဆေးနိုင်ရေး၊ Quarantine လုပ်နိုင်ရေး ဆောင်ရွက်ရေး၊ Quarantine ဆောင်ရွက်ရာတွင် လိုအပ်သည့် စားနပ်ရိက္ခာ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးရေးလုပ်ငန်းစဉ်များ ပါဝင်**
- **ကာကွယ်၊ ထိန်းချုပ်မှုများကို ဆောင်ရွက်စဉ် စိတ်လူမှုပိုင်းဆိုင်ရာ ထောက်ပံ့ပေးခြင်းနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေး အသိပညာပေးရန်နှင့် ကာကွယ်စောင့်ရှောက်မှုများ စနစ်တကျရရှိစေရန် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ အစိုးရက ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိကြောင်း၊ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို မတ် ၁၃ ရက်မှ စတင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန် (၇) ရပ်တွင် ပြည်သူလူထုများအား အသိပညာပေးရေး၊ လိုအပ်သော ညွှန်ကြားချက်နှင့် ပန်ကြားချက်များထုတ်ပြန်ရေး ပါဝင်ပါကြောင်း။

### လျင်မြန်စွာကူးစက်နိုင်

ထို့အပြင် Coronavirus Disease 2019 (COVID –19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို မတ်လ ၃၀ ရက်နေ့က ထပ်မံဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းတာဝန်များထဲတွင် ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်နေသူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများထဲမှ ရောဂါပိုးကူးစက်နေသူများနှင့် အနီးကပ်ထိတွေ့သူများအားလုံးကို ရောဂါလက္ခဏာပြသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ စုံစမ်းရှာဖွေဖော်ထုတ်၍ အမြန်ဆုံးစစ်ဆေးနိုင်ရေး၊ Quarantine လုပ်နိုင်ရေးဆောင်ရွက်ရေး၊ Quarantine ဆောင်ရွက်ရာတွင် လိုအပ်သည့် စားနပ်ရိက္ခာ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးရေးလုပ်ငန်းစဉ်များ ပါဝင်ကြောင်း၊ အဆိုပါကော်မတီ (၂) ခုလုံးတွင် မိမိတို့ဝန်ကြီးဌာနက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေးမှုများကို ရပ်ကွက်များ၊ ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် လှည့်လည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ယနေ့ online သင်တန်းမှ စတင်အကောင်အထည်ဖော်ကြမည်ဖြစ်ကြောင်း၊ အသိပညာပေးမှုနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုလုပ်ငန်းများသည် ဆက်စပ်ပါကြောင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါသည် လျင်မြန်စွာကူးစက်နိုင်သဖြင့် ကာကွယ်ထိန်းချုပ်မှုများကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်ရသည်ဖြစ်ရာ လူသားတို့၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ခြိမ်းခြောက်လာရုံမျှမက လူသားတို့၏ နေ့စဉ်လူနေမှုဘဝနှင့် စိတ်ပိုင်းဆိုင်ရာများကို ရိုက်ခတ်သက်ရောက်လာမှုများ ရှိလာကြောင်း။

ထို့အပြင် ကာကွယ်၊ ထိန်းချုပ်မှုများကို ဆောင်ရွက်စဉ် စိတ်လူမှုပိုင်းဆိုင်ရာ ထောက်ပံ့ပေးခြင်းနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေး အသိပညာပေးရန်နှင့် ကာကွယ်စောင့်ရှောက်မှုများ စနစ်တကျရရှိစေရန် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဤသင်တန်းသည် ပြုလုပ်နေကျပုံစံနှင့်မတူဘဲ online စနစ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးတွင် ဖွင့်လှစ်ထားသော Nippon Foundation နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ICT Development Center မှ ကျွမ်းကျင်သူများက ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ပြီးကြသူများသည် စေတနာလုပ်အားရှင် (Volunteer) များနှင့် ပူးပေါင်းပြီး Quarantine နေရာများတွင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ခွဲများကို ဖွဲ့စည်းထားပြီးဖြစ်ရာ ထိုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ နှစ်သိမ့်ဆွေးနွေးမှုများ ဆောင်ရွက်ပေးရာတွင် ကိုယ်အမူအရာ၊ နှုတ်အမူအရာများ အရေးကြီးပါကြောင်း၊ ပြောဆိုဆက်သွယ်မှု ကျွမ်းကျင်မှုရှိရန်လည်း လေ့ကျင့်ကြရမည်ဖြစ်ကြောင်းနှင့် ယခုသင်တန်းသို့ တက်ရောက်ကြသူများအနေဖြင့် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရာတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

### ချိတ်ဆက်ကူညီဆောင်ရွက်

ထို့နောက် စိတ်လူမှုအားပေးထောက်ပံ့ခြင်းဘာသာရပ်ကို ပို့ချသင်ကြားပေးမည့် ဒေါက်တာအေးမြတ်လွင်က Online သင်တန်းတွင် Quarantine နေရာများ၌ ကိုဗစ်–၁၉ ရောဂါကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ စိတ်ဖိစီးမှုများ သက်သာစေရန်၊ ကျား၊ မအခြေပြု အကြမ်းဖက်မှုများ မဖြစ်ပေါ်စေရန်အတွက် အသိပညာပေးရန်နှင့် လိုအပ်သော ချိတ်ဆက်ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးရန် ရည်ရွယ်ချက်များဖြင့် ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်၌ ဖွဲ့စည်းထားသော ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ခွဲများသို့ လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရေးအတွက် အလွယ်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ထားကြောင်း၊ အဆိုပါအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်လည်း ဆက်သွယ်ရမည့်သူများနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ၊ တစ်ဦးချင်း နှစ်သိမ့်ဆွေးနွေးမှု လိုအပ်သူများအတွက်လည်း ယုံကြည်စိတ်ချစွာ ဆက်သွယ်ဆွေးနွေးနိုင်ရန် စီစဉ်ထားပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

### သုံးရက်ကြာသင်ကြားပေးမည်

အဆိုပါ Online သင်တန်းတွင် စိတ်လူမှုဆက်ဆံရေး အထောက်အပံ့ပေးခြင်းဆိုင်ရာ အခြေခံများ၊ စိတ်လူမှုဆက်ဆံရေးဆိုင်ရာ ဝန်ဆောင်မှုရစေရန် ပံ့ပိုးပေးခြင်း၊ မိမိကိုယ်ကိုယ် ဂရုစိုက်စောင့်ရှောက်ခြင်း၊ စိတ်ဖိစီးမှု၊ စိတ်ခံစားမှု တုံ့ပြန်ခြင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းများကို တယ်လီဖုန်းဖြင့် ဆွေးနွေးဖြေရှင်းဆောင်ရွက်ခြင်း သင်ခန်းစာများကို သုံးရက်ကြာ သင်ကြားပေးမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ သင်တန်းသား သင်တန်းသူဦးရေ ၈၀ တက်ရောက်သင်ကြားမည်ဖြစ်သည်။

သင်တန်းပြီးမြောက်ပါက စေတနာလုပ်အားရှင်များနှင့် ပူးပေါင်း၍ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine) နေရာများ၌ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရွှေဖုံးမှ*

ကော်မတီတစ်ရပ်ဖွဲ့စည်းလျက် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက် နံနက်ပိုင်းက ငါးသိုင်းချောင်းမြို့အဝင်နှင့် ကားဂိတ်နေရာများတွင် ခရီးသွားပြည်သူများအား အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ခြင်း၊ နေရပ်သို့ ပြန်လည်ရောက်ရှိလာသော ပြည်တွင်းခရီးသွားပြည်သူများအား သက်ဆိုင်ရာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ချိတ်ဆက်အသိပေးသတင်းပေးပို့စေခြင်း၊ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ခံယူစေခြင်း အစရှိသည့် လုပ်ငန်းများကို အဆက်မပြတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ငါးသိုင်းချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြည်ပပြန်များအတွက် နေရာကန့်သတ်စောင့်ကြည့်ရေးစင်တာကို မတ် ၂၄ ရက်တွင် စတင်ဖွင့်လှစ်၍ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ အဆိုပါစင်တာတွင် နေရာကန့်သတ်စောင့်ကြည့်မှုခံယူသူ ပြည်ပပြန် ၂၆ ဦးရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် နေရာကန့်သတ်စောင့်ကြည့်မှုခံယူလျက်ရှိရာ ယခုလက်ရှိအချိန်အထိ နေရာကန့်သတ်စောင့်ကြည့်မှုခံယူသူ ပြည်ပပြန်အားလုံး ကျန်းမာရေး ပုံမှန်ကောင်းမွန်လျက်ရှိနေကြောင်း သက်ဆိုင်ရာမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရှိရပြီး မေ ၅ ရက် နံနက်ပိုင်းက ငါးသိုင်းချောင်းအသင်း(ရန်ကုန်)မှ အဆိုပါနေရာကန့်သတ်စောင့်ကြည့်ရေးစင်တာအတွက် အလှူငွေကျပ် ၃၀၀၀၀၀ လာရောက်လှူဒါန်းပေးခဲ့ကာ ဒေသခံပြည်သူများကလည်း စောင့်ကြည့်ရေးစင်တာအတွက် နေ့စဉ်ပါဝင်လှူဒါန်းမှုများ ရှိနေကြောင်း၊ လတ်တလောအခြေအနေတွင် ငါးသိုင်းချောင်းမြို့၌ စည်ပင်သာယာမြို့မဈေး၊ အောင်ဆန်းရပ်ကွက်ဈေးများပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိနေကြောင်း၊ မြို့တွင်း ရှိ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များတွင် လူစုလူဝေးဖြစ်စေမည့် ဆိုင်ထိုင်စနစ်ကို ယာယီပိတ်သိမ်းထားပြီး ပါဆယ်ယူစနစ်ဖြင့်သာ ရောင်းချပေးလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာကော်မတီက ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

**စိုးမင်းဦး (ပြန်/ဆက်)**

### ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၅**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီနှင့် မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ အောင်လံမြို့၊ ဆင်ဖြူကျွန်းမြို့၊ တောင်ငူမြို့၊ ဘားအံမြို့နှင့် လှိုင်းဘွဲ့မြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းမှုအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လက်ခံရယူ

**ရန်ကုန် ဧပြီ ၅**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းမှုများအား လက်ခံခဲ့သည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေများ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

ရှေးဦးစွာ အလှူရှင်များကိုယ်စား မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးဇော်မိုးခိုင်၊ ကမ္ဘောဇဘဏ် လီမိတက်မှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်လင်းအောင်နှင့် မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က လှူဒါန်းရခြင်းအကြောင်းရင်းများကို ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် အလှူရှင်များ ယခုလှူဒါန်းသည့် အသက်ရှူစက် (Ventilator) များ၊ လူနာအခြေအနေစောင့်ကြည့်စက် (Patient Monitor)များနှင့် အခြားဆေးနှင့် ဆေးပစ္စည်းကိရိယာများသည် ကျန်းမာရေးဝန်ထမ်းများက လူနာများကို ပြုစုကုသရာတွင် ယခု COVID-19 လူနာများအတွက်သာမက နောင်ကာလများတွင် အထူးကြပ်မတ်ကုသဆောင်များ၌ ထားရှိကုသရမည့် အခြားလူနာများအတွက်လည်း များစွာအကျိုးပြုကာ အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါစက်ပစ္စည်းကိရိယာများကို အသုံးပြု၍ ဆရာဝန်များ၊ သူနာပြုများကိုလည်း လေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်၍ ရေတို ရေရှည် ကာလနှစ်ခုစလုံးအတွက် အကျိုးရှိမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ပါကြောင်း၊ လက်ခံရရှိသော ငွေကြေး၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို လိုအပ်သောနေရာများတွင် ထိရောက်အကျိုးရှိစွာ စနစ်တကျသုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများကြောင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ဆေးနှင့် ဆေးပစ္စည်းများ လုံလောက်စွာ အသုံးပြု ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်တို့က လှူဒါန်းမှုအား လက်ခံခဲ့ကြပြီး အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါ လှူဒါန်းပွဲ၌ အလှူရှင် ၁၉၂ ဦးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ လှူဒါန်းငွေ ၂၁၂,၃၂၅,၀၀၀ ကျပ် (ကျပ် နှစ်ထောင့်တစ်ရာ နှစ်ဆယ့်သုံးသိန်း နှစ်သောင်း ငါးထောင်)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကျပ် ၂,၈၁၁,၅၇၅,၀၅၀ သိန်း (ကျပ် နှစ်သောင်း ကိုးထောင့် တစ်ရာ တစ်ဆယ့်ငါးသိန်း ခုနစ်သိန်း ငါးသောင်း ငါးထောင်) နှင့် US$ ၁၅,၀၀၀ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ လက်ခံရရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ ငွေကျပ် ၇၂၈,၅၀၂,၀၀၀ (ကျပ် ခုနစ်ထောင့်နှစ်ရာ ကိုးဆယ့်ငါးသိန်းကျော်) တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ၊ Quarantine Center များတွင် အသုံးပြုရန်အတွက် အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ကုန်များ လက်ခံရရှိခဲ့သည်။

သတင်းစဉ်

---

# မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်(ပန်းဆိုးတန်း-ဒလ)နှင့် ဝါးတန်း-ဒလ ကူးတို့လမ်းတို့အား ခေါက်ရေလျှော့ဆွဲမည်

**ရန်ကုန် ဧပြီ ၅**

မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော် ရုံးပိတ်ရက်ကာလအတွင်း၌ ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ရေယာဉ် ချယ်ရီသင်္ဘောများအပါအဝင် ဝါးတန်း-ဒလ ကားကူးဇက်ကူးတို့လမ်း၊ ရန်ကုန်-ခနောင်တို ကူးတို့လမ်း၊ ရွှေလောင်း-မြေနု ကူးတို့လမ်းနှင့် ဝါးခယ်မ-ထော်ကန္တက် ကူးတို့လမ်းတို့ကို ခေါက်ရေလျှော့ ပြေးဆွဲသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ သိရသည်။

မြစ်ဝကျွန်းပေါ်ဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းမြင့်က "သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်းမှာ နေရပ်ပြန်ခရီးသွားပြည်သူတွေ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ဖို့ စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နှစ်သစ်ကူးရုံးပိတ်ရက် သင်္ကြန်အကြိုနေ့ကနေစပြီး နှစ်ဆန်းတစ်ရက်နေ့အထိ စုစုပေါင်း ခြောက်ရက်ကို မြစ်ဝကျွန်းပေါ်ဌာနခွဲ အောက်မှာရှိတဲ့ ကူးတို့လမ်းတွေကို ခေါက်ရေလျှော့ပြီး ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုပြေးဆွဲချိန်တွေမှာလည်း လက်မှတ်ရုံဝန်ထမ်းတွေနဲ့ သင်္ဘောဝန်ထမ်းတွေက ခရီးသည်တွေ ဘေးကင်းလုံခြုံရေးအတွက် ကူညီပေးသွားမှာပါ။ ကျန်းမာရေးဝန်ဆောင်မှုအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လက်ကိုင်အသံချဲ့စက်နဲ့ နေ့စဉ် အသိပညာပေးပြီး ဆေးဖျန်းခြင်းကို ပုံမှန်ဆောင်ရွက်ပေးပါတယ်။ သင်္ဘောအပေါ်ထပ် ခရီးသည်ခုံတန်းတွေနဲ့ ထိုင်ခုံတွေကိုလည်း သုံးပေစီခြားပြီး သတ်မှတ်စီစဉ်ထားပါတယ်။ လက်ဆေးစင်များကိုလည်း သင်္ဘောဆိပ် လက်မှတ်ရုံအတွင်းနဲ့ ဝင်ပေါက်တွေမှာ ထားရှိဆောင်ရွက်ပေးထားပါတယ်" ဟု ပြောသည်။



မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ဧပြီ ၁၂ ရက်မှ စတင်ပြီး ၁၇ ရက်အထိ ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ကမ်းအနေဖြင့် မူလ ၄၆ ခေါက် ပြေးဆွဲပေးရာမှ ခေါက်ရေ ၂၆ ခေါက်နှုန်း၊ ရန်ကုန်(ဝါးတန်း-ဒလ) ကားကူးဇက်ရေယာဉ်များအနေဖြင့် ကုန်စည်နှင့် မော်တော်ယာဉ်အမျိုးမျိုးတို့ကို သယ်ယူပို့ဆောင်ပေးလျက်ရှိရာ ယခင်အခေါက်ရေ ၁၅ ခေါက်ပြေးဆွဲပေးရာမှ ခေါက်ရေ ခြောက်ခေါက်နှုန်း၊ ရန်ကုန်-ခနောင်တို ကူးတို့လမ်းတွင် မူလခြောက်ခေါက်ပြေးဆွဲရာမှ လေးခေါက်နှုန်းပြေးဆွဲခြင်း၊ ရွှေလောင်း-မြေနု ကူးတို့လမ်းတွင် မူလ ၁၀ ခေါက် ပြေးဆွဲရာမှ ရှစ်ခေါက်နှုန်း ပြေးဆွဲခြင်း၊ ဝါးခယ်မ-ထော်ကန္တက် ကူးတို့လမ်းတွင် မူလ ၁၂ ခေါက်ပြေးဆွဲရာမှ ၁၀ ခေါက်နှုန်းသို့ အသီးသီး လျှော့၍ ပြေးဆွဲပို့ဆောင်ပေးသွားမည်ဖြစ်သည်။ သင်္ဘောခရီးစဉ်များ ပိတ်မည်၊ ရပ်နားမည်ဆိုသောသတင်းမှာ ကောလာဟလသာဖြစ်သည်။

ထို့အတူ ရန်ကုန်-ကျုံမငေး ခရီးလမ်းအား ဧပြီ ၁၁ ရက်နှင့် ၁၈ ရက် ရန်ကုန်အထွက်သည် မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်၍ ခရီးလမ်းပြေးဆွဲခြင်းမပြုဘဲ ဧပြီ ၂၅ ရက်တွင် မူလခရီးစဉ်အတိုင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်-ကြာကန် ခရီးလမ်းအား ဧပြီ ၉ ရက်နှင့် ၁၆ ရက် ရန်ကုန်အထွက်သည် မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်၍ ခရီးလမ်းပြေးဆွဲခြင်းမပြုဘဲ ဧပြီ ၂၃ ရက်တွင် မူလခရီးစဉ်အတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများစွာတို့ကို ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောခရီးစဉ်ဖြင့်လည်းကောင်း၊ ကုန်စည်နှင့် မော်တော်ယာဉ်အမျိုးမျိုးတို့ကို ရန်ကုန် (ဝါးတန်း-ဒလ) ကားကူးဇက်ရေယာဉ်များဖြင့် လည်းကောင်း၊ ရန်ကုန်-ခနောင်တို၊ ရွှေလောင်း-မြေနု၊ ဝါးခယ်မ-ထော်ကန္တက် စသည့် ကူးတို့လမ်းတို့၌ ပို့ဆောင်ပေးလျက်ရှိရာ နှစ်စဉ် နှစ်သစ်ကူးသင်္ကြန်ပွဲတော် ရုံးပိတ်ရက်ကာလအတွင်း၌ ခေါက်ရေလျှော့၍ ပြေးဆွဲပေးကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- နိုင်လင်းကျော် (ပြန်/ဆက်)**

---

# မုဒုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် ပိုးသတ်ဆေးဖျန်း

**မုဒုံ ဧပြီ ၅**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ ပြည်သူများ နေ့စဉ်သွားလာလှုပ်ရှားသည့် နေရာများ၊ မုဒုံမြို့နယ်အတွင်း လမ်းမကြီးများ၊ ရပ်ကွက်များအတွင်းရှိ လမ်းများ၌ ပိုးသတ်ဆေးဖျန်းခြင်း ဒုတိယနေ့ကို ယမန်နေ့ ည ၉ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆေးဖျန်းခြင်းကို မုဒုံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအထောက်အကူပြုအဖွဲ့၊ မော်လမြိုင်လူမှုကယ်ဆယ်ရေးအသင်း (ရာမည)၊ အရပ်ဘက်လူမှုရေးအသင်းများနှင့် ပရဟိတလူငယ်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **အောင်မျိုးသူ (ပြန်/ဆက်)**



# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်ကင်းစင်ပြီး ခိုင်မာသော ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးစံနှုန်းစံထားများနှင့်ကိုက်ညီပြီး နိုင်ငံတော်၏ ပကတိအခြေအနေများနှင့်ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ဇန်းမော်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အလှူရှင်များမှ အလှူငွေနှင့်အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

ဇန်းမော် မေ ၅

**ကချင်ပြည်နယ် ဇန်းမော်မြို့တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အလှူရှင်များက အလှူငွေနှင့်အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က ဇန်းမော်မြို့ စုပေါင်းရုံးကြီး၌ ကျင်းပသည်။**

အဆိုပါ လှူဒါန်းပွဲတွင် ဇန်းမော်ခရိုင် ပြည်သူ့ဆေးရုံကြီး၊ ဇန်းမော်မြို့ပေါ်ရှိ တိမ်းရှောင်စခန်းများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအတွက် နှာခေါင်းစည်း ၅၀၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၊ လက်ဖျန်းပိုးသတ်ဆေးဘူး ၁၂၀ နှင့် ငွေသားကျပ်သိန်း ၂၀ ကို ရွှေလီရှန်းမားကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်မြင့်နှင့် ဂရမ်းရဲထွဋ်ကုမ္ပဏီအထွေထွေမန်နေဂျာ ဦးသက်ထွန်းတို့က ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်တို့က လက်ခံယူကြသည်။

အလားတူ ဦးကျော်မင်းခိုင် + ဒေါ်သွဲ့လေးအောင် (ရွှေအိမ်စံပိုးထည်ဆိုင်–မိသားစု)က ဇန်းမော်ဆေးရုံသို့ ရောဂါကာကွယ်ရေးဝတ်စုံ ၅၀၊ နှာခေါင်းစည်း ၄၀၀၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၊ နှာခေါင်းစည်း ၁၀၀၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ နှာခေါင်းစည်း ၂၀၀၊ အပူချိန်တိုင်းစက် တစ်ခု၊ ခရိုင်မီးသတ်ဦးစီးဌာနသို့ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀ နှင့် နှာခေါင်းစည်း ၁၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၊ နှာခေါင်းစည်း ၁၀၀၊ မိုးမောက်ပြည်သူ့ဆေးရုံသို့ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၊ နှာခေါင်းစည်း ၂၀၀၊ မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ နှာခေါင်းစည်း ၁၀၀၊ မန်စီမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၊ နှာခေါင်းစည်း ၂၀၀၊ မန်စီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ နှာခေါင်းစည်း ၁၀၀၊ လွယ်ဂျယ်ပြည်သူ့ဆေးရုံသို့ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀ စုံနှင့် နှာခေါင်းစည်း ၁၀၀၊ နယ်မြေခံဆေးတပ်ရင်းသို့ ရောဂါကာကွယ်ရေးဝတ်စုံ ၃၀နှင့် နှာခေါင်းစည်း ၃၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိန်းဖြူ (ပြန်/ဆက်)



အလှူရှင်တစ်ဦးက ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ကုသရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

## မြဝတီမြို့ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများအတွက် ပြောင်းကုန်သည်များ မိသားစုများက ဆန်နှင့်စားဆီများလှူဒါန်း

**မြဝတီ မေ ၅**

ထိုင်းနိုင်ငံမှ ပြန်လာသူများအား ကိုဗစ်–၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကရင်ပြည်နယ် မြဝတီမြို့တွင် စီစဉ်ထားသော ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ကန့်သတ်စောင့်ကြည့်လျက်ရှိရာ အဆိုပါစခန်းများရှိ နေရပ်ပြန်များ စားသောက်ရေးအတွက် မြဝတီမြို့ရှိ လူမှုအဖွဲ့အစည်းများနှင့်စေတနာရှင်ပြည်သူများက လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ဦးပြည့်ဖြိုးအောင် ဦးဆောင်သော ပြောင်းကုန်သည်များ မိသားစုများက ဆန်အိတ်များနှင့် စားသုံးဆီများအား ယနေ့ ည ၇ နာရီက မြဝတီမြို့ အထက ၁ စခန်းသို့ ၂၄ ပြည်ဝင် ဆန်အိတ် ၃၀ နှင့် ၁၀ ပိဿာ ဆီပုံး ၁၀ ပုံးအား လာရောက်လှူဒါန်းရာ အထက (၁) စခန်းတာဝန်ခံ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက လက်ခံယူသည်။ (ဓါတ်ပုံ)



အလားတူ အဆိုပါ အလှူရှင်အဖွဲ့သည် လေးကေ့ကော်စခန်းအတွက် ၂၄ ပြည်ဝင် ဆန်အိတ် ၃၀ နှင့် ၁၀ ပိဿာ ဆီပုံး၁၀ ပုံး၊ ရွှေမြဝတီစခန်းအတွက် ၂၄ ပြည်ဝင် ဆန်အိတ် ၃၀ နှင့် ၁၀ပိဿာ ဆီပုံး ၁၀ ပုံးတို့အား သွားရောက်လှူဒါန်းခဲ့ရာ စုစုပေါင်း ဆန်အိတ် ၉၀၊ ဆီပုံး ၃၀ ပုံးတို့အတွက် ခန့်မှန်း တန်ဖိုးငွေကျပ် ၄၃ သိန်း ကျော်ခန့် ရှိကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## ကိုဗစ် - ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေး YBS ယာဉ်လိုင်းများ ပူးပေါင်းပါဝင်ဆောင်ရွက်

**ရန်ကုန် မေ ၅**

ရန်ကုန်မြို့နေပြည်သူများ ခရီးသွားလာရာတွင် အသုံးပြုနေသည့် YBS ယာဉ်လိုင်းများတွင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ ( YRTA ) ထံမှ သိရသည်။

YBS ယာဉ်လိုင်းများ စီးနင်းသည့် ခရီးသည်များအတွက် ယာဉ်လိုင်းပေါ်တွင် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ လက်သန့်ဆေးရည်ဘူးပေးခြင်း၊ လက်သန့်ဆေးရည်ဘူးထားရှိခြင်း၊ ကားဂိတ်ရထားဂိတ်များတွင် လက်ဆေးကန်ထားရှိခြင်း၊ ယာဉ်ပေါ်တွင် ပိုးသတ်ဆေးရည်ဖျန်းခြင်း၊ လက်ကိုင်ကွင်းများကို ဒက်တောစက်တောကဲ့သို့ ဆေးရည်များ အသုံးပြုပြီး စနစ်တကျ သုတ်လိမ်းခြင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့( YRTA )၊ YBS ယာဉ်လိုင်းကုမ္ပဏီများ၊ ယာဉ်လိုင်းတာဝန်ခံများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဉ်လိုင်းပေါ်တွင် လက်သန့်ဆေးရည်ဘူးကို ယာဉ်လိုင်း၏ အတက်(ဝင်ပေါက်) နေရာတွင် ထားရှိပြီး ခရီးသည်အနေဖြင့် ယာဉ်ပေါ်အတက်တွင် လက်သန့်ဆေးရည် သုတ်လိမ်းပြီးမှသာ စီးနင်းကြရမည်ဖြစ်သည်။ YBS ယာဉ်လိုင်းများ၏ ဂိတ်ရင်းယာဉ်ရပ်နားချိန် ယာဉ်ပေါ်တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်ပုံးထားရှိပြီး စနစ်တကျအမှိုက်စွန့်ပစ်ခြင်းတို့ကို ယခင်ကတည်းက လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့်အချက်များကို ယာဉ်လိုင်းဂိတ်များနှင့် ယာဉ်ပေါ်တွင် စတစ်ကာကပ်ပြီး အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**အောင်သူရ**

## မန္တလေး၌ စက်ဘီးချစ်သူများအဖွဲ့ ပရဟိတအသင်းမှ လက်သန့်ဆေးနှင့် နှာခေါင်းစည်းများ ဖြန့်ဝေ

**မန္တလေး မေ ၅** – မန္တလေး စက်ဘီးချစ်သူများအဖွဲ့ ပရဟိတအသင်းမှ ဦးဆောင်ကာ ခရီးသွားပြည်သူများကို လက်သန့်ဆေးရည်များနှင့် နှာခေါင်းစည်းများ မျှဝေခြင်း အစီအစဉ်အဖြစ် ယနေ့တွင် ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်းနှင့် ၅၅ လမ်း မီးပွိုင့်အနီးတွင် မျှဝေခဲ့ကြသည်။

“ကျွန်တော်တို့ ဒီနေရာမှာ ဒုတိယအကြိမ်မြောက်လှူဒါန်းတာပါ။ ကိုဗစ် – ၁၉ ရောဂါကို ကာကွယ်ရာမှာတော့ လက်ဆေးခြင်းနဲ့ နှာခေါင်းစည်း တပ်ခြင်းကအရေးကြီးပါတယ်။ လက်သန့်ဆေးကိုတော့ အလုပ်သွား အလုပ်ပြန်တွေအတွက် မိမိတို့အလုပ်ခွင်မှာ သုံးလို့ရအောင် ဗိုင်းရပ်စ်ကူးစက်မှုမဖြစ်အောင် ကာကွယ်ဖို့ တကယ်လိုအပ်တဲ့နေရာတွေမှာ ဝေပါတယ်။ အလှူရှင်တွေရဲ့ စုပေါင်းမှုနဲ့ MBA က လှူဒါန်းပေးတာဖြစ်ပြီး မန္တလေးက နေရာလေးခုမှာ တစ်နေရာကို လက်သန့်ဆေးရည်ဘူး ၆၀၀ လောက် ဝေပေးပါတယ်”ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက ပြောသည်။

အဆိုပါပရဟိတအသင်းမှ မန္တလေးခရိုင်အတွင်း ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ကျုံးဘေးအပါအဝင် လေးနေရာတွင် လက်သန့်ဆေးရည်ဘူး ၂၅၀၀ခန့် ဝေခဲ့ကြောင်း သိရသည်။

**ဝေဖြိုးအောင်**

# အမှိုက်များကို စနစ်တကျ စွန့်ပစ်ကာ၊ အကျိုးရှိစွာ ပြန်လည်အသုံးပြုကြပါစို့

နိုင်ဦး (DOCA)

ကျွန်တော်ငယ်ငယ်က အဘွားဖြစ်သူက ပြောခဲ့ဖူးသည်။ "တစ်လုပ်စားဖူး သူ့ကျေးဇူး၊ အထူးသိတတ်ပါစေ" ဟု ဆုံးမခဲ့ဖူးသည်။ မိမိအခက်အခဲဖြစ်နေချိန် တစ်ပါးသူမှ ရေလေးတစ်ခွက်၊ ထမင်းလေးတစ်လုပ်၊ သစ်သီးလေး တစ်ကိုက် ကူညီခဲ့ဖူးပါက ထိုသူအား ကျေးဇူးပြန်ဆပ်နိုင်ရေး အစဉ်အမြဲကြိုးစားနေရမည်ဟု ပြောပြခဲ့ဖူးပါသည်။ သို့သော် ကမ္ဘာသူ ကမ္ဘာသားများ သည် ကမ္ဘာမြေကပေးအပ်သော သန့်စင်သောလေ၊ ကြည်လင်သောရေ၊ အာဟာရပြည့်ဝသော မြေဆီမြေနှစ်များကို အလကားလောက်နီးပါး ရရှိနေပါလျက် ကမ္ဘာဂြိုဟ်အား ကျေးဇူးတင်ရကောင်းမှန်းမသိ၊ ကမ္ဘာ့လေထု၊ရေထု၊ မြေထုတို့ကို ပျက်စီးစေသည့် အမှိုက်မျိုးစုံကို ကျေးဇူးကန်းစွာ တစ်နှစ်တစ်နှစ်တန်ချိန်ပေါင်း သန်း ၃၀၀၀ ခန့် စွန့်ပစ်နေကြသည်။

### ကမ္ဘာမြေကြီး နေမကောင်းဖြစ်နေပြီ

လွန်ခဲ့တဲ့နှစ် ၃၀ လောက်က ဘာသာပြန်ကဗျာလေး တစ်ပုဒ်ကို ဖတ်ခဲ့ဖူးတယ်။ ကဗျာရဲ့ခေါင်းစဉ်က "မြေကမ္ဘာ၏ဆုတောင်း" တဲ့။ ကဗျာမှာ ဖော်ပြထားတာကတော့ ငါမကျန်းမာဘူး၊ ကမ္ဘာသားတွေစွန့်ပစ်တဲ့အမှိုက်တွေကြောင့် ညစ်ပတ်နေပြီ၊ ငါ့မြေကထွက်တဲ့ အန္တရာယ်ကင်းတဲ့ စားစရာတွေကို ပေးချင်ပါတယ်။ ဒါပေမယ့် အဲဒီအစား အန္တရာယ်ရှိတဲ့ အစားအစာတွေကိုသာ ကမ္ဘာသားတွေကို ပေးနေမိလို့ ငါဝမ်းနည်းတယ်။ ကမ္ဘာသားတွေအတွက် သန့်ရှင်းစင်ကြယ်တဲ့ ရှူစရာလေတွေကို ငါပေးချင်တယ်။ ဒါပေမယ့် ကမ္ဘာသားတွေစွန့်ပစ်တဲ့ အမှိုက်တွေကနေထွက်လာတဲ့ အဆိပ်ငွေ့တွေ၊ စက်ရုံ၊ အလုပ်ရုံတွေကနေ ထုတ်လွှတ်နေတဲ့ ဓာတုအနံ့တွေကြောင့် ငါမကျန်းမာဘူး၊ ဒါ့ကြောင့် မသန့်စင်တဲ့လေတွေကို ရှူရှိုက်ဖို့ပေးနေရတဲ့အတွက် ငါစိတ်မကောင်းဘူး။ ကမ္ဘာသားတွေကို ငါကြည်လင်အေးမြတဲ့ သောက်စရာရေတွေကို ပေးချင်ပါတယ်။ ဒါပေမယ့် ကမ္ဘာသားတွေစွန့်ပစ်တဲ့ အမှိုက်တွေကြောင့် ငါမကျန်းမာဘူး။ ဒါ့ကြောင့် အဆိပ်သင့်နေတဲ့ရေတွေကို သောက်ဖို့ပေးနေရတဲ့အတွက် ငါစိတ်မကောင်းဘူး။ ငါကျန်းမာရေးမကောင်းတာကြာပြီ။ ကမ္ဘာသားတွေ သန့်စင်တဲ့မြေကထွက်တဲ့ သန့်ရှင်းတဲ့ အစားအစာတွေစားနိုင်ဖို့၊ ကြည်လင်အေးမြတဲ့လေတွေကို ရှူနိုင်ဖို့၊ အေးမြတဲ့ရေတွေသောက်နိုင်ဖို့ ငါ့ကို ကျန်းမာရေးကောင်းအောင် ဆေးကုပေးကြပါလား။ အထူးသဖြင့် အမှိုက်မပစ်တဲ့ဆေးတွေနဲ့ အားလုံးကုသပေးကြရင် ငါကျန်းမာလာမယ်ထင်ပါတယ်။ အဲဒီလိုကုသပေးနိုင်ကြပါစေလို့ ငါဆုတောင်းနေပါတယ်။ မကုသပေးကြရင်တော့ ငါသေဆုံးရပါလိမ့်မယ်တဲ့။ အဲဒီအချိန်ကမ္ဘာသားတွေလည်း ရှိကြတော့မှာမဟုတ်ဘူးတဲ့လေ။ လူသားတွေ နေ့စဉ်စွန့်ပစ်တဲ့ အလွယ်တကူမပျက်စီး၊ မဆွေးမြည့်တဲ့ အမှိုက်တွေကြောင့် မြေကမ္ဘာကြီး အဆိပ်သင့်နေပြီ။ လေထဲ၊ ရေထဲမှာ အဆိပ်တွေရောက်နေပြီ။ သန့်စင်သော မြေ၊ ကြည်လင်တဲ့ရေတွေကို မရရှိတော့ သက်ရှိတွေ သေဆုံးသွားကြမယ်။ နောက်ဆုံးကမ္ဘာကြီးလည်း သေဆုံးသွားမယ်။ အမှိုက်တွေကို စည်းကမ်းမဲ့ အလွယ်တကူ မပစ်ကြဖို့ တိုက်တွန်းထားတာလို့ ထင်မိတာပဲ။

အစတုန်းက အမှိုက်ဆိုတာ စွန့်ပစ်ထားတဲ့ အမှိုက် တစ်မျိုးတည်း ရှိတယ်ထင်ခဲ့တယ်။ အလွန်ဆုံးရှိမှ အမှိုက်စို၊ အမှိုက်ခြောက်နှစ်မျိုးပေါ့ ။ စည်ပင်သာယာရေး ဝန်ထမ်းတစ်ဦးနဲ့ တွေ့တော့မှ မြန်မာနိုင်ငံမှာ အမှိုက်အမျိုးအစားပေါင်းများစွာရှိကြောင်း သိရတော့တယ်။ ဘာတဲ့ အိမ်ထဲကနေထွက်တဲ့ အိမ်ထွက်အမှိုက်၊ လယ်တွေ၊ ယာတွေ၊ ခြံတွေကထွက်လာတဲ့ ခြံထွက်အမှိုက်၊ ဆေးရုံ၊ ဆေးခန်းတွေကထွက်တဲ့ ဆေးရုံ၊ ဆေးခန်းထွက်အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းတွေကထွက်တဲ့ တည်ဆောက်ရေးလုပ်ငန်းထွက်အမှိုက်၊ စီးပွားရေးလုပ်ငန်းတွေကထွက်တဲ့ စီးပွားရေးထွက်အမှိုက်၊ စက်ရုံ၊ အလုပ်ရုံတွေကထွက်တဲ့ စက်ရုံ၊ အလုပ်ရုံထွက် အမှိုက်၊ အညစ်အကြေးတွေ၊ တိရစ္ဆာန်အသေကောင်၊ နံစော်သည့် အရာများဖြစ်သည့် စက်ဆုပ်ဖွယ်အမှိုက်များ၊ ကားအပါအဝင်စက်ပစ္စည်းအစုတ်များဖြစ်သည့် တန်ဖိုးကြီးအမှိုက်များ စသည်ဖြင့်စုံလို့ပါပဲ။

သေချာသည်မှာ အဆိုပါအမှိုက်မျိုးစုံကြောင့် ကမ္ဘာ့လေထု၊ မြေထု၊ လေထုညစ်ညမ်းမှုတွေ ဖြစ်မှာတော့ အသေအချာပင်ဖြစ်ပေသည်။ မည်သည့်အမှိုက်ကိုဖြစ်စေ လက်ရှိတွင် မြေပေါ်တွင်သာစုပုံသည့်စနစ်ကိုသာ သုံးစွဲနေကြသည်ကို သတိပြုဆင်ခြင်စေချင်ပါသည်။ ထိုမြေပေါ်သို့ စွန့်ပစ်လိုက်သော အမှိုက်မျိုးစုံကို မြေကြီးကစုပ်ယူ၍ မြေအောက်ရေကို ညစ်ညမ်းသွားစေပါသည်။ ထိုရေသောက်သုံးသူများ ရောဂါမျိုးစုံဖြစ်ပွားနိုင်သည်။ အမှိုက်များကို စုပုံထားပါက ဖိအားကြောင့် မီသိန်းဓာတ်ငွေ့ဖြစ်လာပြီး မီးလောင်မှုများဖြစ်စေနိုင်သည်။ အဆိုပါဓာတ်ငွေ့သည် လေထဲသို့ရောက်သွားပြီး အိုဇုန်းလွှာကို ထိခိုက်စေပါသည်။ သဘာဝဖြစ်စဉ်များကို ကပြောင်းကပြန်ဖြစ်စေပါသည်။ မြေပေါ်တွင် ဒီအတိုင်းထားပါကလည်း ကြွက်၊ ခြင်၊ ယင်များပေါက်ဖွားကာ သဘာဝအလှအပများကို ဖျက်ဆီးရုံသာမက အနီးဝန်းကျင်ရှိ သက်ရှိများကို ရောဂါဘယများဖြန့်ဝေပေးနေသည်နှင့် တူနေပါသည်။ ထို့ကြောင့်ပင် အမှိုက်များကို လျှော့ချသုံးစွဲရေး၊ ပြန်လည်၍ အကြိမ်ကြိမ်သုံးစွဲရေး၊ ပြုပြင်ပြောင်းလဲ၍ အသုံးချရေးအတွက် နိုင်ငံတိုင်းလိုလိုတွင် ဆောင်ရွက်လျက်ရှိနေကြပါသည်။

### ကမ္ဘာ့နိုင်ငံတိုင်းအတွက် စိန်ခေါ်မှုသုံးမျိုး

ယနေ့ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် စိန်ခေါ်မှုသုံးမျိုးကို ရင်ဆိုင်နေကြရသည်။ ထိုစိန်ခေါ်မှု သုံးမျိုးမှာ အမှိုက်စွန့်ပစ်ရေးပြဿနာ၊ လျှပ်စစ်စွမ်းအင် လုံလောက်စွာရရှိရေးပြဿနာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြဿနာများဖြစ်သည်။ နိုင်ငံ၏စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးကိစ္စများနှင့် ပတ်သက်မှုမရှိ၍ အလေးထားမှုမရှိခဲ့သော်လည်း ယခုအချိန်အခါတွင်မူ အဓိက ပြဿနာများအဖြစ် ရင်ဆိုင်ဖြေရှင်းနေကြရပေသည်။ အဆိုပါပြဿနာသုံးမျိုး၏ စိန်ခေါ်မှုများကို အစိုးရများက ရေတို၊ ရေရှည်နည်းများကိုအသုံးပြု၍ ဖြေရှင်းလျက်ရှိကြရာ အမြန်ဆုံးနည်းလမ်းသည်ပင် နှစ်ပေါင်း ၃၀၀ ကျော် ကြာမှသာလျှင် အမှိုက်စွန့်ပစ်မှု ပြဿနာ၏ ၅၀ ရာခိုင်နှုန်းခန့်ကိုသာ ဖြေရှင်းနိုင်လိမ့်မည်ဟု ပညာရှင်များက ခန့်မှန်းကြသည်။

ယနေ့ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် ပလတ်စတစ် တန်ချိန်သန်း ၅၀၀ မှ တန်ချိန်သန်းပေါင်းတစ်သန်းအထိ ထုတ်လုပ်သုံးစွဲနေကြပြီး တစ်မိနစ်တိုင်းတွင် ပလတ်စတစ်အိတ်ပေါင်း တစ်သန်းနီးပါး သုံးစွဲစွန့်ပစ်နေကြကြောင်း၊ ယင်းပလတ်စတစ်အိတ်များထဲတွင် အများဆုံးပါဝင်သည့် ကြွပ်ကြွပ်အိတ်များကို မီးရှို့ဖျက်ဆီးလျှင် အီသိုင်လင်းအောက်ဆိုက်နှင့် ဒိုင်အောက်စင် စသည့် ဓာတ်ငွေ့များကို ထုတ်လွှတ်သည်။ ထိုဓာတ်ငွေ့များသည် လေထုညစ်ညမ်းမှုကို ဖြစ်စေသည့်အပြင် လူများ ရှူရှိုက်မိပါက လူတို့၏သွေးထဲသို့လည်းကောင်း၊ ဆီးထဲသို့လည်းကောင်း ရောက်ရှိကာ ကင်ဆာရောဂါမျိုးစုံကို ဖြစ်စေသည်။ လူတို့ နေ့စဉ်မစဉ်းစား မဆင်ခြင်ဘဲ ပေါ့ပါး လွတ်လပ်စွာသုံးစွဲ စွန့်ပစ်လျက်ရှိသော ကြွပ်ကြွပ်အိတ်များတွင် ခဲဓာတ်တွေ၊ အဆိပ်ဓာတ်တွေ၊ ဓာတုအရောင်ဆိုးဆေးတွေကြောင့် ထုတ်လုပ်ရ လွယ်ကူသလောက် စတင်သုံးစွဲကတည်းက အဆိပ်ပစ္စည်းကို ရယူလိုက်သကဲ့သို့ဖြစ်နေသည်ကို သတိပြုမိသူ လွန်စွာရှားသည်။ လူသားများသည် ချက်ချင်းသေစေနိုင်သည့် အဆိပ်များကို ကြောက်ရွံ့ထိတ်လန့်ကြသော်လည်း တဖြည်းဖြည်း ရောဂါဖြစ်၊ ဆေးကု၊ သေဆုံးရခြင်းကိုမူ နောင်ခါလာ နောင်ခါချေးဟု သဘောထားကာ မဆင်မခြင်သုံးစွဲနေကြသည်ကို တွေ့မြင်နေရ၍ စိတ်မသက်မသာဖြစ်မိသည်။

ယခင်နှစ်များစွာက အမှိုက်များကို မြေကျင်းတူး၍ မြှုပ်နှံခြင်း၊ စုပုံဆွေးမြည့်စေသောနည်း၊ မီးရှို့သော နည်းများကိုအသုံးပြု၍ လွယ်ကူစွာဖြေရှင်းခဲ့သည်။ ကမ္ဘာမြေထုကို အာဟာရဓာတ်များပေးခဲ့သလိုပင်ဖြစ်ခဲ့သည်။ လေထု၊ ရေထုများကိုလည်း အကျိုးပြုသန့်စင်စေခဲ့သည်။ အမှိုက်များသည်လည်း လွယ်ကူစွာ ဆွေးမြည့်နိုင်သည့် အမှိုက်များဖြစ်၍ မြေကြီးထဲသို့ အလွယ်တကူ ပျော်ဝင်သွားကြသည်။ ဈေးဝယ်ရာတွင် များသောအားဖြင့် သဘာဝထွက်ကုန်ပစ္စည်းများဖြစ်သည့် သစ်ရွက်၊ သတင်းစာစက္ကူများသာဖြစ်ခဲ့သည်။ ပစ္စည်းများထည့်ရန် ကြိမ်ခြင်းတောင်း၊ ဝါးခြင်းတောင်း၊ ဂုန်နီအိတ်များဖြင့်သာ အသုံးပြုခဲ့ကြသဖြင့် သဘာဝဂေဟစနစ်ကို အပြန်အလှန်အကျိုးပြုခဲ့ကြသည်။ ခေတ်မီတိုးတက်မှုမရှိသေး၍လည်း ဖြစ်ပေမည်။

### သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ပလတ်စတစ်သုံးစွဲမှု

ယနေ့အချိန်အခါတွင်မူ ခေတ်မီတိုးတက်မှုအရှိန်သည် မနေ့ကနှင့် ဒီနေ့မတူတော့သလို အရှိန်အဟုန်ပြင်းထန်လှသည်။ အပြိုင်အဆိုင်သုတေသနများ ပြုလုပ်ကာ ဈေးကွက်များသို့ အပြိုင်အဆိုင်တင်ပို့နိုင်ရေး ကြိုးစားနေကြသည်။ စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့် အရေးသုံးပါးကြားတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အလေးထားမှုနည်းလာကြသည်။သဘာဝ၏ တန်ပြန်သက်ရောက်လာမည့် ဘေးကို ကြိုတင်မျှော်တွေး၊ သတိထားရမည်မှန်းမေ့လာကြသည်။ ခေတ်မီဖွံ့ဖြိုး တိုးတက်မှုများ၏ ပြယုဂ်များအနက် ပလတ်စတစ်ထုတ်လုပ်သည့် နည်းပညာတွေ၊ ဖိုက်ဘာထုတ်လုပ်တဲ့နည်းပညာများသည် သဘာဝပတ်ဝန်းကျင်ကို လက်ရှိတွင် အများဆုံး ထိခိုက်လျက်ရှိသော နည်းပညာများဖြစ်သည်။ ထုတ်လုပ်ရလွယ်ကူခြင်း၊ ခိုင်ခံ့ပေါ့ပါးခြင်း၊ သယ်ဆောင်ရလွယ်ကူခြင်းများကြောင့် ကမ္ဘာအနှံ့အပြားတွင် လူကြိုက်များ သုံးစွဲလာကြသဖြင့် တီထွင်ထုတ်လုပ်သူများ အကျိုးအမြတ်ကြီးမားစွာ ရရှိခဲ့သော်လည်း ထိုတီထွင်ထုတ်လုပ်ခဲ့သော ပလတ်စတစ်မျိုးစုံ၊ ဖိုက်ဘာပစ္စည်းမျိုးစုံတို့၏ စွန့်ပစ်ပစ္စည်းများသည် ကမ္ဘာ့အနှံ့ ဒေသအများအပြားတွင် ကြည့်မကောင်းစွာ ပျံ့နှံ့သွားပေသည်။ ကမ္ဘာ့မြေထုကို ကောင်းကျိုးမပေး၊ လေထုကိုညစ်ညမ်း၊ ရေထုကို ညစ်ပတ်စေခဲ့ပြီဖြစ်သည်။ ထိုပစ္စည်းများ ပျက်စီးဆွေးမြည့်ရန် နှစ်ပေါင်းထောင်ချီကြမည်ဟု သိရှိရသဖြင့် ကြောက်လန့်မိသည်။ ထိုပလတ်စတစ်များအစား လွယ်လွယ်ကူကူပျက်စီးဆွေးမြည့်ကာ ကမ္ဘာ့မြေထု၊ လေထု၊ ရေထုကို အကျိုးပြုနိုင်မည့်ပစ္စည်းတွေ တီထွင်ထုတ်လုပ်အောင်မြင်ပါစေလို့ ဆုတောင်းမိပါသည်။

ညအခါကောင်းကင်ပေါ်ကို ကြည့်လိုက်ရင် မြင်တွေ့နေရတဲ့ မှိတ်တုတ်မှိတ်တုတ် ကြယ်လေးတွေဟာ တစ်ချိန်က ဂြိုဟ်တွေတဲ့၊ လွန်ခဲ့တဲ့နှစ်သန်းပေါင်း ၄၀၀၀ လောက်က ကျွန်တော်တို့ မြေကမ္ဘာလိုပဲ၊ မြေဆီ၊ မြေနှစ်ကောင်းမွန်တဲ့မြေ၊ သန့်စင်တဲ့လေ၊ စင်ကြယ်တဲ့ ရေ၊ သစ်ပင်တောတောင်တွေနဲ့ ဂေဟစနစ် မျှတစွာရှိနေခဲ့လို့ သာယာလှပတဲ့ ကမ္ဘာတွေတဲ့။ လူတွေရဲ့ ဒေါသတွေ၊ အတ္တတွေ၊ စည်းကမ်းမဲ့မှုတွေ၊ အနိုင်ရလိုမှုတွေကြောင့်၊ စည်းကမ်းမဲ့ အမှိုက်တွေစွန့်ပစ်တယ်။ ဓာတုလက်နက်တွေ အပြိုင်ထုတ်လုပ်တယ်။ အဏုမြူလက်နက်တွေနဲ့ တိုက်ပွဲတွေဆင်နွှဲခဲ့တာကြောင့် ကမ္ဘာတစ်ခုလုံး မီးဟုန်းဟုန်းတောက်လောင်ကာ သက်ရှိတွေပျောက်ကွယ်ပြီး ကမ္ဘာလည်း အဆုံးအစမရှိ လွင့်မျောနေတာကို အာကာသသိပ္ပံပညာရှင်တွေက ခန့်မှန်းပြောကြားခဲ့လို့ မှတ်သားခဲ့ရတယ်။

လက်ရှိတွင်လည်း ကမ္ဘာ့မြေဆီလွှာသည် တဖြည်းဖြည်းခန်းခြောက်လာနေပြီဖြစ်သည်။ နှစ်တစ်နှစ်ပြည့်တိုင်း သဲကန္တာရများ စတုရန်းမိုင် ၅၀၀၀၀ ကျော် ကျယ်ပြန့်လာနေပြီဟု သုတေသနပညာရှင်များက ပြောကြသည်။ ရေထဲသို့ရောက်ရှိသွားသော အမှိုက်များကြောင့် ရေနေသတ္တဝါ ၁ ဒသမ ၃ သန်းကျော် မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ပြီး ရေနေသတ္တဝါနှစ်စဉ် ၄၄ ရာခိုင်နှုန်းသည် သေဆုံးနေကြသည်ဟု သိရှိရသည်။ လေထဲသို့ အမှုန်အမွှားအဖြစ် လည်းကောင်း၊ မီးရှို့ပစ်၍ အဆိပ်ငွေ့အဖြစ်လည်းကောင်းရောက်ရှိသွား၍ ဖန်လုံအိမ်အာနိသင် ရှိသော ဓာတ်ငွေ့များကို ထုတ်လွှတ်နေသလိုဖြစ်ကာ ကမ္ဘာ့အိုဇုန်းလွှာ ပေါက်၍ ကမ္ဘာ့အပူရှိန် မြင့်တက်လာပါသည်။ အပူရှိန်မြင့်တက်လာ၍ မိုးခေါင်မှုများ၊ ရာသီဥတုဖောက်ပြန်မှုများ၊ ရေပမာဏလျော့နည်းလာခြင်းများကို ကမ္ဘာသားများက ကျောကော့အောင် ခံစားကြရသည်။ အပူရှိန်ကြောင့် ကမ္ဘာ့ရာသီဥတုကို ထိန်းချုပ်ထားသည့် ရေခဲများ အရည်ပျော်ကာ ကျဆင်းလာ၍ အချို့နေရာများတွင် ရေကြီးရေလျှံမှုများလည်း ကြုံတွေ့ကြရသည်။

### မပျက်စီးလွယ်သောအမှိုက်များက ဂေဟစနစ်ကိုဖျက်ဆီး

ထို့အပြင် ရာသီဥတုဖောက်ပြန်မှုကြောင့် မြေပေါ်မှ ထွက်သော အသီးအနှံများ ကြုံလှီလာနေသည်။ ကုန်းနေ၊ ရေနေသတ္တဝါများ သေးကွေးလာနေသည်။ ထိုသို့ဖြစ်လာနေခြင်းကို စွန့်ပစ်သောအမှိုက်များ လွယ်လွယ်ဆွေးမြည့်ပျက်စီးမလွယ်သည့်ပစ္စည်းများကြောင့်၊ ဂေဟစနစ် မညီညွတ်မှုများကြောင့် ဟုဆိုကြသည်။ လူသားများသည်လည်း တစ်ချိန်ချိန် ဒန့်ကျွဲပင် ပုခက်လွှဲနေရမည့်အချိန် ဘယ်တော့ရောက်လာမလဲမသိနိုင်ပေ။ ယနေ့အချိန်သည် နှစ်ပေါင်း ၅၀၀၀ အတွင်း အမြင့်ဆုံးအပူချိန်ကာလကို ရောက်နေသတဲ့။ သဲကန္တာရတွေ တဖြည်းဖြည်းမှ မြန်မြန်ကျယ်ပြန့်လာသတဲ့။ ကမ္ဘာ့သမုဒ္ဒရာတွေထဲမှာ အမှိုက်တွေပိုမိုများပြားလာသတဲ့။ လေထုထဲမှာ အဆိပ်ဓာတ်ငွေ့တွေ ပိုပြီးတွေ့နေရသတဲ့။ ဒါဆိုအမှိုက်စွန့်ပစ်ခြင်းဟာ ကမ္ဘာ့ဂြိုဟ်အပေါ် အများကြီးသက်ရောက်နေတာပေါ့။

> "၁.၈.၂၀၁၉ ရက်နေ့တွင် ချီလီနိုင်ငံက ပလတ်စတစ်သုံးစွဲမှု တားမြစ်သည့်ဥပဒေကို ကမ္ဘာပေါ်၌ ပထမဆုံး အတည်ပြု ထုတ်ပြန်ခဲ့သည်။ ပလတ်စတစ်သုံးစွဲမှုကို အကြီးစားစီးပွားရေး လုပ်ငန်းများကို အချိန်ခြောက်လ၊ အသေးစားလုပ်ငန်းများကို နှစ်နှစ် အချိန်ပေးထားပြီး ဈေးဝယ်သူတစ်ဦး လျှင် ပလတ်စတစ်အိတ်နှစ်လုံးသာ သုံးစွဲခွင့်ပေးထားရမည်ဖြစ်ကာ သတ်မှတ်ကာလကျော်လွန်၍ မလိုက်နာသူ များကို အမေရိကန်ဒေါ်လာ ၃၇၀ ထိ ဒဏ်ငွေပေးဆောင်ရမည်"

- ❒ လက်ရှိတွင်လည်း ကမ္ဘာ့မြေဆီလွှာသည် တဖြည်းဖြည်း ခန်းခြောက်လာနေပြီဖြစ်သည်။ နှစ်တစ်နှစ်ပြည့်တိုင်း သဲကန္တာရများ စတုရန်းမိုင် ၅၀၀၀၀ ကျော် ကျယ်ပြန့်လာနေပြီဟု သုတေသနပညာရှင်များကပြော
- ❒ ရေထဲသို့ရောက်ရှိသွားသော အမှိုက်များကြောင့် ရေနေသတ္တဝါ ၁ ဒသမ ၃ သန်းကျော် မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ပြီး ရေနေသတ္တဝါနှစ်စဉ် ၄၄ ရာခိုင်နှုန်းသည် သေဆုံးနေကြ

စာမျက်နှာ ၇ သို့

# မန္တလေးမြို့တော် စည်ပင်သာယာရေးဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**မန္တလေး မေ ၅**

မန္တလေးမြို့တော် စည်ပင်သာယာရေးဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါထောက်ပံ့ပွဲတွင် မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင် တက်ရောက်၍ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို မိဘပြည်သူများနှင့် ပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် ဝန်ထမ်းများ တစ်ဝက်စီခွဲ၍ ရုံးတက်စေပြီး ရုံးတက်ရသော ဝန်ထမ်းများအား နှာခေါင်းစည်းများ နေ့စဉ်ဝေငှ၍ တပ်ဆင်စေခြင်း၊ အပူချိန်တိုင်းခြင်းနှင့် စနစ်တကျ လက်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင်လည်း အခြေခံဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆန်နှင့်ကြက်ဥ၊ ကုလားပဲနှင့် ခေါက်ဆွဲခြောက်ထုပ်များကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်အမြဲ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသော မြို့တော်စည်ပင် ဝန်ထမ်းများအား မြို့တော်နေပြည်သူလူထုက ထောက်ခံ အားပေးလျက်ရှိရာ ယနေ့တွင် ဆန်နှင့် ခေါက်ဆွဲခြောက်ထုပ်များ ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်းစသည်ဖြင့် မြို့တော်ဝန်ကပြောကြားသည်။



မြို့တော်စည်ပင် ဝန်ထမ်းများအတွက် A Bank ဦးအာယု၊ စံပြနွယ်ပွဲရုံ ဦးစိုင်းကျော်၊ မိုးပုလဲပွဲရုံ ဦးတင်ဝင်းအောင်၊ သစ္စာပွဲရုံ ဦးကျော်အောင်တို့က တစ်တင်းခွဲဆန်အိတ်ပေါင်း ၁၄၀ ကိုလည်းကောင်း၊ မာမားကုမ္ပဏီမှ ခေါက်ဆွဲခြောက်ထုပ် ၁၈၀ ပါ ၅၆ ပုံးတို့ကို လည်းကောင်း လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များသည် မြို့တော်ခန်းမအတွင်း ဝန်ထမ်းများ ထောက်ပံ့ပေးအပ်ရန် လေးပြည်ဝင် ဆန်အိတ်ပိုင်းများနှင့် ကြက်ဥကတ်များ၊ ကုလားပဲ ၅၀ သားကို ဌာနတစ်ခုချင်းစီအလိုက် စနစ်တကျ နေရာချထားမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံစိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး ဦးစောထွန်းဦးက ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

မြို့တော်စည်ပင်ဝန်ထမ်းများအား ထောက်ပံ့ရန် ကြက်ဥများကို မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး)မှလည်းကောင်း၊ ကုလားပဲများကို ကြယ်သုံးလုံးပဲခွဲစက်မှလည်းကောင်း သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ခြင်း ဖြစ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ကိုဗစ်-၁၉ ထိန်းချုပ်နိုင်ရေးအတွက် ကျေးရွာများသို့ ပစ္စည်းများ လှူဒါန်း

**စစ်ကိုင်း မေ ၅**

ကိုဗစ်-၁၉ ထိန်းချုပ်နိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (စစ်ကိုင်း)မှ ဌာနဆိုင်ရာများနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက အမှတ်(၁၀၅) ယာဉ်ထိန်းရဲတပ်ဖွဲ့ (စစ်ကိုင်း)ရုံး၌ ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်းပေးခဲ့သည့် ပစ္စည်းကိရိယာများမှာ အပူချိန်တိုင်းကိရိယာ ၂၁ ခု၊ လက်သန့်ဆေးရည်ဘူး ၂၀၀၊ နှာခေါင်းစည်း ၃၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၄၀ ကျော် ပေးအပ် လှူဒါန်းခဲ့ပြီး လှူဒါန်းပေးခဲ့သည့် နှာခေါင်းစည်း ၁၅၀၀ ကို အမှတ်(၁၀၅)ယာဉ်ထိန်းရဲတပ်ဖွဲ့(စစ်ကိုင်း)မှ ဒုတိယရဲမှူးဝင်းကိုကို ဦးဆောင်၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက မြို့မဈေးအနီး လမ်းဆုံတွင် ပြည်သူများထံ ဆက်လက် ဖြန့်ဝေပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ဟိုမိန်းဈေး၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်

**ဟိုမိန်း မေ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း ဟိုမိန်းမြို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အများပြည်သူ အဝင်အထွက်များသည့် ဟိုမိန်းဈေး၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ရာတွင် ဟိုမိန်းဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ၊ ဈေးအတွင်း လမ်းများနှင့် ဈေးအပြင်တန်းဆိုင်ခန်းများကို ဟိုမိန်းတိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဟိုမိန်းမီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်း၍ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး အလားတူ ဟိုမိန်းပင်မကားဂိတ်နှင့် ဌာနဆိုင်ရာရုံးများတွင်လည်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် ဦးဆန်းဝင်းထံမှ သိရသည်။

**ရဲနောင်(ပြန်/ဆက်)**

## ပြည်မြို့ပေါ်ရပ်ကွက်များ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်း ဆောင်ရွက်

**ပြည် မေ ၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ပေါ်ရပ်ကွက်များအတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ယနေ့ညနေပိုင်းတွင် ခရိုင်ပြန်/ဆက်မှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ သည်။ အသိပညာပေး ဆောင်ရွက်ခြင်းတွင် နိုင်ငံကျော် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များ၏ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ပြောစကားများပါဝင်သည့် ဓာတ်ပုံမှတ်တမ်းနံရံကပ်စာစောင်ကို ပြသထားရှိပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်/ ရှောင်ရန် သိကောင်းစရာအကြောင်းအရာများကို အများပြည်သူ သတိပြု ဆင်ခြင်လိုက်နာဆောင်ရွက်နိုင်ရန် အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းတို့ကို ရွာဘဲ၊ နဝဒေး၊ ရွှေတံခါး၊ ခေတ္တရာ၊ ပြည်သာယာ၊ ဆံတော်၊ ကျောင်းကြီးအိုးတန်းနှင့် ဆင်စုအပါအဝင် မြို့ပေါ်ရပ်ကွက်များရှိ လမ်းမများအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ကျွန်တော်တို့ ငယ်ငယ်တုန်းက နေထိုင်ခဲ့သော ရွာတွင် အဘိုးဖြစ်သူသည် တစ်ကောခန့်ကျယ်သော ခြံကွက်ရှိ အမှိုက်များကို လှည်းကျင်းသည်။ အမှိုက်ကျင်းများ ပြုလုပ်ကာ တူးထားသည့်ကျင်းများထဲသို့ ထည့်သည်။ သစ်ကိုင်းများကိုရွေးချယ်ကာ ကျွဲ၊ နွားများ အပူရှိန်ရရှိ ရန်မီးဖိုပေးသည်။ အိမ်တွင် ထမင်း၊ ဟင်းချက်ရန် လောင်စာအဖြစ်သုံးသည်။ အမှိုက်ကျင်းထဲရှိ သစ်ရွက်များသည် မိုးရေ၊ မြေတွင်းအပူနှင့် မိကာ မြေဆွေးဖြစ်သွားသည်။ တချို့အမှိုက်များကို ကျွဲချေး၊ နွားချေးများပေါ်ပုံ၍ ကြာပါက သမသွားကာ မြေဆွေးများဖြစ်သွားသည်။ ဤနည်းဖြင့် အမှိုက်ပြဿနာကိုဖြေရှင်းကာ ဆောင်ရွက်ခဲ့သဖြင့် ရွာအတွင်း အမှိုက်ရှင်းလင်းကာ သီးနှံအထွက်တိုးရေးအတွက်ပင် အကျိုးရှိစွာအသုံးချနိုင်ခဲ့သေးသည်။ လမ်းများတွင်လည်း သစ်ဖက်များ၊ နီးများသာ အသုံးပြုခဲ့ကြ၍ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ခဲ့ပေ။ တစ်ခုပြောစရာရှိသည်မှာ ထိုစဉ်က ပလတ်စတစ်ကဲ့သို့သော ပစ္စည်းများ မတီထွင်၊ မပေါ်ပေါက်၊ မသုံးစွဲကြသေး၍ ဖြစ်ပေမည်။

ယနေ့ခေတ်တွင်ဆိုးရွားသော အမှိုက်ပြဿနာကို နိုင်ငံအသီးသီးတွင် နည်းမျိုးစုံဖြင့် ဖြေရှင်းလျက်ရှိကြသည်။ တချို့နိုင်ငံများတွင် ဥပဒေကိုထုတ်ပြန်၍ တားမြစ်ခဲ့သည်လည်း ရှိခဲ့သည်။ ၃.၈.၂၀၁၉ ရက်နေ့တွင် ချီလီနိုင်ငံက ပလတ်စတစ်သုံးစွဲမှု တားမြစ်သည့် ဥပဒေကို ကမ္ဘာပေါ်၌ပထမဆုံး အတည်ပြုထုတ်ပြန်ခဲ့သည်။ ပလတ်စတစ်သုံးစွဲမှုကို အကြီးစားစီးပွားရေးလုပ်ငန်းများကို အချိန်ခြောက်လ၊ အသေးစားလုပ်ငန်းများကို နှစ်နှစ်အချိန်ပေးထားပြီး ဈေးဝယ်သူတစ်ဦးလျှင် ပလတ်စတစ်အိတ်နှစ်လုံးသာ သုံးစွဲခွင့်ပေးထားရမည်ဖြစ်ကာ သတ်မှတ်ကာလကျော်လွန်၍ မလိုက်နာသူများကို အမေရိကန်ဒေါ်လာ ၃၇၀ အထိ ဒဏ်ငွေပေးဆောင်ရမည်ဟုလည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံများတွင်လည်း စွန့်ပစ်အမှိုက်များနှင့် ပတ်သက်၍ ဥပဒေများ ပြဋ္ဌာန်းကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း မီဒီယာများ၌ ဖော်ပြထား၍ သိရှိရသည်။

တချို့နိုင်ငံများကတော့ လွယ်လွယ်ကူကူပင် မိမိနိုင်ငံမှထွက်ရှိသော အမှိုက်များကို အခြားနိုင်ငံများသို့ ကွန်တိန်နာဖြင့်ထည့်ကာ ပို့ခြင်းဖြင့် ဖြေရှင်းကြသည်။ ထို့ကြောင့်ပင် ဖိလစ်ပိုင်နိုင်ငံသည် အမှိုက်လာစုပုံသော နေရာမဟုတ်ဟု တရားဝင်ကြေညာကာ အမှိုက်လာပစ်သော ကွန်တိန်နာပိုင်ရှင်နိုင်ငံများကို နိုင်ငံရေးနည်းလမ်းသုံးကာ ဖြေရှင်းခဲ့ရသည်။ ချမ်းသာသော နိုင်ငံကြီးအချို့၏ ဘယ်သူသေသေ၊ ငတေမာရင်ပြီးရောဆိုသလို မိမိနိုင်ငံအမှိုက်ကင်းရင်ပြီးရော အခြားနိုင်ငံတွေ ဘာဖြစ်ဖြစ်ဟူသည့်သဘောဖြင့် အကြောင်းအမျိုးမျိုးပြကာ ဖြေရှင်းဆောင်ရွက်နေမှုများသည် ဖိလစ်ပိုင်နိုင်ငံနည်းတူ အခြားအာရှနိုင်ငံများအပေါ် အန္တရာယ်များ ကျရောက်လျက်ရှိနေသည်ကို သတိမူသင့်သည်။

**စိန်ခေါ်နေဆဲအမှိုက်ပြဿနာ**

ကမ္ဘာ့စားနပ်ရိက္ခာပညာရှင်များကလည်း ပြောပြသည်။ အာရှတိုက်သည် ကမ္ဘာ့စားနပ်ရိက္ခာဇာဟိုချက်တဲ့၊ ဘာကြောင့်လဲဆိုတော့ အာရှတိုက်ဟာ အခြားတိုက်များထက်စာရင် သန့်စင်သောမြေ၊ အေးမြတဲ့လေ၊ ကြည်လင်တဲ့ရေတွေကြောင့် ထွက်ရှိတဲ့စားနပ်ရိက္ခာတွေဟာ အန္တရာယ်ကင်းလို့တဲ့။ အခုအချိန်မှာတော့ အဲဒါတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်ဖို့ တဖြည်းဖြည်းနီးလာပြီတဲ့။ ကမ္ဘာ့စက်မှုထွန်းကားတဲ့နိုင်ငံတွေက အမှိုက်တွေ အဆမတန် အာရှတိုက်ကို ပို့နေသတဲ့။ ရေထဲပစ်ချတဲ့အမှိုက် တွေဟာ သမုဒ္ဒရာရေစီးကြောင်းမှတစ်ဆင့် အာရှတိုက် အနီးကို ရောက်နေပြီတဲ့။ အာရှတိုက်က နိုင်ငံအချို့ကလည်း အခြားဖွံ့ဖြိုးပြီးနိုင်ငံများနည်းတူ ထုပ်ပိုးခွံတွေကို အမြင်လှလှ၊ အသွင်ကြွကြွ ထုပ်ပိုးရောင်းဝယ်ကြလို့ အာရှမှာ စွန့်ပစ်အမှိုက်တွေ တဖြည်းဖြည်းများလာပြီတဲ့။ အဲဒီအမှိုက်တွေကို မတားဆီးနိုင်ရင် အန္တရာယ်ရှိတယ်တဲ့။ စေတနာနဲ့ပြောကြားခဲ့တာကို မှတ်ဉာဏ်ထဲမှာရှိနေတုန်းပဲ။

မြန်မာနိုင်ငံ၌ နိုင်ငံတော်အကြီးအကဲများ၊ ဌာနဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပရဟိတသမားများသည် ကိုယ်တိုင်အမှိုက်ကောက်ကာ အများပါဝင်လာအောင် ဆောင်ရွက်လျက်ရှိသည်။ စွန့်ပစ်အမှိုက်များကိုအသုံးပြု၍ ပြုလုပ်ထားသော ပစ္စည်းမျိုးစုံကို စံနမူနာအဖြစ် ထုတ်လုပ်ကြသည်။ ပြန်လည်ပြုပြင်သုံးစွဲကြသည်။ ထိုက်သင့်သလောက်သာ လျော့နည်းသွားသည်။ ဆွေးမြည့်မလွယ်သော အမှိုက်များကတော့ နေရာအနှံ့တွင် စိန်ခေါ်နေ ကြဆဲဖြစ်သည်။ မကြာမီတွင် နော်ဝေအစိုးရ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ၌ ဘီလပ်မြေစက်ရုံများတွင် စွန့်ပစ်ပလတ်စတစ်အမှိုက်များကို စွမ်းအင်အဖြစ် ပြန်လည်အသုံးပြုမည်ဟုသိရှိရသဖြင့် ဝမ်းသာရပေသည်။ အလားတူ စွန့်ပစ်အမှိုက်များကို အကျိုးရှိစွာအသုံးပြုသည့် စက်ရုံများစွာ ပေါ်ပေါက်ပါစေလို့ ဆန္ဒပြုမိပါသည်။

နိုင်ငံအသီးသီးမှ စွန့်ပစ်အမှိုက်ပြဿနာများကို ဖြေရှင်းနိုင်ဖို့ နည်းလမ်းအမျိုးမျိုး အသုံးပြုလျက်ရှိကြပေသည်။ အမှိုက်များကိုချေဖျက်ကာ ဖိသိပ်ပြီး လောင်စာတောင့်ပြုလုပ်၍ စွမ်းအင်ကိစ္စ ဖြေရှင်းနည်းဖြင့် ဖြေရှင်းခဲ့သဖြင့် အမှိုက်လည်းရှင်း၊ စွမ်းအင်လည်းရနည်းဖြင့်တစ်သွယ်၊ စွန့်ပစ်အမှိုက်များကို စုစည်းကာ လျှပ်စစ်စွမ်းအင်ထုတ်လုပ်၍ ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာ၊ မြေဩဇာ၊ ကော်တောင့်များ ထုတ်လုပ်နိုင်သော နည်းပညာကြောင့် လျှပ်စစ်လည်းရ၊ အမှိုက်လည်းရှင်း၊ ပြန်လည်အသုံးပြုနိုင်သော ကုန်စည်များလည်းရသည့် နည်းဖြင့် တစ်နည်း ဖြေရှင်းလျက်ရှိကြသည်။ အများအားဖြင့်မူ နေ့စဉ်ထွက်ရှိသော အမှိုက်မျိုးစုံကို စည်ပင်သာယာရေးအဖွဲ့အစည်းကဲ့သို့သော ဌာနများကသာ သယ်ပို့ရှင်းစနစ်ဖြင့် ဆောင်ရွက်နေကြဆဲ ဖြစ်ပေသည်။ လူကျဲကျဲ ငွေနည်းနည်းဖြင့် ယာဉ်ပြင်ဆင်စရိတ်ကြီးကြီး၊ ဆီအကုန်အကျများများဖြင့် နိုင်ငံသူ နိုင်ငံသားများအတွက် ဆောင်ရွက်ပေးနေကြဆဲ ဖြစ်ပါသည်။ ထိုက်သင့်သော အောင်မြင်မှုများ ရရှိလျက်ရှိသော်လည်း နှေးကွေးနေဆဲ ဖြစ်သည်။ အမှိုက်မပစ်ရ ဆိုင်းဘုတ်ကို အမှိုက်များက ဖုံးအုပ်ထားဆဲဖြစ်သည်။ လမ်းဘေး ဝဲယာ၊ မြစ်ချောင်းကမ်းစပ်စသည်တို့တွင် စွန့်ပစ်အမှိုက်ပေါင်းစုံက သဘာဝပတ်ဝန်းကျင် သာယာလှပမှုများကို ဖျက်ဆီးနေဆဲပင်ဖြစ်သည်။ ယင်တလောင်းလောင်း အမှိုက်ပုံတချို့ကြောင့်၊ မီးလောင်၍ ညှော်နံ့သင်းသော အနံ့များကြောင့် ရောဂါဘယပေါင်းစုံဖြင့် ဆေးရုံ၊ ဆေးခန်းများတွင် လူမမာများ တန်းစီနေဆဲဖြစ်သည်။

**လူတစ်ဦးချင်း ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြမယ်**

အမှိုက်စွန့်ပစ်မှုပြဿနာကို ဖြေရှင်းရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါသည်။ လူတစ်ဦးချင်းစီမှ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဖြေရှင်းကြပါကလည်းကောင်း၊ အကျိုးရှိစွာ ပြန်လည်အသုံးပြုပါကလည်းကောင်း တတ်နိုင်သရွေ့ဖြေရှင်းပြီး ဖြစ်မည်ဟု ထင်မြင်မိပါသည်။ လူတစ်ဦးချင်းစီမှ ဆွေးမြည့်လွယ်သည့် ပစ္စည်းများကို ဆင်ခြင်ဝယ်ယူသုံးစွဲမယ်။ ဆွေးမြည့်ရန် ကြာရှည်တဲ့ ပစ္စည်းတွေကို အခါခါအသုံးပြုဖို့ ဆောင်ရွက်မယ်။ ချိုင့်တွေ၊ ဘူးတွေနဲ့အစားထိုး သုံးစွဲမယ်။ အဲဒီလိုသုံးစွဲကြဖို့ ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်း ပညာပေးကြမယ်။ အမှိုက်ကောက်ပွဲတွေလုပ်ပြီး စနစ်တကျစွန့်ပစ်ကြမယ်ဆိုရင် မိမိနေအိမ်လည်းသန့်ရှင်းမယ်၊ မိမိခြံလည်းသန့်ရှင်းမယ်၊ မိမိလမ်းလည်းသာယာမယ်၊ မိမိရပ်ကွက်လည်း အမှိုက်ကင်းစင်မယ်၊ မိမိတိုင်းဒေသကြီး၊ ပြည်နယ်၊ မိမိနိုင်ငံလည်း သာယာလှပမယ်၊ မကောင်းဘူးလား။

သို့ဖြစ်ပါ၍ စွန့်ပစ်အမှိုက်ပြဿနာများကြောင့် မြေကမ္ဘာကြီးကျန်းမာရေးမကောင်းပါ။ ဤသည်ကို လျစ်လျူမရှုဘဲ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်သင့်သည်။ နိုင်ငံသားတစ်ဦးချင်းမှ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်သည်။ ပလတ်စတစ်ကဲ့သို့ နှစ်ပေါင်းရာထောင်ချီမှ ဆွေးမြည့်ပျက်စီးမည့်ပစ္စည်းများကို တဖြည်းဖြည်းလျှော့ချသုံးစွဲသွားသင့်သည်။ ဆွေးမြည့်လွယ်သော ပစ္စည်းများဖြင့် ထုပ်ပိုးခွံများကို တီထွင်သုံးစွဲသင့်သည်။ တစ်ခါတည်း အသုံးပြု၍ လွယ်လွယ်ကူကူ စွန့်ပစ်မည့်အစား အခါခါ သုံးစွဲကြရေး ပညာပေးသင့်သည်။ သို့မှသာ အနာဂတ်မျိုးဆက်သစ်များအတွက် အာဟာရပြည့်ဝတဲ့မြေ၊ ကြည်လင်သန့်စင်တဲ့ရေ၊ လန်းဆန်းကျန်းမာတဲ့လေကို အမွေပေးခဲ့ရာ ရောက်မည်။ ကောင်းမွန်သော အလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းပေးရာရောက်မည်။ ကျန်းမာသော လူ့စွမ်းအားအရင်းအမြစ်များကို ပုံသွင်းပေးရာရောက်မည်။ မြေကမ္ဘာကြီး၏ ဆုတောင်းကိုလည်း ဖြည့်ဆည်းပေးရာ ရောက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# သဗ္ဗေသတ္တာ အဝေရာဟောန္တု

ညိုကို

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ် – ၁၉ ဗိုင်းရပ်စ်ရောဂါကို အကြောင်းပြုကာ ပြည်သူလူထုကို အစီရင်ခံပြောကြားရင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ အနည်းငယ် ထည့်ပြောသွားသည်ကို ကြားရလိုက်ရသည့်အခါ ဖြိုးခနဲ၊ ဖျတ်ခနဲ ဗိုလ်ချုပ်အောင်ဆန်းကို သတိရသွားကာ တစိမ့်စိမ့် တွေးရင်း ကြည်ညိုမိရသည်။

ဘုန်းတော်ကြီးကျောင်းထွက် အညာသားလေးတစ်ဦးဖြစ်သည့် ဗိုလ်ချုပ်က မိန့်ခွန်းပြောလျှင် တစ်ခါတလေ ပါဠိစကားလေးများ ထည့်ကာပြောတတ်ကြောင်း ဟူသည့် အတိုင်ပင်ခံ၏ စကားလေးမှာ ဗိုလ်ချုပ်ပြောခဲ့ဖူးသော ပါဠိစကားလုံးများကိုလည်းကောင်း၊ ဗိုလ်ချုပ် သူ့ကိုယ်သူ တောသားတစ်ယောက်အဖြစ် ညွှန်းဆိုပြောခဲ့ဖူးသည်ကိုလည်းကောင်း အမှတ်ရစေ၏။ တောမြို့လေးကနေ ရန်ကုန်တက္ကသိုလ်ရောက်လာ၊ ကျောင်းသားခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ စစ်ခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်၊ ပြည်သူ့သူရဲကောင်း၊ ထက်မြက်သူ ရိုးသားဖြူစင်သူ စသည့် ဂုဏ်ပုဒ်များဖြင့် အရှိန်အဝါကြီးလှသူ။

“ ကျုပ်ဟာ တောသားပဲ၊ ဒီမြို့သား ဒီကျောင်းမှာ နေသွားပြီမို့ ရှေးကအရာရှိတွေကို ဘယ်လို ရှိသေရတယ်ဆိုတာ အထူးပြောဖို့ မလိုပါဘူး။ သူကြီးနဲ့ ရွာသား ဘယ်လိုစကားများတတ်တယ်၊ တောင်ကျောင်းနဲ့ မြောက်ကျောင်း ဂိုဏ်းကွဲတဲ့ ကိစ္စတွေကို ကျုပ်နားလည်ပြီးသားပဲ… ကျုပ်ဟာ သူများထက် ပကာသနကို ဂရုမစိုက်ဆုံးပဲ၊ ရုပ်ကလည်း ခပ်ချာချာဆိုတော့ …” စသည်ဖြင့် တောသားဘဝက လာခဲ့ကြောင်းနှင့် ရုပ်ဆိုးဆိုးသူအဖြစ် သူ့ကိုယ်သူ ပုံဖော်သွားပုံက သူ၏အတွင်းစိတ်ကို ခန့်မှန်းချစ်ခင်စရာ။ ၁၉၄၇ ဧပြီလတွင်း နတ်မောက်မြို့ ဒီပင်္ကရာကျောင်းဝိုင်းထဲ ကျင်းပသည့် လူထုအစည်းအဝေးကြီးမှာ ပြောကြားခဲ့သည့် မိန့်ခွန်းပါ။

သူက ဘုန်းကြီးကျောင်းထွက်ဖြစ်သည့်အပြင် ဘာသာရေးအပေါ် လေးနက်မှုရှိသူလည်းဖြစ်၏။ သူ၏ အလယ်ပစ္စယံညီလာခံ မိန့်ခွန်းတွင် “ ဘာသာရေးသည် နောင်တမလွန်ဘဝများကို (ဝါ) လောကုတ္တရာကို ရှေးရှုသည်ဖြစ်သောကြောင့် လောကအရေးနှင့် များစွာမသက်ဆိုင်ချေ။ နိုင်ငံရေးမှာမူကား လောကီရေးရာသာ ဖြစ်ပေ၏။ လုပ်ငန်းသဘောမှာ လူမှုတိုးတက်ရေးနှင့် ဘာသာရေးတို့သည် အခြေသဘောအားဖြင့် ဆန့်ကျင်စရာအကြောင်းမရှိဟု ယူဆမိပေသည်။ ဘာသာတရားက သစ္စာ မေတ္တာနှင့် သမ္မာအာဇီဝ၊ သမ္မာကမ္မန္တ စသည်တို့ကို ဓမ္မအနေနှင့် ဟောကြားခံရာ လူမှုတွင်လည်း ဤဓမ္မတို့ကို လေးစားကြပေသည်။” ဟု ဆိုခဲ့ရာတွင် သူ၏ နိုင်ငံရေးကိုရော ဘာသာရေးကိုရော ပါဠိအသုံးအနှုန်းများကို သင့်တော်ရာတွင် သင့်တော်သလို သုံးနှုန်းတတ်မှုကိုပါ ရိပ်စားမိမည်ဖြစ်၏။

၁၉၄၆ ဇန်နဝါရီလတွင်း ကျင်းပသည့် ဖဆပလအဖွဲ့ချုပ် မြန်မာနိုင်ငံလုံးဆိုင်ရာ ညီလာခံတွင်ဥက္ကဋ္ဌ ဦးအောင်ဆန်းအနေဖြင့် ပြောကြားခဲ့သည့် မိန့်ခွန်းတွင် သူ၏ ဘာသာရေးဆိုင်ရာအမြင်ကို ထိထိမိမိ ပြောကြားသွားခဲ့သည်ကို တွေ့ရ၏။ “ ယခုသံဃာတော် အရှင်မြတ်များအား သီးခြားထား၍ လျှောက်ထားလိုပါသည်ဘုရား၊ အရှင်သူမြတ်များ ဘုရား၊ အရှင်ဘုရားတို့သည် အလွန်ထူးကဲသော ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းမြတ်များ ဖြစ်တော်မူကြကုန်သည်၊ အရှင်ဘုရားတို့က သာသနာတော်ရောင် ထွန်းပြောင်အောင် အားထုတ်တော်မူကြပါ။ ကမ္ဘာလောကကြီးကို သာသနာရောင် အလင်းပေးတော်မူကြပါ။ သို့မှသာလျှင် ကမ္ဘာသူ ကမ္ဘာသားတို့ မေတ္တာတရားပွားများ၍ သမ္မစိတ္တနှင့် ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ နေနိုင်ကြပါလိမ့်မည်…” တဲ့။

ဗိုလ်ချုပ်က နတ်မောက် ဒီပင်္ကရာ ဦးသောဘိတ လောကဓာတ်ကျောင်းမှာ စာသင်ခဲ့သော ဘုန်းကြီးကျောင်းသားဖြစ်သည်သာမက၊ ၁၉၃၂ ခုနှစ် ဆယ်တန်းအောင်စဉ်က ဂုဏ်ထူးထွက်သူ ရှားရှားပါးပါးရှိစဉ်၊ ဂုဏ်ထူးထွက်ရန်ခက်ခဲသည့်ကာလတွင် မြန်မာစာနှင့် ပါဠိဂုဏ်ထူး ထွက်ခဲ့သူလည်း ဖြစ်၏။ သူ၏ ပါဠိဘာသာကျွမ်းကျင်မှုနှင့် ပြည်သူလူထုကို ဆက်ဆံပြောဆိုရာတွင် ထိရောက်နားလည်အောင် စကားလုံးတို့ကို လိုအပ်သလို အသုံးချတတ်ခြင်းက များစွာသော သူ၏အရည်အချင်းများထဲက တစ်ခုဟု ဆိုရမည်။ သည်လိုအရည်အချင်းက သာမန်မျှသာဟု ယူဆရသော်လည်း ထိရောက်မှုကို ဆင်ခြင်ကြည့်ပါက မည်မျှလောက် တာသွားသည်ကို သိပါမည်။

အင်္ဂလိပ်လူမျိုးတို့ အင်္ဂလိပ်ဘာသာဖြင့် စကားပြောနေစဉ် လေးနက်စေချင်သည့် အကြောင်းပါလာလျှင် လက်တင်လိုထည့်ကာ ပြောတတ်သည်ဟု ကြားဖူးသည်။ မည်မျှဟုတ်မှန်သည် မသိ။ မြန်မာတို့ စကားပြောရင်း လေးလေးနက်နက်ပြောစရာရှိလာလျှင် ပါဠိလို သို့မဟုတ် ပါဠိသက် မြန်မာစကားကို ထည့်ပြောတတ်သည်ကိုဖြင့် သတိတရ ရှိလှသည်။

များစွာသော သူ၏အထက်ဖော်ပြပါ မိန့်ခွန်းစကားများအပါအဝင် အချို့ကို အနည်းငယ်မျှ ကောက်ကြည့်လိုက်လျှင် သူ၏ ပါဠိအသုံးအနှုန်းနှင့် နေရာတကျ သုံးစွဲတတ်မှုကို ပို၍တန်ဖိုးထားမိမည်ဟု ထင်သည်။

ရဲဘော်သုံးကျိပ်ဝင် မြန်မာနိုင်ငံထဲ ဝင်လာပြီးသည့်အချိန် ဂျပန်ခေတ်တွင် အမျိုးသားလွတ်လပ်ရေး နယ်ချဲ့တော်လှန်ရေးအတွက် ဗမာ့တပ်မတော်တွင်းသို့ မြန်မာနိုင်ငံသားတို့ ဝင်ရောက်စစ်မှုထမ်းကြရန်၊ ဗမာ့ကာကွယ်ရေးတပ်မတော်က တပ်မတော်သားတို့ကို ပြည်သူတို့ လေးစားသင့်ကြောင်း၊ အားပေးကြသင့်ကြောင်းတို့ကို လှုံ့ဆော်ပြောဆိုသည့် မိန့်ခွန်းအဆုံးသတ်မှာ “တော်သေးပြီ၊ မြန်မာတွေအားလုံး အဝေရာဟောန္တု” ဟု ပြောလိုက်ရာ ရင်ထဲစွဲငြိသွားအောင် လှပနေသည်။

သူ၏ ပါဠိအသုံးအနှုန်းပိုင်နိုင်မှုနှင့် နေရာတကျသုံးစွဲတတ်မှု နမူနာများစွာထဲက တစ်ခုအဖြစ် ထုတ်နုတ်ပြချင်တာတစ်ခုရှိသေး၏။ ၂၈ မတ်၊ ၁၉၄၇ မနက် အောင်လံမြို့တွင် ကျင်းပခဲ့သော တော်လှန်ရေးနေ့အခမ်းအနားတွင် မြွက်ကြားခဲ့သည့် သူ၏ မိန့်ခွန်းအဆုံးသတ်…။

“ လွတ်လပ်ရေး တိုက်ပွဲမပြီးသေးဘူး။ တိုင်းပြုပြည်ပြု လွတ်တော်ဟာ လွတ်လပ်ရေးရဲ့ အစသာ ဖြစ်တယ်။ အင်္ဂလိပ်နဲ့စာချုပ်စရာတွေ ရှိသေးတယ်။ ဘယ်အထိ စကားများမယ် မသိဘူး။ ဒါကြောင့် တိုင်းပြည်လူထုက ယနေ့ကစ၍ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဆိုသလို လောကီနိဗ္ဗာန် ရောက်သည်အထိ အင်အားစုကို တောင့်တင်းအောင်လုပ်မည်ဟု အဓိဋ္ဌာန်ပြုကြပါ” တဲ့။

**“ လွတ်လပ်ရေး တိုက်ပွဲမပြီးသေးဘူး။ တိုင်းပြုပြည်ပြုလွှတ်တော်ဟာ လွတ်လပ်ရေးရဲ့ အစသာ ဖြစ်တယ်။ အင်္ဂလိပ်နဲ့ စာချုပ်စရာတွေ ရှိသေးတယ်။ ဘယ်အထိ စကားများမယ် မသိဘူး။ ဒါကြောင့် တိုင်းပြည်လူထုက ယနေ့ကစ၍ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဆိုသလို လောကီနိဗ္ဗာန် ရောက်သည်အထိ အင်အားစုကို တောင့်တင်းအောင် လုပ်မည်ဟု အဓိဋ္ဌာန် ပြုကြပါ”**

## ဒလမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ပြည်ပနှင့် ပြည်တွင်းမှ ဝင်ရောက်လာသူများကို စောင့်ကြည့်ရေးစခန်း ၁၇ ခုဖြင့် စောင့်ကြပ်ကြည့်ရှု

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ပြည်ပနိုင်ငံမှ ၁၆ ဦးနှင့် ပြည်တွင်းမှ ၆၅ ဦး စုစုပေါင်း ၈၁ ဦးတို့အား မြို့နယ်အတွင်းရှိ စောင့်ကြည့်ရေးစခန်း ၁၇ ခုဖြင့် ဖွင့်လှစ်ကာ စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အဆိုပါပြည်သူများအား နေရာထိုင်ခင်း၊ ကျွေးမွေးရေး၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ပိုးသတ်ဆေးဖျန်းခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိကြောင်း၊ မြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ စောင့်ကြည့်ရေးစခန်းနေရာ ၃၀ ကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့မွန်းလွဲ ၃ နာရီက မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးကော်မတီမှ သိရသည်။



ဒလမြို့နယ်တွင် သင်္ကြန်ကာလရုံးပိတ်ရက်များဖြစ်သည့် ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ ကျန်းမာရေးကိစ္စများနှင့် အစားအသောက် ဝယ်ယူခြင်း ကိစ္စရပ်များမှ လွဲ၍ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာခြင်းများ မပြုလုပ်ရန်၊ ရောဂါကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့၏နေအိမ်တွင် နေထိုင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံကြောင်းနှင့် အသွားအလာကန့်သတ်ခြင်း အစီအစဉ်သည် မြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများကို သွားလာမှုကန့်သတ်ခြင်း ပြုလုပ်ခြင်းမဟုတ်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများမှ ပူးပေါင်း ဆောင်ရွက်ကြသည့်အနေဖြင့် သင်္ကြန်ကာလအတွင်း၌ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာခြင်းမပြုဘဲ နေအိမ်တွင်သာ နေထိုင်၍ ကူညီဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံကြောင်း၊ မြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများကို မြို့နယ်အဆင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး ကော်မတီက ဧပြီ ၄ ရက်တွင် အသိပေးကြေညာချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ဒလမြို့နယ် အတွင်း၌ ပြည်တွင်းပြည်ပကနေ ပြန်လည်ဝင်ရောက်လာတဲ့သူများကို စောင့်ကြည့်ရေးစခန်းများ၌ နံနက် ၈ နာရီနှင့် ည ၈ နာရီတွင် အပူချိန် တိုင်းတာခြင်းနှင့် ကျန်းမာရေး စောင့်ကြပ်စစ်ဆေးမှုများ ပြုလုပ်ပေးကြောင်း၊ အဆိုပါ ပြည်သူများမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း၊ ဒလမြို့နယ်၌ သွားလာမှုကန့်သတ်ခြင်း ပြုလုပ်မည့်သတင်းမှာ ကောလာဟလသာဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောသည်။

ယနေ့နံနက်က မြို့နယ်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတား တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်လွင်က ဒလမြို့နယ် အသွားအလာကန့်သတ်နေရာအသီးသီးရှိ ၁၄ ရက် စောင့်ကြည့်သူများအား ၄က်ပျောသီးအဖီး ၂၈၀၊ နာနတ်သီး ၁၀၀၊ ထောပတ်သီး ၃၀၀နှင့် မာလကာသီး ၃၀၀တို့ကို လှူဒါန်း ပေးအပ်ခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူပြီး စောင့်ကြည့်ရေးစခန်းများသို့ ပြန်လည် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **နိုင်လင်းကျော်(ပြန်/ဆက်)**

## ရွှေဘိုအကျဉ်းဦးစီးဌာန၌ ကိုဗစ် –၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ပိုးသတ်ဆေးဖျန်း

**ရွှေဘို မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက ရွှေဘိုအကျဉ်းဦးစီးဌာန၌ ကိုဗစ်– ၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ရွှေဘိုမြို့နယ် မီးသတ်ဦးစီးမှူး ဦးဆာမူအဲလ် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦးက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အလားတူ ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာအုပ်စု ဆိပ်သာကျေးရွာတွင် ယနေ့နံနက် ၉ နာရီက ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆိပ်ခွန်နယ်မြေမီးသတ်စခန်းတာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ထက် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်ခုနစ်ဦးတို့က ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်က ပြောသည်။

**မိုးသောက်(ရွှေဘို)**



# ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ထောက်ပံ့လှူဒါန်းငွေများ ပေးအပ်

## ဒေးဒရဲမြို့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ကုသရေးလုပ်ငန်းများ အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အလှူငွေများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဂွါမိုးမြတ်မြတ်သူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဒေးဒရဲမြို့နယ် အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့ငွေများကို လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန် လိုအပ်ကြောင်း၊ ကော်မတီများအနေဖြင့်လည်း စနစ်တကျ စီမံဆောင်ရွက်ပေးနိုင်ရေးနှင့် ပြည်သူများ စိုးရိမ်မှုမဖြစ်ပေါ်ရေး မှန်ကန်သော သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန် လိုအပ်ကြောင်း၊ မြို့နယ်အတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများနှင့် ထပ်မံရောက်ရှိလာမည့်သူများအတွက် စောင့်ကြည့်စခန်းများ စနစ်တကျထားရှိရေး၊ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးလုပ်ငန်းများကို ထိရောက်စွာ စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ ဒေးဒရဲမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ မြို့နယ်အဆင့် ဖွဲ့စည်းထားရှိမှု၊ ဒေးဒရဲမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းစခန်းများ ဖွင့်လှစ်ထားရှိပြီး ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား စောင့်ကြည့်စခန်းများတွင် နေထိုင်စားသောက်ရေးနှင့် အရေးပေါ်အခြေအနေတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး၊ သယ်ယူပို့ဆောင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ အသိပညာပေးနိုင်မှု၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အလှူခံရရှိသည့် အလှူငွေများနှင့် ပစ္စည်းများအား စီမံခန့်ခွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးက တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ရန်ပုံငွေကျပ်သိန်း ၁၂၀ နှင့် သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းစခန်းများတွင် အသုံးပြုနိုင်ရေး အလှူငွေကျပ် သုံးသိန်းတို့ကို မြို့နယ်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်ခဲ့ရာ မြို့နယ်မှ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မြို့မဈေးအတွင်းသို့ သွားရောက်ကာ ရောဂါကြိုတင်ကာကွယ်ရေး ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ကြည့်ရှုအားပေး၍ ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့များအား ခေါက်ဆွဲခြောက်များနှင့် မုန့်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းစခန်းအဖြစ် ဖွင့်လှစ်ထားသည့် စက္ခုဒါနမျက်စိဆေးရုံနှင့် အထက (၃)ကျောင်းသို့ သွားရောက်ပြီး စောင့်ကြည့်လူနာများထားရှိမှုကို ကြည့်ရှုစစ်ဆေးခြင်း၊ ဆေးရုံတွင်ထားရှိ အသွားအလာကန့်သတ်ခြင်းအဖြစ် ဆောင်ရွက်မည့် မြို့နယ်ဆေးရုံကြီးတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**



## အိမ်မဲမြို့

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၄ ရက် မွန်းလွဲ ၃ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် အိမ်မဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှမင်းသူက မြို့နယ်အဆင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးသော အလှူငွေကျပ်သိန်း ၁၂၀ နှင့် ပစ္စည်းများကို ပေးအပ်ခဲ့ရာ မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး အိမ်မဲမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ကိုဗစ်- ၁၉ ရောဂါ ကာကွယ် ၊ ထိန်းချုပ်၊ ကုသရေးအတွက် စုပေါင်းလှူဒါန်းသော အလှူငွေကျပ် ၅၂၇၂၀၀၀ ကို မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးတက်တိုးနှင့် ခရစ်ယာန်အသင်းတော်များ မိတ်သဟာရအဖွဲ့(အိမ်မဲ)မှ လှူဒါန်းသော အလှူငွေကျပ် ၃၆၅၀၀၀ တို့ကို မန်းထွန်းဝင်းက လှူဒါန်းပေးရာ မြို့နယ် အုပ်ချုပ်ရေးမှူးက လက်ခံရယူခဲ့သည်။

ထို့နောက် မြို့နယ်အဆင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးကျော်အောင်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် အိမ်မဲမြို့ ကိုဗစ်- ၁၉ ရောဂါထိန်းချုပ်၊ ကာကွယ်ရေးစခန်းဖြစ်သော အထက(၁)အိမ်မဲကျောင်းသို့ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## ဖျာပုံမြို့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်၊ ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဧပြီ ၅ ရက် နံနက်၈ နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် ဖျာပုံမြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက ရှင်းလင်းတင်ပြပြီး ဧရာဝတီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါက်တာစိုးဝင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပေးအပ်သော ထောက်ပံငွေကျပ်သိန်း ၁၂၀ နှင့် နှာခေါင်းစည်း ၅၀၀ ပေးအပ်ရာ ဖျာပုံမြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များက လက်ခံရယူခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကော်မတီဝင်များက မြေပြင်တွင် ကြုံတွေ့နေရသည့်အခက်အခဲများ၊ သိလိုသည်များကို မေးမြန်းရာ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

အလားတူ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဧပြီ ၄ ရက်တွင် မော်လမြိုင်ကျွန်းမြို့နှင့် ဘိုကလေးမြို့နယ်များသို့ သွားရောက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများ ပေးအပ်ကာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများ၊ မြို့နယ်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**




## ဇလွန်မြို့

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် နေအိမ်ပြင်ဆင်ရန် လိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဇလွန်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အလှူငွေကျပ်သိန်း ၁၂၀ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် နေအိမ်ပြင်ဆင်ရန် လိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် နေအိမ်ပြင်ဆင်ရန် လိုအပ်သောပစ္စည်းများ ဝယ်ယူရန်အတွက် ကျေးရွာအုပ်စု (၁၀)အုပ်စုရှိ အိမ်ခြေအလုံး ၁၀၀ အတွက် နေအိမ်တစ်အိမ်လျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀၀ ကို ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့သည်။ (အပေါ်ပုံ)

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သော ငွေကျပ်သိန်း၁၂၀ နှင့် ရောဂါကာကွယ်ရေးဝတ်စုံ ၄၅ စုံ ၊ နှာခေါင်းစည်း ၁၀၀၀ ကို ဇလွန်မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့်လုပ်ငန်း ကော်မတီထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဝေယံ (ပြန် / ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးကြီးများတွင် အခြေခံစားသောက်ကုန်ပစ္စည်း ဈေးနှုန်းများ တည်ငြိမ်၊ ထမင်းဆိုင်နှင့် စားသောက်ဆိုင်များ ပါဆယ်သာရောင်းချ

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ရောဂါ တွေ့ရှိပြီးနောက် အခြေခံ စားသောက်ကုန်ပစ္စည်းများ ဝယ်လိုအားများခဲ့ပြီး ကုန်ဈေးနှုန်းအနည်းငယ် မတည်မငြိမ် ဖြစ်ခဲ့သော်လည်း ယနေ့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးကြီးများတွင် အခြေခံစားသောက်ကုန်ပစ္စည်း ဈေးနှုန်းများ တည်ငြိမ်လျက်ရှိပြီး ကုန်စည်များ ပုံမှန်ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

နေပြည်တော် သပြေကုန်းဈေးတွင် ပုံမှန်နေ့များကဲ့သို့ ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားလျက်ရှိပြီး အခြေခံစားသောက်ကုန်ပစ္စည်းများ လုံလုံလောက်လောက် ရောင်းချပေးနိုင်သည့် အခြေအနေရှိကြောင်း ဈေးဆိုင်ရှင်များထံမှ သိရသည်။

အသားငါး ရောင်းသူ ဒေါ်သူဇာဝင်းက "အခုက အသားငါးတွေ ဝယ်ရတဲ့ဈေးရောပြန်ရောင်းချတဲ့ ဈေးပါ အရင်လိုပုံမှန်ပါပဲ။ ကိုဗစ်– ၁၉ ရောဂါနဲ့ ပတ်သက်ပြီး ဈေးမှာ အသိပညာပေးတာတွေရှိပါတယ်။ အရပ်ထဲက ပြောစကားတွေကြောင့် တစ်ခါတလေ စိုးရိမ်စိတ်ဖြစ်တဲ့ အခါလည်း ရှိပါတယ်။ စားဝတ် နေရေးကြောင့် ပုံမှန်တော့ ဈေးထွက်ရောင်းပါတယ်" ဟု ပြောသည်။

ထို့အတူ ပျဉ်းမနားမြို့ အာဟာရသုခဈေးတွင်လည်း အခြေခံ စားသောက်ကုန်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်၊ သားငါးနှင့် ကုန်ခြောက်ပစ္စည်းများကို လက်လီ လက်ကား ပုံမှန်ရောင်းဝယ် ဖောက်ကားလျက်ရှိပြီး ဈေးနှုန်း အတက်အကျကွာဟမှု သိပ်မရှိကြောင်း ပွဲရုံပိုင်ရှင်များက ပြောသည်။

အာဟာရသုခဈေးတွင် ကုန်မျိုးစုံရောင်းချနေသည့် ဦးတင်မောင်ဆွေက "ဆိုင်မှာတော့ အခြေခံ စားသောက်ကုန်ဖြစ်တဲ့ ဆန်၊ ဆီ၊ ဆားနဲ့ အခြားအခြေခံစားသောက်ကုန်တွေကို ပုံမှန်ဈေးနှုန်းအတိုင်းပဲ ရောင်းချပေးနေပါတယ်။ ဆန်၊ ဆီ၊ ဆား၊ ပဲအမျိုးမျိုးကို အရင်အတိုင်းပဲ မှာယူရတာ လွယ်ကူနေပါတယ်။ ပြတ်လပ်ဖို့လည်း မရှိနိုင်ပါဘူး။ ပုံမှန်ဈေးနှုန်းအတိုင်း ရောင်းချဖို့ ညွှန်ကြားထားပါတယ်"ဟု ပြောသည်။



သပြေကုန်းဈေးအတွင်းရှိ ကုန်စိမ်းဈေးတန်း၌ ဈေးရောင်း ဈေးဝယ်များအား တွေ့ရစဉ်။



အာဟာရသုခဈေးရှိ ဈေးဆိုင်များ။

နေပြည်တော် သပြေကုန်းဈေး အပါအဝင် ပျဉ်းမနား အာဟာရသုခ ဈေးနှင့် Juction Center တို့တွင် နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ Dettol နှင့် အရက်ပြန်များ ရောင်းချပေးလျက်ရှိသည်ကို တွေ့ရှိရသည်။

ကင်မွန်းတန်း ရပ်ကွက်နေ ဆိုင်ကယ်ကယ်ရီဆွဲသူ ဦးလှိုင်ဦး က "အခုကပ်ရောဂါနဲ့ ပတ်သက်ပြီး ကျန်းမာရေးက ထုတ်ပြန်တဲ့ ထုတ်ပြန်ချက်တွေကို စောင့်ကြည့်ပါတယ်။ လိုက်နာရမယ့်အချက်တွေကို သိပါတယ်။ တကယ်ဆို အပြင်မထွက်ချင်ပါဘူး။ စားဝတ်နေရေးအတွက် ပိုက်ဆံဘယ်လောက်ပဲရရ ဆိုပြီး ထွက်နေရတာ ဖြစ်ပါတယ်။ အပြင်မထွက်ဖို့ ကန့်သတ်တော့မယ်ဆိုရင် ကျွန်တော်တို့လို စားဝတ်နေရေး မပြေလည်သူတွေအတွက် ထည့်ပြီး စဉ်းစားပေးစေလိုပါတယ်" ဟု ပြောသည်။

ထို့ပြင် နေပြည်တော်ကောင်စီ နယ်မြေအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် အရက်ဆိုင်နှင့် ဘီယာဆိုင်၊ လက်ဖက်ရည်ဆိုင်အချို့မှာ ပိတ်သိမ်းထားပြီး ထမင်းဆိုင်နှင့် စားသောက်ဆိုင်များတွင် ဆိုင်တွင် စားသုံးခွင့်မပြုဘဲ ပါဆယ်စနစ်ဖြင့်သာ ရောင်းချပေးလျက်ရှိသည်။

စားသောက်ဆိုင် မန်နေဂျာ ဦးဇော်မင်းလှက "ကျွန်တော်တို့ဆိုင်ကို မတ် ၃၁ ရက်ကစပြီး ထိုင်စားမရောင်းပါဘူး။ ပါဆယ်ပဲ ရောင်းပေးပါတယ်။ တာဝန်ရှိသူတွေက တစ်နေ့ကို သုံးကြိမ်လောက် စစ်ဆေးပါတယ်။ ဈေးနှုန်းရော၊ ရောင်းအားပါ ပုံမှန်ပါပဲ" ဟု ပြောသည်။



သပြေကုန်းဈေး၌ ဈေးသည်များ ရောင်းချနေမှုကို တွေ့ရစဉ်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးကြီးများတွင် ကိုဗစ်– ၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများဖြစ်သည့် ပိုးသတ်ဆေးရည် ပက်ဖျန်းခြင်း၊ လက်ဆေးကန်များ ပြုလုပ်ခြင်း၊ သန့်ရှင်းရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း၊ စားသောက်ကုန်များ ပြတ်လပ်မှု မရှိစေရန်နှင့် ပုံမှန်ဈေးထက် ဈေးတင်ရောင်းချခြင်းများ မပြုလုပ်ရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

---

✪ *ကျောဖုံးမှ*

ကွင်းလယ်အင်အား ထပ်မံဖြည့်တင်းလိုနေသည့်အတွက် အဆိုပါ အပြောင်းအရွှေ့မှာဖြစ်မြောက်လာဖွယ်ရှိသည်။

၂၀၁၆ ခုနှစ် အက်ဖ်အေဖလားဗိုလ်လုပွဲ၊ ကွန်မြူနတီဒိုင်းပြိုင်ပွဲ၊ ၂၀၁၇ ခုနှစ် လိဂ်ဖလားပြိုင်ပွဲတို့တွင် ဂိုးသွင်းယူနိုင်ခဲ့သော အသက် ၂၇ နှစ်အရွယ် လင်ဂတ်သည် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသူလည်း ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် ဂိုးသွင်းယူနိုင်မှု၊ ဂိုးရရှိအောင် ဖန်တီးပေးနိုင်မှုမရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ၎င်းသည် အသင်းသို့ဘရူနိုဖာနန်ဒက်ဇ် ပြောင်းရွှေ့ရောက်ရှိလာပြီးနောက်ပိုင်း ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရသည်။

လင်ဂတ်သည် ယခုနှစ်တွင် ပြိုင်ပွဲအရပ်ရပ် ၃၅ ပွဲ ကစားထားပြီး နှစ်ဂိုးသာသွင်းယူထားနိုင်ကြောင်း မှတ်တမ်းများတွင် ဖော်ပြထားသည်။ မန်ယူနည်းပြ ဆိုးလ်ရှားသည် အသင်းကို ပြန်လည်တည်ဆောက်လိုနေပြီး ၎င်းဦးစားပေး ခေါ်ယူမည့် ကစားသမားစာရင်းတွင် ဆန်ချို၊ ဂရီရယ်လစ်နှင့် မက်ဒီဆင်တို့ ပါဝင်နေသည်။

အခြားသတင်းတစ်ရပ်တွင် အာဆင်နယ်အသင်းသည် ဘုန်းမောက်အသင်းနှင့် လာမည့်နွေရာသီတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော အသက် ၂၆ နှစ်အရွယ် တောင်ပံကစားသမား ဖရေဇာကို ခေါ်ယူနိုင်မည်ဟု ယုံကြည်နေကြောင်းလည်း ဖော်ပြထားသည်။

၎င်းသည် ယခုနှစ်ရာသီတွင် အသင်းအတွက် ၃၂ ပွဲ ကစားထားကာ တစ်ဂိုးသွင်းယူ ပေးထားနိုင်ပြီး ဂိုးရရှိအောင် လေးကြိမ် ဖန်တီးပေးထားနိုင်သည်။

**အောင်ဇော်**

---

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

**နေပြည်တော် မေ ၃**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# မင်းလှမြို့၌ ယာဉ်တိုက်မှုဖြစ်ကာ တစ်ဦးသေဆုံး၊ ၁၀ ဦး ဒဏ်ရာရ

**မင်းလှ မေ ၅**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သရော(အမ်)အုပ်စု သစ်တူးအိုင် ကျေးရွာအနီး မိုင်တိုင်အမှတ်(၁၀၃/၃)နှင့် (၁၀၃/၄) အကြားတွင် ယမန်နေ့က ယာဉ်တိုက်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးကာ ၁၀ ဦး ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း မင်းလှမြို့မရဲစခန်းမှ သိရသည်။

ရန်ကုန်-ပြည် ကားလမ်းမကြီးအတိုင်း ရန်ကုန်မှ ပြည်ဘက်သို့ ယာဉ်မောင်း ဦးအောင်ကိုထွဋ် မောင်းနှင်ပြီး ဒေါ်တင်တင်ဝင်းပါ ၁၀ ဦးတို့ စီးနင်းလိုက်ပါလာသော ယာဉ်အမှတ် YGN 9F/ ---- ဆူဇူကီးယာဉ်သည် ရှေ့မှ ယာဉ်မောင်း မျိုးကိုကို မောင်းနှင်ပြီး လူသုံးဦး လိုက်ပါ စီးနင်းလာသော MDY 1P/ ---- ဆူဇူကီးယာဉ်ကို နောက်မှကျော်တက်နေစဉ် အရှိန်မထိန်းနိုင်ဘဲ ကားရှေ့ခေါင်း ဝဲဘက်ခြမ်းကိုဝင်ချိတ်မိ၍ လမ်းဝဲဘက်မြောင်းအတွင်း ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းနှင့် လူကိုးဦးမှာ ဒဏ်ရာများရရှိခဲ့ပြီး မခိုင်သင်းဦး(၃၁ နှစ်) မှာ သေဆုံးခဲ့ကြောင်း သိရသည်။

အမှုအား မင်းလှမြို့မရဲစခန်းမှ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဦးအောင်ကိုထွဋ်ကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပေါက်စ (မင်းလှ)



ယာဉ်တိုက်မှုကြောင့် ပျက်စီးသွားသည့် ယာဉ်ကို တွေ့ရစဉ်။

# ညစ်ညမ်းစွာဆဲဆိုပြီး ကန့်သတ်စောင့်ကြည့်စခန်းတွင် ထားရှိသူများကို ဥပဒေနှင့်ဆန့်ကျင်၍ ပြင်ပသို့ထွက်ခွာစေရန်လှုံ့ဆော်သူကို အမှုဖွင့်အရေးယူ

**ကြို့ပင်ကောက် မေ ၅**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ညစ်ညမ်းစွာဆဲဆိုပြီး ကန့်သတ်စောင့်ကြည့်စခန်းတွင် ထားရှိသူများကို ဥပဒေနှင့်ဆန့်ကျင်၍ ပြင်ပသို့ထွက်ခွာစေရန်လှုံ့ဆော်သူအား အမှုဖွင့်အရေးယူခြင်းကို မေ ၃ ရက်က အလယ်ကုန်းနယ်မြေရဲစခန်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မေ ၃ ရက်က ကြို့ပင်ကောက်မြို့နယ် အလယ်ကုန်းနယ်မြေရဲစခန်းအပိုင် ကံဦးကျေးရွာ မူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်စခန်းတွင် ကန့်သတ်စောင့်ကြည့်စခန်း မဖွင့်မီအချိန်က ရန်ကုန်မှပြန်လာသူများကို ကန့်သတ်စောင့်ကြည့်စခန်းတွင်မထားဘဲ ကန့်သတ်စောင့်ကြည့်စခန်းဖွင့်ပြီး ချိန်တွင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော ကိုသန်းဇော်ဦးကို ကန့်သတ်စောင့်ကြည့်စခန်းတွင်ထားရှိသည့်ကိစ္စအား မကျေနပ်၍ ကန့်သတ်စောင့်ကြည့်စခန်းသို့ရောက်ရှိလာပြီး တာဝန်ရှိသူများကို ညစ်ညမ်းစွာဆဲဆို၍ ကန့်သတ်စောင့်ကြည့်စခန်းတွင် ထားရှိသူများကို ဥပဒေနှင့်ဆန့်ကျင်ပြီး ပြင်ပသို့ထွက်ခွာစေရန် လှုံ့ဆော်ပြောဆိုခြင်းများကို ပြုလုပ်ခဲ့သူ ကံဦးကျေးရွာနေ အမျိုးသမီးတစ်ဦးအား အလယ်ကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့ခြင်းမဖြစ်ပေါ်စေရေးအတွက် ပြည်ပမှပြန်လည်ရောက်ရှိလာ သူများကို သီးသန့်စောင့်ကြည့် ကုသနိုင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ဖွင့်လှစ်ထားသည့် ကန့်သတ်စောင့်ကြည့်စခန်းများတွင် နှောင့်ယှက်မှုနှင့် ပြဿနာများ ဆက်လက်မဖြစ်ပေါ်စေရေးအတွက် အမှုဖွင့်အရေးယူရခြင်း ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်းက ပြောသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

## မြန်မာ့ရုပ်မြင်သံကြား

၆ . ၄ . ၂၀၂၀ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆:၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်) |
| ၇:၀၀ | - | Breakfast News |
| ၈:၃၅ | - | "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ" (ပညာရေးဝန်ကြီးဌာန) |
| ၉:၄၀ | - | ခါသကြံန်အဆို၊ အကများ |
| ၁၀:၃၀ | - | "Flowers and Butterflies" (Season- 2) (အပိုင်း- ၇၁ + ၇၂) |
| ၁၄:၀၀ | - | ထူးခြားစုံလင် အာရှပစိဖိတ် အစီအစဉ် |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၂၅ | - | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ) |
| ၁၆:၄၅ | - | ခါသကြံန်အဆို၊ အကများ |
| ၁၈:၃၀ | - | ဥပဒေရေးရာအဖြာဖြာ "ကာကွယ်ခုခံပိုင်ခွင့် အကြောင်းသိကောင်းစရာ" (အပိုင်း- ၂) |
| ၁၉:၂၀ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း- ၃၃) |
| ၂၀:၀၀ | - | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| | - | "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ" (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန) |
| | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်) |

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွား

**နေပြည်တော် မေ ၅**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် အမှတ် (၂၆၇/၃) အနီးတွင် ယနေ့နံနက်က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ ပေပင်လေး အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ နေပြည်တော်မှ မန္တလေး ဘက်သို့ ဒီပဲယင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာနေ ကျော်လွင်ဦး မောင်းနှင်ပြီး ဦးမြင့်ဦးပါ ခြောက်ဦး တို့လိုက်ပါလာသော ဟိုက်ဂျက်ယာဉ်သည် ယာဉ်မောင်း အိပ်ငိုက်ပြီး ဝဲဘက်ဂတ်စပို့တိုင်နှင့် တံတားလက်ရန်းတိုင်ကို တိုက်မိကာ ရပ်တန့်သွားပြီး ဦးမြင့်ဦးပါ ခြောက်ဦးမှာ ဒဏ်ရာများရရှိသောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ကျော်လွင်ဦးအား ပေပင်လေးအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားသည်။



တံတားလက်ရန်းတိုင်ကို တိုက်မိသည့် ဟိုက်ဂျက်ယာဉ်။

အလားတူ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၈၉/၄-၅)ကြားတွင် ယင်းနေ့နံနက်က ရန်ကုန်မှ မန္တလေးဘက်သို့ လှိုင်သာယာမြို့နယ် (၉)ရပ်ကွက်နေ အေးမင်းဝင်း မောင်းနှင်ပြီး မညိုညိုဌေး၊ မအိမ့်မွန်ကျော်နှင့် မမာမာခိုင် တို့လိုက်ပါလာသော လိုက်ထရပ်ယာဉ်သည် မောင်းနှင်လာစဉ် နောက်ယာဘက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့ရာ မညိုညိုဌေး ပါ သုံးဦးမှာ ဒဏ်ရာများရရှိသောကြောင့် အေးမင်းဝင်းအား ပလွေး အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)

# တနင်္သာရီမြို့နယ်အတွင်း လေပြင်းတိုက်မှုကြောင့် အဆောက်အအုံတချို့ ပြိုကျပျက်စီးမှုဖြစ်

**တနင်္သာရီ မေ ၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မေ ၄ ရက် ညနေ ၅ နာရီမှ ၆ နာရီအထိ မိုးသည်းထန်စွာရွာ၍ လေပြင်းတိုက်ခတ်မှုကြောင့် ဘန်လောကျေးရွာအုပ်စု သမီးလှအနောက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၏ အမိုးပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဆင်ခြေဖုန်းကျေးရွာအုပ်စု မမသောင်အနောက်ကျေးရွာ ရတနာအောင်ဘုန်းကြီးကျောင်း၏ သွပ်မိုးပျက်စီးခဲ့ကြောင်း၊ ယင်းကျေးရွာနေ ဦးမြင့်နိုင်နှင့် ဦးမင်းကိုအောင်တို့၏ လူနေအိမ်နှစ်လုံးမှာ ပြိုကျပျက်စီးမှု ဖြစ်ပွားခဲ့ပြီး ဦးဝင်းကြိုင်၏ နေအိမ်အမိုးများပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါနေအိမ်များမှ မိသားစုဝင်များသည် နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်ရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

# မရမ်းကုန်းမြို့နယ် လမ်းဝခုံးကျော်တံတားပေါ်မှ YBS ယာဉ်တစ်စီး ထိုးကျမှုကြောင့် ၁၂ ဦး ဒဏ်ရာရ

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် တံတားလေးလမ်းဝ မီးရထားခုံးကျော်တံတားပေါ်မှ ယနေ့ ညနေ ၅ နာရီခန့်က YBS (၁၆) ခရီးသည်တင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တံတားပေါ်မှ လူနေအိမ်များပေါ်သို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ၁၂ ဦးဒဏ်ရာရရှိသဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း မရမ်းကုန်းနယ်မြေရဲစခန်းမှ သိရသည်။

အခင်းဖြစ်နေရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးနှင့် မြောက်ဥက္ကလာပမြို့နယ်မီးသတ်စခန်း၊ တာမွေမြို့နယ်မီးသတ်စခန်းနှင့် စမ်းချောင်းမြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေး အထူးတပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မော်တော်ယာဉ်ပြုတ်ကျမှုကြောင့် ဒဏ်ရာရရှိသူ ၁၂ ဦးအနက် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးသာ အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် မြောက်ဥက္ကလာပဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိပြီး ကျန် မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့သည့် ခရီးသည် ရှစ်ဦးမှာ ဆေးရုံဆင်းသွားကြပြီဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဘိုဖြူ အား မရမ်းကုန်းမြို့နယ်မြို့မရဲတပ်ဖွဲ့စခန်း၌ အမှုဖွင့်လှစ်အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)




မီးရထားခုံးကျော်တံတားပေါ်မှ YBS (၁၆) ခရီးသည်တင်ယာဉ် ပြုတ်ကျမှုကို တွေ့ရစဉ်။

# ဘားအံနှင့် ပြင်ဦးလွင် မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့က ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု ကမ်းကြီးကမ်းလေးကျေးရွာအနီး လမ်းဘေးတွင် ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိသူ ကျော်ခိုင်သိန်းကိုစစ်ဆေးရာ ၎င်းထံမှ ဖုန်းတစ်လုံးနှင့် အဆိုပါ နေရာအနီးမှ သို့ဝှက်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် နောင်လှိုင်ကျေးရွာအုပ်စု မိုင်းလုံးကျေးရွာနေ မစန်းစန်း မြင့် (ခ)ဖုမိန်း၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ကိုဗစ်- ၁၉ အကျပ်အတည်းဖြစ်ပေါ်နေချိန် ချီလီ၌ မိုးခေါင်ရေရှားခြင်းကို ရင်ဆိုင်နေရ

ဆန်တီယာဂို မေ ၅

**ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း မြင့်မားနေချိန် ချီလီ၌ မိုးခေါင်မှုကြောင့် သမိုင်းတစ်လျှောက် ယခင်မကြုံဖူးသေးသည့် မြစ်ရေစီးဆင်းမှုလျော့ကျခြင်းနှင့်အတူ ရေလှောင်ကန်များတွင် ရေခန်းခြောက်မှုများ ဖြစ်ပေါ်ခဲ့ရာ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ကျရောက်မှုကို ရင်ဆိုင်ရာတွင် ထိခိုက်မှုမခံနိုင်ဖြစ်လာမည်ကို စိုးရိမ်ပူပန်ရလျက်ရှိကြောင်း သိရသည်။**



ချီလီနိုင်ငံတွင် မိုးခေါင်မှုကြောင့် ရေခန်းခြောက်နေသည့်မြစ်တစ်ခုကို တွေ့ရစဉ်။

သဘာဝသယံဇာတများ နှစ်ရှည်လများ ထုတ်ယူသုံးစွဲလာမှုနှင့် စည်းကမ်းဥပဒေ ချမှတ်မှုဆိုင်ရာ အားနည်းမှုတို့ကြောင့် ချီလီနိုင်ငံရှိ ရေလှောင်ကန်အများစုတို့ ရေခန်းခြောက်မှု ဖြစ်ပေါ်လျက်ရှိသည်။ လူဦးရေ ၁ဒသမ ၅ သန်း၊ အိမ်ထောင်စုအားဖြင့် လေးသိန်းကျော်ရှိသည့် မိသားစုများသည် တစ်ရက်လျှင် သောက်သုံးရေ ၅၀ လီတာရရှိရန် ရေသယ်ယာဉ်များအပေါ် မှီခိုအားထားနေကြရကြောင်း ရေအရင်းအမြစ် ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာ လှုပ်ရှားမှုအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရိုဒရီဂိုမန်ဒါက က အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ကိုဗစ် -၁၉ ကူးစက်ခံရမှုမှ ပြည်သူများအား ကာကွယ်ရန် အဓိကညွှန်ကြားထားသည့် အကြံပြုချက်မှာ လက်ကို မှန်မှန်ဆေးကြော သန့်ရှင်းရန်ဖြစ်ရာ ရေမရှိဘဲ ရှင်သန်နေထိုင်ရသည့်အဖြစ်မှာ အံ့အားသင့်ဖွယ်ကောင်းလှကြောင်း ပြည်သူတစ်ဦးက ပြောကြားခဲ့သည်။

ချီလီနိုင်ငံ၏ ဥပဒေအရ ရေသည် အများပြည်သူအသုံးပြုသည့် သယံဇာတအရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ သို့ရာတွင် သဘာဝသယံဇာတ အရင်းအမြစ်တစ်ခုကို သုံးစွဲနိုင်သည့် အခွင့်အရေး တစ်ရပ်လုံးနီးပါးသည် ပုဂ္ဂလိကလက်ထဲသို့ ပြောင်းလဲရောက်ရှိတော့မည့် အခြေအနေကို ရင်ဆိုင်နေရကြောင်း ချီလီပြည်သူတစ်ဦးက ပြောသည်။ ပြီးခဲ့သည့်နှစ်က ဆန်တီယာဂို ဒေသနှင့် ဗယ်လ်ပါရိုင်စိုတို့တွင် မိုးရွာသွန်းမှု ၈၀ ရာခိုင်နှုန်း နီးပါးလျော့ကျခဲ့ပြီး ယခင်နှစ်ကထက် နည်းပါးခဲ့သည်။ ကိုကွင်ဘိုဒေသမြောက်ပိုင်းတွင် မိုးရွာသွန်းမှု ၉၀ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ **အေအက်ဖ်ပီ**

## အမေရိကန်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် သုံးသိန်းကျော်အထိ မြင့်တက်

**ဝါရှင်တန် မေ ၅**

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ မေ ၄ ရက် ဒေသစံတော်ချိန် ညနေ ၃နာရီ မိနစ် ၄၀ တွင် ၃၀၀၀၀၀ ကျော်ရှိလာခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ဖော်ပြချက်အရ သိရသည်။

ရောဂါကူးစက်ခံရသူအရေအတွက် ၃၀၀၉၁၅ ဦးရှိပြီး သေဆုံးသူ ၈၁၆၂ ဦး ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း၌ ရောဂါကူးစက်မှု အဆိုးဆုံးဖြစ်ပွားရာဖြစ်သည့် နယူးယောက်၌ ရောဂါကူးစက်ခံရသူ ၁၁၃၈၀၆ ဦးရှိပြီး သေဆုံးသူ အရေအတွက်မှာ ၃၅၆၅ ဦးသေဆုံးခဲ့သည်။ နယူးဂျာစီ၊ မီချီဂန်၊ ကယ်လီဖိုးနီးယား၊လူဝီစီယားနား၊ ဖလော်ရီဒါ၊ မက်ဆာချူးဆက်နှင့် ပင်ဆီလ်ဗေးနီးယားပြည်နယ်တို့တွင် ရောဂါကူးစက်ဖြစ်ပွားမှု ၁၀၀၀၀ ကျော်ရှိသည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများနှင့် ဒေသအသီးသီးတို့တွင် ရောဂါကူးစက်ဖြစ်ပွားမှုပေါင်း ၁၁၈၁၈၂၅ ဦးရှိပြီး ၆၃၉၀၂ ဦး သေဆုံးခဲ့ကာ ရောဂါကူးစက်ခံရပြီးနောက် ကျန်းမာရေးအခြေအနေ ပြန်ကောင်းမွန်လာသူ ၂၄၀၀၀၀ ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျပန်ရှိ ဆေးရုံအထူးကြပ်မတ်ကုသဆောင်များတွင် အထူးကျွမ်းကျင်ဆရာဝန်များ ပိုမိုလိုအပ်နေ

**တိုကျို မေ ၅**

ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဆက်လက်မြင့်တက်နေချိန် ကိုဗစ်-၁၉ ကူးစက်ခံထားရသည့် အရေးပေါ်လူနာများကို ကုသရန်အတွက် အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝသည့်ကျွမ်းကျင်သူ ဆရာဝန်များ ပိုမိုလိုအပ်လျက်ရှိကြောင်း ဆေးဘက်ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

### ကွာခြားချက်ကိုထောက်ပြ

ဆေးဝါးအထူးကြပ်မတ်ကုသမှုအဖွဲ့အစည်းက ဂျာမနီနှင့် အီတလီတို့တွင် ကိုဗစ်-၁၉ လူနာများ သေဆုံးမှုပမာဏ ကွာခြားချက်ကို ထောက်ပြသည့် ထုတ်ပြန်ချက်တစ်ရပ်ကို ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ထုတ်ပြန်ခဲ့သည်။

ဂျာမနီ၌ ကိုဗစ် - ၁၉ ကြောင့် သေဆုံးမှုနှုန်းမှာ မတ်လကုန်တွင် ၁ဒသမ ၁ ရာခိုင်နှုန်းရှိပြီး အီတလီ၌ သေဆုံးမှုနှုန်းမှာ ၁၁ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြခဲ့ကာ ဂျာမနီနိုင်ငံ၏ အထူးကြပ်မတ်ကုသမှုစနစ် အရည်အသွေး ပိုမိုသာလွန်ကောင်းမွန်မှုအပေါ် အသိအမှတ်ပြုခဲ့သည်။

### မြင့်တက်သွားနိုင်

ဂျပန်ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များတွင် ရောဂါပြင်းထန်သည့် လူနာများ မြန်မြန်ဆန်ဆန်မြင့်တက်သွားနိုင်ကြောင်း အဖွဲ့ကပြောသည်။

### သူနာပြုအရေအတွက် လေးဆခန့်လို

အထူးကြပ်မတ်ကုသမှုဆောင်ရွက်ရန်အတွက် သူနာပြုအရေအတွက် လေးဆခန့် လိုအပ်နေကြောင်း ဂျပန်ဆေးဝါးအထူးကြပ်မတ် ကုသမှုအဖွဲ့က ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ကိုဗစ်-၁၉ ကြောင့် သေဆုံးသူများနေသော်လည်း ကြံ့ကြံ့ခံရပ်တည်နိုင်ရေး အမေရိကန်သမ္မတ တိုက်တွန်း

**နယူးယောက် မေ ၅**

အမေရိကန်တွင် ကိုဗစ်- ၁၉ အဆိုးရွားဆုံး အခြေအနေနှင့် ကြုံတွေ့နေရာ လာမည့်သီတင်းပတ်များအတွင်း သေဆုံးမှုများ ထပ်မံရှိလာနိုင်သည့်အတွက် ယင်းအခြေအနေကို ကြံ့ကြံ့ခံရပ်တည်နိုင်ရေး သမ္မတ ဒေါ်နယ်ထရမ့်က သတိပေးခဲ့သည်။ ကိုဗစ်-၁၉ ဖြစ်ပွားရာတွင် အဆိုးဆုံးသီတင်းပတ်အတွင်းသို့ ရောက်ရှိနေပြီး ကံမကောင်း အကြောင်းမလှလျှင် သေဆုံးမှု များပြားလာနိုင်ကြောင်း အမေရိကန် သမ္မတထရမ့်က မေ ၄ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ပျံ့နှံ့မှုကို တားဆီးနိုင်ရေး အမျိုးသားအဆင့် လမ်းညွှန်မှုများကို နားထောင်ရန်၊ နေအိမ်အပြင်ဘက်သို့ အကြောင်းမရှိဘဲ ထွက်ခြင်းမှ ရှောင်ကြဉ်ရန်၊ လူအများ စုဝေးခြင်းကိုရှောင်ရှားရန် အစရှိသည့်လမ်းညွှန်မှုများကို လိုက်နာရန် အမေရိကန်သမ္မတက ပြည်သူများကို တိုက်တွန်းထားသည်။ သူနာပြုများ၊ ဆရာဝန်များ အပါအဝင် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ကိုနယူးယောက်မြို့သို့ စေလွှတ်ရန်လည်း သမ္မတ ထရမ့်က အမိန့်ပေးထားသည်။ နယူးယောက်သည် ယခုအခါ ကိုဗစ်-၁၉ ပျံ့နှံ့ရာ ဗဟိုချက်မဖြစ်နေသည်။ အမေရိကန်တွင် ကိုဗစ် - ၁၉ ကူးစက်ခံရမှုနှုန်းမှာ လူပေါင်း ၃၀၀၀၀၀ အထိ ရှိလာပြီဟု ဂျွန်ဟော့ကင်းတက္ကသိုလ်မှ စာရင်းဇယားများအရ သိရသည်။

အမေရိကန်နိုင်ငံအတွင်း လူပေါင်း ၈၀၀၀မှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့ရပြီး ဖြစ်သည်။ အမေရိကန် ပြည်သူပေါင်း ၂၄၀၀၀၀ မှာ ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် သေဆုံးနိုင်သည်ဟု အမေရိကန်အစိုးရက ခန့်မှန်းထားသည်။ **ဆင်ဟွာ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၁၉၈ ဦးအထိ ရှိလာ

**ဂျကာတာ မေ ၅**

အင်ဒိုနီးရှားနိုင်ငံ၌ မေ ၅ ရက်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၁၉၈ ဦးအထိ ရှိလာပြီး ကူးစက်ခံရသူ အရေအတွက်မှာ ၂၂၇၃ ဦးအထိ ရှိလာပြီဖြစ်သည်။ လူနာ၁၆၄ ဦးမှာ ကိုဗစ်-၁၉ ခံစားနေရရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်ဟု ကိုဗစ်-၁၉ ကိစ္စရပ်များဆိုင်ရာ အစိုးရပြောရေးဆိုခွင့်ရှိသူ အက်ခ်မတ်ယူရီအန်တိုက မေ ၅ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။




အစိုးရပြောရေးဆိုခွင့်ရှိသူ အက်ခ်မတ်ယူရီအန်တိုအား သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

ဂျကာတာမြို့တွင် လူပေါင်း ၁၀ သန်းခန့် မှီတင်းနေထိုင်ကြပြီး ကိုဗစ် -၁၉ ကြောင့်သေဆုံးသူ ၉၅ ဦးအထိ ရှိကာ အနောက်ဂျာဗားတွင် ၂၈ ဦး၊ ဂျာဗားကျွန်းအလယ်ပိုင်းတွင် ၁၈ ဦး၊ အရှေ့ဂျာဗားတွင် ၁၄ ဦး၊ ဘန်တန်တွင် ၁၇ ဦး သေဆုံးခဲ့ကြပြီးဖြစ်သည်။

ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး အရေးပေါ်ပြည်သူ့ကျန်းမာရေးအခြေအနေအဖြစ် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ကြေညာခဲ့သည်။ ကိုဗစ်- ၁၉ ဖြစ်ပွားရာနေရာများတွင် ဆေးစစ်မှုများ ပြုလုပ်ပေးခဲ့ပြီး ရောဂါပျံ့နှံ့မှုထိန်းချုပ်နိုင်ရေးအတွက် အပြင်ထွက်သည့်အခါ ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ကြရန်လည်း သမ္မတက တိုက်တွန်းခဲ့သည်။

အင်ဒိုနီးရှားအစိုးရသည် ၂၀၁၈ ခုနှစ်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားကျေးရွာအဖြစ် အသုံးပြုခဲ့သည့် ဂျကာတာမြို့လယ်ရှိ အားကစားကျေးရွာ အဆောက်အအုံကို ကိုဗစ် -၁၉ လူနာ ၂၄၀၀၀ ကို ကုသပေးနိုင်သည့်ဆေးရုံအဖြစ် အသွင်ပြောင်းလဲပေးခဲ့သည်။

ထို့အပြင် အင်ဒိုနီးရှားအစိုးရသည် ဂလန်းကျွန်းပေါ်ရှိ ၁၆ ဟက်တာ ကျယ်ဝန်းသည့် နေရာတွင် အရေးပေါ်ဆေးရုံတည်ဆောက်နေပြီး မေ ၆ ရက်တွင် ကုသမှုများ စတင်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ကူညီရန် တရုတ်ဆေးဘက်ဆိုင်ရာကျွမ်းကျင်အဖွဲ့ အလှူပစ္စည်းများနှင့်ရောက်ရှိ



တရုတ်နိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံသို့ လှူဒါန်းသည့် ကိုဗစ်-၁၉ ဆေးဝါးအထောက်အကူပစ္စည်းများကို တွေ့ရစဉ်။

ဖူကျို့ ဧပြီ ၅

**ကိုဗစ်-၁၉ တိုက်ဖျက်ရာတွင် အကူအညီပေးရန် တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန့်ပြည်နယ် ဖူကျို့မြို့မှ ဆေးဘက် ဆိုင်ရာကျွမ်းကျင်သူ ၁၂ ဦးပါအဖွဲ့ တစ်ဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံသို့ တနင်္ဂနွေနေ့က ထွက်ခွာလာကြောင်း နိုင်ငံတကာသတင်း တစ်ရပ်တွင် ဧပြီ ၅ ရက်က ဖော်ပြလိုက်သည်။**

အဆိုပါ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်အဖွဲ့တွင် ဆေးရုံသုံးရုံနှင့် ဖူကျန့်ပြည်နယ် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနမှ ကျွမ်းကျင်သူများ ပါဝင်ကြသလို ပြည်နယ်နိုင်ငံခြားရေးရုံးမှ ဆက်သွယ်ရေးအရာရှိနှစ်ဦးလည်းပါဝင်ကြောင်း သိရသည်။

၎င်းတို့၏ ရည်မှန်းချက်တွင် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရာတွင် တရုတ်နိုင်ငံ၏ အတွေ့အကြုံများကို မျှဝေရန်နှင့် လိုအပ်သော ကုသမှုဆိုင်ရာ အကြံပေးချက်များကို ထောက်ပံ့ပေးရန်ဖြစ်သည်။

မတ် ၂၄ ရက်ကလည်း တရုတ်နိုင်ငံအရှေ့ပိုင်း ရှီကျန်းပြည်နယ်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်အဖွဲ့သည် ကိုဗစ်-၁၉ ကာကွယ်ကုသမှုများနှင့်ပတ်သက်ပြီး ဖိလစ်ပိုင်နိုင်ငံရှိ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် အွန်လိုင်းမှတစ်ဆင့် တိုင်ပင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်အဖွဲ့နှင့်အတူ ပြည်နယ်အစိုးရက လှူဒါန်းလိုက်သော အသက်ရှူ အထောက်အကူပြုကိရိယာ ၃၀ခု၊ အကာအကွယ်ဝတ်စုံ ၅၀၀၀၊ ဆေးဘက်ဆိုင်ရာ နှာခေါင်းစည်း ၃၀၀၀၀၀၊ အင်န် ၉၅ နှာခေါင်းစည်း ၃၀၀၀၀၊ မျက်နှာကာ ၅၀၀၀ စသည့် ဆေးဘက်ဆိုင်ရာအရေးပေါ် ထောက်ပံ့ရေးပစ္စည်းများလည်း ပါဝင်ကြောင်း သိရသည်။ ၎င်းအဖွဲ့နှင့်အတူ အခြားသောအလှူရှင်များက လှူဒါန်းလိုက်သော ကပ်ရောဂါကာကွယ်ရေးပစ္စည်းများ ၁၂ တန်ခန့်လည်း ပေးပို့လိုက်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ရှန်ဟိုင်း၌ ကိုဗစ်-၁၉ လူနာသစ်နှစ်ဦး ထပ်မံတွေ့ရှိ


ရှန်ဟိုင်းမြို့ တစ်နေရာတွင် အမျိုးသမီးတစ်ဦး နှာခေါင်းစည်း စည်းထားသည်ကို တွေ့ရစဉ်။

**ရှန်ဟိုင်း ဧပြီ ၅**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ယမန်နေ့က နိုင်ငံခြားမှ ဝင်ရောက်လာသော ကိုဗစ်-၁၉ လူနာသစ်နှစ်ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း မြို့တော် မြူနီစီပယ် ကျန်းမာရေးကော်မရှင်က ဧပြီ ၅ ရက်တွင် ပြောကြားလိုက်သည်။

လူနာသစ်နှစ်ဦးအနက် တစ်ဦးမှာ ပြင်သစ်နိုင်ငံမှ လာရောက်ခြင်းဖြစ်ပြီး ကျန်တစ်ဦးမှာ ရုရှားမှ ဖြစ်ကြောင်း သိရသည်။ ယခုအခါရှန်ဟိုင်းမြို့တွင် ပြည်ပမှ ဝင်ရောက်လာသော အတည်ပြုလူနာစုစုပေါင်း အရေအတွက်သည် ၁၉၂ ဦးအထိ ရောက်ရှိသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါလူနာများအား သက်ဆိုင်ရာ ကုသရေးဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ၎င်းလူနာများနှင့် အတူလိုက်ပါလာသော လေယာဉ်ပေါ်တွင် အနီးကပ်ထိတွေ့မိခဲ့သည့် အခြားလူ ၁၀ ဦးကိုလည်း ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုအောက်တွင် ထားရှိထားကြောင်း သိရသည်။

လတ်တလောတွင် ပြည်ပမှ ဝင်ရောက်လာသော လူနာ ၁၉၂ ဦးအနက် ၂၉ ဦးမှာ ရောဂါသက်သာလာကာ ဆေးရုံမှ ဆင်းသွားကြပြီဖြစ်သောကြောင့် လူနာ ၁၆၃ ဦးသာ ဆေးရုံပေါ်တွင် ဆေးကုသမှု ဆက်လက်ခံယူလျက် ရှိကြောင်း၊ ၎င်းတို့အနက် တစ်ဦးမှာ ရောဂါပြင်းထန်လျက်ရှိကြောင်း ကော်မရှင်က ဆက်လက်ပြောကြားသည်။

ဧပြီ ၄ ရက်တွင် ပြည်တွင်းအချင်းချင်းကူးစက်မှုအသစ် လုံးဝမရှိကြောင်း ရှန်ဟိုင်း မြူနီစီပယ်ကဆက်လက်ပြောကြားသည်။ ပြည်ပမှ ပြန်ရောက်လာသော သံသယလူနာ ၂၄ ဦးကိုလည်း ဆက်လက်အတည်ပြုသွားမည်ဖြစ်ကြောင်း ကော်မရှင်က ပြောသည်။

ရှန်ဟိုင်းမြို့တွင် ပြည်တွင်းကူးစက်မှု အတည်ပြုလူနာ ၃၃၉ ဦးရှိကြောင်း၊ ဧပြီ ၄ ရက်အထိ ရောဂါသက်သာပျောက်ကင်းသူ ၃၂၇ ဦး ဆေးရုံမှ အသီးသီးဆင်းခွင့်ရခဲ့ကြောင်း ကျန်းမာရေးကော်မရှင်က ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

## ဆော်ဒီ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူပေါင်း ၁၄၀ ရှိ

**ရီယာ့ဒ် ဧပြီ ၅**

ဆော်ဒီအာရေဗျနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူပေါင်း ၁၄၀ ရှိကြောင်းနှင့် သေဆုံးသူ လေးဦးရှိပြီဖြစ်ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ဧပြီ ၅ ရက်တွင် ဖော်ပြလိုက်သည်။

အသစ်ထပ်မံကူးစက်ခံရသူများ အပါအဝင် ဆော်ဒီအာရေဗျတွင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၁၇၉ ဦးအထိရှိလာကြောင်း၊ ၄၂၀ မှာ အခြေအနေ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းသွားပြီဖြစ်ကာ ၂၉ ဦးမှာ သေဆုံးခဲ့ကြောင်း သိရသည်။

ဆော်ဒီကျန်းမာရေးဝန်ထမ်းများက တစ်ကမ္ဘာလုံးနှင့် နှိုင်းယှဉ်လျှင်ကိုဗစ်-၁၉ ဖြစ်ပွားမှုသည် မိမိနိုင်ငံတွင်နည်းပါးကြောင်း ဖော်ပြလိုက်သည်။

ကိုဗစ် - ၁၉ ကူးစက်မှုကို တားဆီးရန် မက္ကာ၊ မဒီနာပြီးလျှင် တတိယ နေရာရှိမြို့တော် ဂျက်ဒါတွင် ၂၄ နာရီကြာမထွက်ရအမိန့်ကို ဧပြီ ၄ ရက်က ထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။

**ဆင်ဟွာ**

## ပြင်သစ်နိုင်ငံ၌ ဆူဒန်ခိုလှုံသူက ဓားကိုင်ရမ်းကားမှု ပြုလုပ်ခဲ့ရာ လူနှစ်ဦးသေဆုံး

**ပါရီ ဧပြီ ၅**

ဆူဒန်ဒုက္ခသည်တစ်ဦးသည် ဧပြီ ၅ ရက်က ပြင်သစ်နိုင်ငံအရှေ့တောင်ပိုင်းတွင် ဓားကိုင်ရမ်းကားမှုပြုလုပ်ခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ကြောင်းနှင့် ၎င်းဖြစ်စဉ်ကို အကြမ်းဖက်ဖြစ်စဉ်ဟု ခေါ်ဝေါ်ပြောဆိုနေကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဓားကိုင်ရမ်းကားမှုကို နေ့လယ်ပိုင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က အဆိုပါရမ်းကားမှုကို စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ကိစ္စအဖြစ် ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကူးစက် ပြန့်ပွားမှုကို တားဆီးကာကွယ်မှုများ လုပ်ဆောင်သည့်အနေဖြင့် အသွားအလာကန့်သတ်မှုများ ပြုလုပ်လျက်ရှိသည့် ယခုလိုအချိန်အခါတွင် ထိုကဲ့သို့ ဓားကိုင်ရမ်းကားမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးအဖွဲ့က ယခုကိစ္စသည် အကြမ်းဖက်အဖွဲ့အစည်းများနှင့် သက်ဆိုင်ခြင်းရှိ မရှိ စုံစမ်းစစ်ဆေးလျက်ရှိသည်။

ခုခံကာကွယ်ခြင်းမပြုလုပ်သည့် အသက် ၃၀ ဝန်းကျင် ဆူဒန်မှခိုလှုံသူ အက်ဒယ်လာအေအိုဟုအမည်ရသည့် အဆိုပါ ကျူးလွန်သူကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **အေအက်ဖ်ပီ**


ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း အခင်းဖြစ်ပွားရာနေရာတွင် လုံခြုံရေးစောင့်ကြပ်နေသည့် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသည့် လူနာမရှိကြောင်း သတင်းထုတ်ပြန်

**ဟန္နိုင်း ဧပြီ ၅**

ဗီယက်နမ်နိုင်ငံ၌ ဧပြီ ၅ ရက် နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသည့် လူနာမရှိကြောင်း သတင်းထုတ်ပြန်လိုက်သည်။ ဗီယက်နမ်နိုင်ငံတွင် လက်ရှိ ကိုဗစ်-၁၉ အတည်ပြုလူနာ စုစုပေါင်း ၂၄၀ ခန့်ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဧပြီ ၅ ရက်သည် မတ် ၆ ရက်နောက်ပိုင်း ပထမဆုံး ကူးစက်လူနာသစ် လုံးဝမရှိသည့် နေ့တစ်နေ့ဖြစ်သည်ဟု ဗီယက်နမ်သတင်းအေဂျင်စီက ဧပြီ ၅ ရက်တွင် သတင်းဖော်ပြခဲ့သည်။ ဧပြီ ၄ ရက်က ဗီယက်နမ်နိုင်ငံ၌ အတည်ပြုလူနာသစ်သုံးဦးရှိကြောင်းနှင့် မတ် ၆ ရက်မှစတင်ကာ အတည်ပြုလူနာ ၂၂၄ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ဗီယက်နမ်နိုင်ငံတွင် ဧပြီ ၅ ရက်နံနက်ပိုင်းအထိ စောင့်ကြည့်နှင့် သီးသန့် ခွဲခြားနေထိုင်သူ ၇၄၀၀၀ နီးပါးရှိသလို သံသယလူနာ ၃၇၃၆ ဦးရှိကြောင်း သိရသည်။ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၉၀ အထိ ရှိသည်။

ဗီယက်နမ်နိုင်ငံအတွင်း လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံး သူမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မက္ကဆီကိုနိုင်ငံ မြောက်ပိုင်းတွင် ရာဇဝတ်ဂိုဏ်းများကြား ပစ်ခတ်မှုဖြစ်ပွားရာ ၁၉ ဦး သေဆုံး

**မက္ကဆီကိုစီးတီး မေ ၅**

မက္ကဆီကိုမြောက်ပိုင်း ချီဟွာဟွာပြည်နယ်တွင် ရာဇဝတ်ဂိုဏ်းအုပ်စုများကြား ထိပ်တိုက်ရင်ဆိုင်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူ ၁၉ ဦး ထက်မနည်း သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရှေ့နေချုပ်ရုံးမှ မကြာသေးမီက ပြောကြားလိုက်သည်။

ချီဟွာဟွာပြည်နယ် အနောက်ဘက် မတ်တရာ မြို့တော် ချူဟွိုင်ချူပါမြို့တွင် မေ ၃ ရက်ညနေပိုင်းက ရာဇဝတ်ဂိုဏ်းအုပ်စုများကြား ပစ်ခတ်မှု စတင်ဖြစ်ပွားခဲ့သည်ဟု သတင်းပေးပို့ချက်ရရှိခဲ့ကြောင်း ရှေ့နေချုပ်ရုံး၏ သတင်းပေးပို့ချက်တွင် ဖော်ပြထားသည်။

ဒေသဆိုင်ရာရဲတပ်ဖွဲ့နှင့် စစ်သားများသည် အခင်းဖြစ်ပွားရာနေရာ၌ ရုပ်အလောင်း ၁၈ လောင်းနှင့် ဒဏ်ရာရသူ နှစ်ဦးကို ရှာဖွေတွေ့ရှိခဲ့ပြီး ဒဏ်ရာရသူနှစ်ဦးအနက် တစ်ဦးမှာ ဆေးရုံရောက်ပြီးနောက် သေဆုံးသွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### ဂျာမနီနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ရှစ်သောင်းကျော်လာ

**ဘာလင် မေ ၅**

ဂျာမနီနိုင်ငံတွင် မေ ၄ ရက် ဒေသစံတော်ချိန် ၁၂ နာရီသတင်းထုတ်ပြန်ချက်အရ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၈၅၇၇၈ ဦး အထိ ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောရက်က ထပ်မံအတည်ပြုလူနာ ၆၀၈၂ ဦးရှိခဲ့ကြောင်းနှင့် ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူပေါင်း ၁၁၅၈ ဦးရှိခဲ့ကြောင်း ဂျာမနီနိုင်ငံ ကပ်ရောဂါထိန်းချုပ်ရေးဌာန၏ ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

ဂျာမနီနိုင်ငံတွင် အတည်ပြုလူနာ ၇၂ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၅၉ နှစ်အတွင်းဖြစ်ပြီး သေဆုံးသူ ဦးရေ၏ ၈၆ ရာခိုင်နှုန်းမှာ အသက် ၇၀ နှင့်အထက် လူကြီးများဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကြောင့် အထူးကြပ်မတ်စောင့်ကြည့်ကုသပေးနေရသူ ၂၄၂၄ ဦးရှိကြောင်း ဂျာမနီနိုင်ငံ ကပ်ရောဂါ ထိန်းချုပ်ရေးဌာန၏ ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

**ဆင်ဟွာ**

# ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူပေါင်း ၆၀၀၀၀ ကျော်လာမှုနဲ့အတူ အခြေအနေဆိုးတွေကို အကောင်းဆုံး ပြင်ဆင်ထားဖို့ တိုက်တွန်းလိုက်တဲ့ ဒေါ်နယ်ထရမ့်

*ထွန်းသစ်စ*

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးတဲ့သူအရေအတွက်ဟာ ၆၀၀၀၀ ကျော်လာတဲ့အချိန်မှာပဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကိုဗစ်- ၁၉ ကြောင့် သေဆုံးမယ့်လူအရေအတွက်ဟာ လာမယ့်ရက်အတွင်းမှာ ကြောက်စရာကောင်းလောက်အောင် မြင့်တက်လာနိုင်တဲ့အတွက် အဲဒီအခြေအနေတွေကို ကြိုတင်ပြင်ဆင်ထားကြဖို့ သူ့ရဲ့ပြည်သူတွေကို မေ ၅ ရက်က သတိပေးပြောကြားလိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်- ၁၉ အတည်ပြုလူနာအရေအတွက်ဟာ ၃၀၀၀၀၀ ကျော်လာသလို သေဆုံးသူအရေအတွက်ဟာလည်း ၈၃၀၀ ထက် မနည်းတော့ပါဘူး။ အီတလီနဲ့ စပိန်နိုင်ငံမှာလည်း အလားတူပဲ ကိုဗစ်- ၁၉ ကြောင့် စိတ်မအေးရပါဘူး။

**ငြိမ်သက်တိတ်ဆိတ်နေခဲ့**

ဗြိတိန်မှာလည်း တစ်နေ့တည်းကို သေဆုံးသူ အရေအတွက်ဟာ စံချိန်တင်မြင့်တက်လာခဲ့သလို ဥရောပမှာလည်း ကိုဗစ်-၁၉ ကို အလူးအလဲခံစားနေရပြီးတော့ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ အရေအတွက်ဟာ ၄၅၀၀၀ လောက်အထိ မြင့်တက်လာခဲ့ပါတယ်။

ကမ္ဘာတစ်ဝန်းလတ်တလောမှာ ကိုဗစ်-၁၉ အတည်ပြုလူနာ ၁ ဒသမ ၁၇ သန်းလောက်ရှိပြီး လွန်ခဲ့တဲ့နှစ် တရုတ်နိုင်ငံမှာ စတင်ဖြစ်ပွားလာတဲ့ ကိုဗစ် – ၁၉ ကြောင့် ယခုအချိန်အထိ သေဆုံးသူပေါင်းဟာလည်း ၆၃၄၃၇ ဦးအထိ ရှိလာပါတယ်။

ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လူပေါင်းသန်းချီဟာလည်း အသွားအလာကန့်သတ်မှုအမျိုးမျိုးထဲက တစ်နည်းမဟုတ် တစ်နည်းနဲ့ နေထိုင်နေကြပါတယ်။ အကြမ်းဖျင်းအားဖြင့် ကမ္ဘာ့လူဦးရေထက်ဝက်လောက်ဟာ နေအိမ်ထဲမှာသာနေထိုင်နေကြသလို ကျောင်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေလည်း ပိတ်ထားပါတယ်။ ဒီလိုအခြေအနေတွေမှာ ကမ္ဘာ့စီးပွားရေးဟာလည်း ပေးဆပ်မှုတွေ များလာပါတယ်။

ကမ္ဘာတစ်ဝန်းလုံး ကူးစက်ပျံ့နှံ့မှု မဖြစ်သေးခင် တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းမြို့တစ်မြို့ဖြစ်တဲ့ ဝူဟန်မြို့မှာ စတင်ဖြစ်ခဲ့တဲ့ ကိုဗစ်- ၁၉ ကြောင့် သေဆုံးခဲ့သူတွေကို ကြေကွဲဝမ်းနည်းတဲ့ အထိမ်းအမှတ်အနေနဲ့ တရုတ်နိုင်ငံဟာ မေ ၅ ရက်မှာ ငြိမ်သက်တိတ်ဆိတ်နေခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကားတွေ၊ ရထားတွေ၊ သင်္ဘောတွေဟာလည်း တူပြိုင်ဥသြတွေ ဆွဲခဲ့ပြီး လေကြောင်းမှအချက်ပေးသံတွေလည်း ပြုလုပ်ခဲ့ပါတယ်။

**ခက်ခဲတဲ့ဆုံးဖြတ်ချက်ကို ချရမယ်**

အိမ်ဖြူတော်မှာ မိန့်ခွန်းပြောကြားတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်ပြည်ထောင်စုအနေနဲ့ တကယ့်ကို ကြောက်မက်ဖွယ် အလွန်ဆိုးရွားတဲ့ အခြေအနေထဲကို ရောက်နေပြီလို့ ပြောကြားလိုက်ပါတယ်။ ဒါဟာ တကယ့်ကို ဆိုးရွားတဲ့ ရက်သတ္တပတ်ပါပဲလို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သလို သေဆုံးမှုတွေ များခဲ့တယ်လို့လည်း သူက ပြောလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်ပြည်ထောင်စုကို အသွားအလာကန့်သတ်မှုတွေ အမြဲတမ်းလုပ်သွားမှာ မဟုတ်ဘူးလို့ ပြောကြားလိုက်ပါတယ်။ ပြင်းထန်မှု (တင်းကျပ်မှု)ကို လျော့ပါးသက်သာစေခြင်းဟာ အလုပ်ဖြစ်မယ်မှန်းသိသော်လည်း မိမိတို့ဟာ မိမိတို့ရဲ့ နိုင်ငံကို ဘယ်တော့မှ ဖျက်ဆီးသွားမှာ မဟုတ်ကြောင်း၊ တိကျတဲ့ အခြေအနေတစ်ခုမှာ ခက်ခဲတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချရမှာပဲဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ပြောခဲ့ပါတယ်။



ပြင်သစ်နိုင်ငံက ကိုဗစ်-၁၉ ကူးစက်ခံရသော လူနာကို ရဟတ်ယာဉ်ဖြင့် တင်ဆောင်ရွှေ့ပြောင်းနေသည်ကို တွေ့ရစဉ်။

**ကူးစက်မှုနှုန်းလျော့ကျလာ**

ကိုဗစ်- ၁၉ ဆိုးရွားစွာဖြစ်ခဲ့တဲ့ အီတလီနိုင်ငံဟာ ဂရုတစိုက်ကုသမှုတွေမြောက်မြားစွာပြုလုပ်ပြီးနောက်မှာ ပထမဆုံးအကြိမ်အနေနဲ့ ကိုဗစ်- ၁၉ ကူးစက်မှုနှုန်းဟာ မေ ၃ ရက်မှာ ၄၀၆၈ ဦးမှ မေ ၅ ရက်မှာ ၃၉၉၄ ဦးအထိ လျော့ကျလာခဲ့ပါတယ်။ ဒါဟာ ဝမ်းမြောက်ဖွယ်သတင်းပဲ ဖြစ်ပါတယ်။

အီတလီ ကျန်းမာရေးအရာရှိတွေက သက်သေအဖြစ် ဒီလိုလျော့ကျသွားတဲ့ ပမာဏကို အမိအရဖမ်းဆုပ်နိုင်ခဲ့ပါတယ်။ အီတလီဟာ ဒုတိယကမ္ဘာစစ်ကတည်းက ယနေ့အချိန်အထိ ကိုဗစ်–၁၉ နဲ့ပတ်သက်ပြီး အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

ဒါဟာ တကယ့်ကို အရေးကြီးတဲ့အချက်အလက် ကိန်းဂဏန်းတွေပဲ ဖြစ်ပါတယ်လို့ အရပ်ဘက်ကာကွယ်ရေးအကြီးအကဲ အန်ဂျလိုဘော်ရီလီက ပြောလိုက်ပါတယ်။ အခုမှပဲ ဆေးရုံတွေ အသက်ရှူရတော့တယ်လို့ သူက ဆက်လက်ပြောကြားလိုက်ပါတယ်။

အီတလီနိုင်ငံတစ်ဝန်း မြင့်တက်နေတဲ့ နေ့စဉ် ကိုဗစ်- ၁၉ ကူးစက်မှုတွေဟာလည်း လျော့နည်းလာပါတယ်။ မေ ၅ရက်က အီတလီနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၆၈၁ ဦးသာ ရှိပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ ရက်သတ္တပတ်က နေ့စဉ်သေဆုံးမှုနှုန်း ၁၀၀၀ ကျော်အောက် လျော့နည်းခဲ့တာ ဖြစ်ပါတယ်။

**ပျော်ရတာအမော**

စပိန်နိုင်ငံဟာ လုံးဝနီးပါး အသွားအလာကန့်သတ်မှုတွေရဲ့အောက်မှာ ရှိနေပါတယ်။ အခုတော့ ကိုဗစ်–၁၉ ကူးစက်မှုနှုန်းဟာ နှစ်ရက်မြောက်နေ့အဖြစ် ၈၀၉ ဦးသာရှိပြီး ဆက်တိုက်ကျဆင်းလာတာကို တွေ့ရပါတယ်။ စပိန်နိုင်ငံမှာ စုစုပေါင်းသေဆုံးသူ အရေအတွက်ဟာ ၁၁၇၄၄ ဦးရှိပြီး အီတလီပြီးရင် ဒုတိယမြောက်နေရာက ရပ်တည်နေတာကို တွေ့ရပါတယ်။

ကိုဗစ်- ၁၉ အသစ်ထပ်မံဖြစ်ပွားသူအရေအတွက် လျော့ကျလာသော်လည်း စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ဇ်က နိုင်ငံကိုချမှတ်ထားတဲ့ အသွားအလာကန့်သတ်မှုပမာဏကို မေ ၂၅ ရက်အထိ သတ်မှတ်ခဲ့ပါတယ်။

စပိန်နိုင်ငံ မက်ဒရစ်ကွင်းပြင်ဆေးရုံမှာလည်း ဆေးဝန်ထမ်းတွေဟာ လူနာတစ်ယောက် ဆေးရုံက ဆင်းနိုင်တဲ့အနေအထားရောက်တဲ့အထိ ကျန်းမာလာပြီဆို ပျော်ရတာအမောပါပဲ။

**စိန်ခေါ်မှုတွေ ရင်ဆိုင်ဖို့တိုက်တွန်း**

ပြင်သစ်နိုင်ငံမှာလည်း မေ ၅ ရက်က ကိုဗစ်–၁၉ ကူးစက်မှုကြောင့် လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း သေဆုံးမှုဟာ ၄၄၁ ဦး ရှိခဲ့ပါတယ်။ ဒီပမာဏဟာ အရင်ရက်က သေဆုံးသူအရေအတွက် မှတ်တမ်းတင်ရလောက်အောင် များပြားခဲ့တဲ့ ၅၈၈ ဦးထက် လျော့နည်းခဲ့ပါတယ်။ ကိုဗစ်– ၁၉ စတင်ကူးစက်ပျံ့နှံ့တဲ့အချိန်ကစပြီး ယနေ့အချိန်အထိ ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူအရေအတွက်ဟာ ၇၅၆၀ အထိ ဖြစ်ခဲ့တယ်လို့ ကျန်းမာရေးဆိုင်ရာ ထိပ်တန်းအရာရှိတစ်ဦးဖြစ်တဲ့ ဂျီရှမ်းဆာလာမွန်က ပြောပါတယ်။

ဗြိတိန်နိုင်ငံရဲ့ ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူအရေအတွက်ဟာ အသက်ငါးနှစ်ခန့်ကလေးငယ်တစ်ဦး သေဆုံးမှုအပါအဝင် စုစုပေါင်း ၄၃၀၀ ကျော်အထိမြင့်တက်လာသလို ကိုဗစ်–၁၉ အတည်ပြုလူနာပေါင်းဟာလည်း ၄၂၀၀၀ အထိ ရှိခဲ့ပါတယ်။

ဘုရင်မကြီး အဲလိဇဘတ်–၂က ဗြိတိန်နဲ့ ဓနသဟာယနိုင်ငံတွေကို မိန့်ခွန်းပြောကြားလိုက်ပြီး ကိုဗစ်–၁၉ ဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်လာတဲ့ အန္တရာယ်တွေနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ ပြည်သူတွေကို တိုက်တွန်းလိုက်ပါတယ်။

**သံသယတွေနဲ့ ဝိရောဓိတွေဖြစ်**

အမေရိကန်မှာ ကိုဗစ်–၁၉ စတင်ဖြစ်ပွားရာဗဟိုချက်နေရာဖြစ်တဲ့ နယူးယောက်ပြည်နယ်မှာ တစ်နေ့တည်းကို သေဆုံးသူ အရေအတွက် ၆၃၀ နဲ့ စံချိန်တင်ခဲ့ပါတယ်။ ဒါဟာ အဆိုးဆုံးအခြေအနေကို မရောက်သေးဘူးလို့ မြို့တော်ဝန် အန်ဒရူးကူမိုက သတိပေးပြောကြားလိုက်ပါတယ်။ နယူးယောက်ပြည်နယ်မှာ စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် လူပေါင်း ၃၅၆၅ ဦးအထိ သေဆုံးခဲ့ပါတယ်။ နယူးယောက်မြို့မှာရှိတဲ့ လိုင်စင်ရဆေးဘက်ဆိုင်ရာကျွမ်းကျင်သူတွေကို ကူညီပေးဖို့လည်း တောင်းဆိုထားပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လိုအပ်တာတွေကို ကူညီဖို့ စစ်ဘက်ဆိုင်ရာ ဆရာဝန်တွေနဲ့ သူနာပြုပေါင်း ၁၀၀၀ ခန့်ကို နယူးယောက်မြို့မှာ ဖြန့်ကြက်ချထားတယ်လို့ ပြောကြားလိုက်ပါတယ်။

ဆေးဘက်ဆိုင်ရာစမ်းသပ်မှုတွေလုပ်ဆောင်နေဆဲဖြစ်သော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သူ့အနေနဲ့ အိန္ဒိယဝန်ကြီးချုပ် မိုဒီကို ငှက်ဖျားတိုက်ဖျက်ဆေးဖြစ်တဲ့ ဟိုက်ဒရိုကလိုရိုကွင်းတွေကို အလျင်အမြန် ပို့ပေးဖို့ တိုက်တွန်းပြောကြားထားပါတယ်။ အဲဒီဆေးတွေကို ကိုဗစ်–၁၉ တိုက်ဖျက်တဲ့နေရာမှာ အသုံးပြုဖို့ ဆရာဝန်တွေကို တိုက်တွန်းပြောကြားသွားမှာ ဖြစ်တယ်လို့ ထရမ့်က ဆက်လက်ပြောကြားလိုက်ပါတယ်။

မကြာသေးမီရက်များ အတွင်းက အမေရိကန်ပြည်ထောင်စု၊ ဂျာမနီနဲ့ ပြင်သစ်နိုင်ငံတွေအပါအဝင် အနောက်ပိုင်းနိုင်ငံတွေမှာ လူထုထဲသွားရင် နှာခေါင်းစည်းတွေ တပ်ဆင်ဖို့ ပြောကြားထားပါတယ်။ အရင်တုန်းကတော့ ရောဂါဖြစ်တဲ့သူပဲ နှာခေါင်းစည်းတပ်ရမယ်လို့ ဆိုထားသော်လည်း အခုတော့ အားလုံးကို နှာခေါင်းစည်းတပ်ဖို့ ညွှန်ကြားထားပါတယ်။ ကိုယ့်ဟာကိုယ်လုပ်တဲ့ နှာခေါင်းစည်းတွေနဲ့ ပတ်သက်ပြီးတော့လည်း သံသယတွေနဲ့ ဝိရောဓိတွေ ဖြစ်နေကြပါတယ်။

စမ်းသပ်လေ့လာမှု စစ်တမ်းသစ်အရ ကိုဗစ်– ၁၉ဟာ ချောင်းဆိုး၊ နှာချေတဲ့နေရာမှ တင်မကဘဲ စကားပြောရာမှလည်းကောင်း၊ အသက်ရှူရာမှလည်းကောင်း ကူးစက်နိုင်တယ်လို့ ဆိုထားပါတယ်။ အမေရိကန်အာဏာပိုင်တွေကတော့ ကိုယ့်ဟာကိုယ်လုပ်တဲ့နှာခေါင်းစည်းတွေဟာ ဒိုးပျံလို အမြန်နှုန်းနဲ့ကူးစက်နေတဲ့ ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်တယ်လို့ ဆိုထားပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ အဲဒီလိုနှာခေါင်းစည်းတွေဟာ မှားယွင်းတဲ့ကာကွယ်မှု ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ဆိုထားပါတယ်။ လူတွေကို လက်တွေကို စနစ်တကျဆေးခြင်းနဲ့ ခပ်ခွာခွာနေထိုင်တဲ့ အကျင့်တွေကိုပိုပြီးတော့ လိုက်နာစေချင်တဲ့ သဘောတွေ့ရပါတယ်။ ။

**ကိုးကား – အေအက်ဖ်ပီ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာကုသမှုပေးခြင်း၊ ရောဂါပိုး တွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာ ကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှု ခံယူနိုင်စေရေး ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ သတင်းရယူခြင်း၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များ ရရှိနိုင်ရေးအတွက် နေ့စဉ်သတင်းထုတ်ပြန်ခြင်း လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၄-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၅-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၃၈) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၅-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသောသူ (၅၅) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ လူနာ (၅၅) ဦးလုံး၏ ဓာတ်ခွဲအဖြေတွင် COVID-19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀) ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် လူနာ (၁) ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီ အထူးကုဆေးရုံကြီးတွင် လူနာ (၁၁) ဦး နှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် လူနာ (၁) ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁) ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြောင်းရွှေ့လူနာ (၁) ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့တွင် ပြည်သူ့ဆေးရုံ၊ ပေါက်ခေါင်းမြို့မှ ပြောင်းရွှေ့လူနာ (၄) ဦး၊ စုစုပေါင်း (၁၉) ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၁) ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၅။ ယခုအခါ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၅-၄-၂၀၂၀) ရက်နေ့အထိ မြန်မာ နိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၁) ဦး တွေ့ရှိလာရပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေး ပညာပေးအချက်အလက်များအား တိကျစွာလိုက်နာ ဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါ ကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မင်းတပ်မြို့၌ ကိုဗစ်-၁၉ စောင့်ကြည့်လူနာထားရှိမည့် အခန်းများကို သန့်ရှင်းရေးဆောင်ရွက်

**မင်းတပ် မေ ၅**

ချင်းပြည်နယ် မင်းတပ်ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးအတွက် စောင့်ကြည့် လူနာများထားရှိရန် ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာ (အဆောင်သစ်)ရှိ အခန်းပေါင်း ၂၀ အား စုပေါင်းသန့်ရှင်း ရေး ဆောင်ရွက်ခြင်းနှင့် ပိုးသတ် ဆေးဖျန်းခြင်းကို ယနေ့နံနက် ၉ နာရီ က ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**



အဆိုပါအခန်းများ၌ ပြည်ပမှ မင်းတပ်မြို့နယ်အတွင်းသို့ ပြန်လည် ရောက်ရှိလာသူများတွင် ကိုဗစ်-၁၉ ရောဂါ သံသယလူနာတွေ့ရှိပါက သီးခြားကုသနိုင်ရန် ခုတင်အလုံး ၂၀ ထားရှိထားကြောင်း၊ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ရာ၌ မင်းတပ် ခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်ထူး နှင့် ဌာနဆိုင်ရာများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ခရိုင်ကျန်းမာရေးဦးစီး ဌာနမှ ဒေါက်တာဇော်ဝင်းနိုင်နှင့် ဝန်ထမ်းများက အခန်းတွင်း ပိုးသတ် ဆေးဖျန်းခြင်းနှင့် အခန်းတွင်း ရေ မီး ကောင်းမွန်စွာရရှိရေး ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရ သည်။

**ဆလိုင်းအောင် (ပြန်/ဆက်)**

## ဟိုပန်၌ ကန့်သတ်စောင့်ကြည့်စခန်းများ ပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**ဟိုပန် မေ ၅**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီး အဖွဲ့၊ အလုပ်အမှုဆောင် ဦးရန်ကျော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦး နှင့်အဖွဲ့သည် မေ ၅ ရက် နံနက်က ဟိုပန်မြို့တွင် ပြည်ပနိုင်ငံများနှင့် ပြည်တွင်းရပ်ဝေးခရီးမှ ပြန်လာသည့် ပြည်သူများအား စောင့်ကြည့်ထားရှိ ရန်အတွက် မြို့နယ်အားကစားကွင်းရှိ မိုးလုံလေလုံ အားကစားရုံနှင့် ပွဲကြည့်စင် အောက်ထပ်တွင် ကန့်သတ် စောင့်ကြည့်စခန်းများ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေး ပြီး အုပ်ချုပ်ထောက်ပံ့မှု အဆင်ပြေ စေရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ ပြည်ပနှင့် ပြည်တွင်းရပ်ဝေးခရီးမှ ပြန်လာသူများကို နေအိမ်သို့ ပြန်ခွင့် မပြုတော့ဘဲ မေ ၅ ရက်မှ စတင်ကာ ထားရှိသွားမည်ဖြစ်သည်။



“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့ဝင် တွင် ပြည်သူ့ကျန်းမာရေးဌာန နှင့် ဌာနဆိုင်ရာ စုပေါင်းအဖွဲ့တို့မှ ကျန်းမာရေးစစ်ဆေးခြင်းကို ဇန်နဝါရီ လ နောက်ဆုံးပတ်မှ စတင်ဆောင်ရွက် ခဲ့ပြီး မြို့တွင်းရှိ လူနေအိမ်များ၊ သာသနိက အဆောက်အအုံများ၊ ဈေးနှင့် လူစည်ကားသော နေရာများ တွင် ပိုးသတ်ဆေးဖျန်းခြင်း၊ လက်သန့်ဆေးရည်နှင့် လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်း၊ လက်ဆေး နိုင်ရန် စီစဉ်ထားရှိပေးခြင်း၊ အသိပညာပေးပိုစတာများ စိုက်ထူ ခြင်း၊ ကျန်းမာရေးအသိပညာပေး လှည့်လည်လှုံ့ဆော်ခြင်းတို့ကို “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီး အဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းဒေသ ကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး များနှင့် လူမှုရေးအသင်းအဖွဲ့များက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**စိုင်းဇော်ခမ်း(ပြန်/ဆက်)**

## ဟိုင်းကြီးကျွန်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**ဟိုင်းကြီးကျွန်း မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်တွင် မေ ၄ ရက် ညနေ ၃ နာရီခန့်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်း၏ ဦးဆောင်မှုဖြင့် နယ်မြေအလိုက် ဒေသခံလူငယ်များက လူနေအိမ်များ၊ လူအများသွားလာမှု များသည့်နေရာများ၊ စာကြည့်တိုက်၊ ဈေးဆိုင်များ၊ ဘာသာရေး အဆောက်အအုံ များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တစ်ရပ်ကွက်လုံး ပိုးသတ်ဆေး ဖျန်းခြင်းကို ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမှတ်(၃)ရပ်ကွက်တွင် နယ်မြေ ၁၁ ခုရှိပြီး အိမ်ခြေ ၁၆၇၀ ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တစ်ရပ်ကွက်လုံး ပိုးသတ်ဆေးဖျန်း ခြင်းကို လူငယ်အဖွဲ့သုံးဖွဲ့ခွဲ၍ မေ ၃ ရက် ညနေပိုင်းက စတင်ဆောင်ရွက်နေ ခြင်းဖြစ်ပြီး တစ်ရပ်ကွက်လုံး ဆေးဖျန်းနိုင်ရေးအတွက် မေ ၅ ရက်အထိ ဆောင်ရွက်နေကြောင်း ဆေးဖျန်းခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်နေသော ဒေသခံ ဦးအင်းလေးက ပြောသည်။

အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များကို ရာအိမ်မှူး၊ ဆယ်အိမ်မှူး များကတစ်ဆင့် တစ်ရပ်ကွက်လုံးရှိ ဒေသခံများ အားလုံးသို့ တစ်အိမ်တက်ဆင်း ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ နေ့စဉ်ခရီးသည်တင် ရေယာဉ်များ၊ ကားများ ဖြင့်လိုက်ပါလာသော ခရီးသွားပြည်သူများ၏ ဝင်ထွက်မှုကိုလည်း စောင့်ကြည့် မှတ်တမ်းရယူကာ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများကို မြို့ပေါ် ရပ်ကွက်အတွင်းရှိ ကျန်းမာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



မေ ၅ ရက်က ငွေကျပ် သိန်း ၁၆၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှင့် ကုသရေးဆိုင်ရာသုံး ပစ္စည်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းနှင့် ဇနီး ဒေါ်သက်ခိုင် (သင်္ကေတရုပ်ရှင်ထုတ်လုပ်ရေး) မိသားစုက တောင်ငူဆေးရုံအုပ်ကြီး ဒေါက်တာစောဘိုဇော်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

သူရ (တောင်ငူ)

# ဝါးခယ်မ၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းများဖြန့်ဝေ



**ဝါးခယ်မ ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မ မြို့နယ်အတွင်း ယနေ့ နံနက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးအတွင်း ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ ပေးဝေပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအဖွဲ့များ စုပေါင်းပြီး ဈေးရောင်း၊ ဈေးဝယ်များ၊ အနေး ယာဉ်လုပ်သားများနှင့် ပြည်သူများကို နှာခေါင်းစည်းများ ပေးဝေပြီး အသိ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

"ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး အသိပညာ ကျယ်ကျယ်ပြန့်ပြန့် ရရှိစေဖို့ ကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်တဲ့ အနေနဲ့ အခုလိုဆောင်ရွက်ပေးတာပါ။ တစ်ဦးတစ်ယောက်ကစပြီး မိမိတို့ရဲ့ မိသားစုဝင်တွေကို လက်ဆင့်ကမ်း အသိပညာ ဖြန့်ဝေနိုင်စေဖို့ ရည်ရွယ်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးရခြင်းဖြစ်ပါတယ်"ဟု ဒေါ်ဖြိုးပပက ပြောသည်။

**လွမ်းသီဟ(ပြန်/ဆက်)**

# ကျောင်းကုန်း၌ ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ရန်ပုံငွေပေးအပ်

**ကျောင်းကုန်း ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး လူမှုရေး ဝန်ကြီး ဒေါက်တာလှမြတ်သွေးသည် ဧပြီ ၅ ရက် နံနက် ၉ နာရီခွဲက ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပြီး အလှူငွေများ ပေးအပ်သည်။

အစည်းအဝေးတွင် မြို့နယ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ကျောင်းကုန်းမြို့တွင် အသွားအလာ ကန့်သတ်စောင့်ကြည့်စခန်း ခြောက်ခု ဖွင့်လှစ်ထားပြီး သုံးနေရာတွင် စောင့်ကြည့်ခံရသူ ၁၄ ဦး ထားရှိထားကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်လူနာ ထားရှိရန် မြို့နယ်ပြည်သူ့ဆေးရုံ ခုတင် ၅၀ ဆံ့ နှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ နှစ်ခုတွင် အသင့်ပြင်ဆင်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ကျောင်းကုန်း မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ် ကုသရေးအတွက် အလှူငွေကျပ် သိန်း ၁၂၀ ကျော် ရရှိထားပြီး ကျန်းမာရေးဝန်ထမ်းများ အတွက် ငွေကျပ် ၄၈ သိန်းကျော် တန်ဖိုးရှိ လိုအပ်သည့် ပစ္စည်းများ ဝယ်ယူထားရှိကြောင်း၊ လက်ကျန်ငွေ ကျပ် ၇၂ သိန်း ကျော်ရှိကြောင်း၊ ကျောင်းကုန်းမြို့နယ် ကျန်းမာရေးဝန်ထမ်း ၂၃၀ အား ဖုန်းဘေလ် ၅၀၀၀ ကျပ်နှင့် ဆိုင်ကယ် ဆီဖိုး ၂၀၀၀ ကျပ် စုစုပေါင်း ငွေကျပ် ၁၆ သိန်းကျော်ကို မြို့နယ်လုပ်ငန်း ကော်မတီမှ ထောက်ပံ့ပေးမည်ဖြစ် ကြောင်း ကော်မတီဝင်တစ်ဦးထံမှ သိရသည်။

ထို့နောက် တိုင်းဒေသကြီး လူမှု ရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ် ကုသရေးအတွက် ရန်ပုံငွေကျပ်သိန်း ၁၂၀ နှင့် နှာခေါင်းစည်း ၁၀၀၀ တို့ကို လည်းကောင်း၊ မုတ်သုန် ကျေးလက် ဖွံ့ဖြိုးရေးစင်တာမှ ဒေါက်တာ သောင်းထွန်းက ကိုဗစ်-၁၉ အလှူငွေ ကျပ် ၁၀၀၀၀၀ ကို လည်းကောင်း မြို့နယ်အဆင့် ကိုဗစ် - ၁၉ လုပ်ငန်း ကော်မတီထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ပခုက္ကူ၌ ကိုဗစ် - ၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သုံးဘီးဆိုင်ကယ်များကို ပိုးသတ်ဆေးဖျန်း

**ပခုက္ကူ ဧပြီ ၅**

ပခုက္ကူမြို့နယ် ကြက်ခြေနီအသင်းမှ ဦးစီး၍ ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်နိုင်ရေးအတွက် မြို့ပေါ် ရပ်ကွက်အတွင်း သုံးဘီးဆိုင်ကယ် များအား ဧပြီ ၅ ရက် နံနက် ၈ နာရီခွဲမှ စတင်၍ အဆိုပါအသင်းရုံးရှေ့၌ ပိုးသတ်ဆေးရည် အခမဲ့ပက်ဖျန်း ပေးကြသည်။

အဆိုပါ ပိုးသတ်ဆေးပက်ဖျန်း ရာတွင် မြို့နယ်ကြက်ခြေနီအသင်း တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက် များမှ သုံးဘီးဆိုင်ကယ်အစီးပေါင်း ၁၀၀၀ ကျော်အား ပိုးသတ်ဆေး ပက်ဖျန်းပေးခဲ့ကြသည်။ **(အောက်ပုံ)**



ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ နှင့်အဝန်း ဖြစ်ပွားလျက်ရှိပြီး ပြည်တွင်းတွင်လည်း ရောဂါပိုးတွေ့ရှိ သူများပြားလာခြင်း၊ စောင့်ကြည့် လူနာများ ရှိနေခြင်းတို့ကြောင့် ပခုက္ကူ ခရိုင်အတွင်းရှိ မြို့နယ်များအပြင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးနှင့် ချင်းပြည်နယ် နှင့် ရန်ကုန်မြို့မှ ခရီးသွားပြည်သူများ ဝင်ထွက် သွားလာမှုများသည့် မြို့ ဖြစ်သည်နှင့်အညီ ထိုသို့ ဝင်ထွက် သွားလာကြသည့် ခရီးသွားပြည်သူ အများအသုံးပြုသည့် သုံးဘီးဆိုင်ကယ် များကို ရောဂါကူးစက်ပြန့်ပွားမှု မရှိ စေရေးအတွက် ကြိုတင်ကာကွယ် သည့် လုပ်ငန်းအဖြစ် ပိုးသတ်ဆေး များ အခမဲ့ပက်ဖျန်းပေးကြခြင်းဖြစ် ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း စားသောက်ကုန်များ လှည့်လည်ရောင်းချ

**မန္တလေး ဧပြီ ၅**

မန္တလေး ချမ်းအေးသာစံမြို့နယ် ၈၆ လမ်း- ၃၂လမ်းနှင့် ၃၃ လမ်းကြားရှိ မန္တလေးပွဲစားကုန်သည် စက်ပိုင်များ ကထိန်တော်အသင်း(မန္တလေး ကုန်စည်ဒိုင်) က ကြီးမှူး၍ ဒေသခံပြည်သူများ ကုန်ဈေးနှုန်းအပေါ် စိုးရိမ်မှုများ လျော့ပါး စေရန်နှင့် စားသောက်ကုန်များ ဖူလုံရေး ကုန်ဈေးနှုန်း သက်သာချောင်ချိရေး အတွက် ယနေ့ နံနက်ပိုင်းက မန္တလေး အောင်မြေသာစံမြို့နယ် လမ်း ၈၀- ၂၆ လမ်းမှ ၉ လမ်းအတွင်း ရပ်ကွက်များသို့ အခြေခံစားသောက်ကုန်များကို ကားများ ဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

အဆိုပါ စားကုန်များတွင် ကုလားပဲခြမ်း ၅၀ သား ကျပ် ၈၀၀၊ ကြက်သွန် ကြော် တစ်ထုပ် ကျပ် ၈၀၀၊ ငရုတ်ကြမ်းမှုန့်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့် ကျပ် ၁၅၀ နှုန်းစီ၊ လက်ဖက်နှင့် ပဲကြော်စုံ ကျပ် ၂၀၀ နှုန်းတို့ဖြင့် ရောင်းချခဲ့ကြသည်။

မန္တလေး ပွဲစားကုန်သည် စက်ပိုင်များ ကထိန်တော်အသင်း (ကုန်စည်ဒိုင်) မှ ကုန်ဈေးနှုန်းတည်ငြိမ်စေရန်အတွက် အသင်းသား အသင်းသူများအား ကုန်စည်ဒိုင်အမည်ဖြင့် တရားဝင် Viber Group ဖွဲ့ကာ ဖုန်းဖြင့် ချိတ်ဆက် အရောင်းအဝယ် ခွင့်ပြုကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားနေချိန်တွင် စားသောက်ကုန်ပြတ်လပ်ခြင်းမရှိဘဲ ဈေးနှုန်းတည်ငြိမ်ရေးအတွက် ယနေ့အထိ ကုန်စည်ဒိုင်အား အချိန် အကန့်အသတ်ဖြင့် ဖွင့်လှစ်ပေးထားရန် ကုန်စည်ဒိုင် ဥက္ကဋ္ဌက အကြံပြုထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဆားလင်းကြီးတွင် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး အသိပညာပေးဆောင်ရွက်လျက်ရှိ

**ဆားလင်းကြီး ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်တွင် မြို့အဝင်အထွက်ဂိတ် များတွင် အပူချိန်တိုင်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် လက်ကမ်း စာစောင် ဖြန့်ဝေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ဧပြီ ၄ ရက်အထိ ပြည်ပမှ ပြန်လည်ဝင်ရောက် လာသူ ၁၁၄၁ ဦးရှိရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နေအိမ်တွင် ကန့်သတ်စောင့်ကြည့်ခံရသူ ၈၄ ဦး၊ ဘာသာရေးအဆောက်အအုံတွင် ၄၈ ဦး၊ ဆေးရုံတွင် နှစ်ဦး၊ ညှော့်ရိပ်သာတွင် နှစ်ဦး၊ စာသင်ကျောင်းများတွင် ၅၄၄ ဦး နှင့် အခြားနေရာများတွင် ၁၄ ဦး စုစုပေါင်း ၆၉၄ ဦးရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်ခံရသူများအနက်မှ ကျန်းမာရေးကောင်းမွန်၍ နေအိမ် များသို့ ပြန်လည်စေလွှတ်သူ ၄၄၇ ဦးရှိပြီဖြစ်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ဇော်လင်း(ဆားလင်းကြီး)**

# ညောင်တုန်းမြို့၌ ကိုဗစ် - ၁၉ ကြိုတင်ကာကွယ်ရေး ပြည်တွင်း၊ ပြည်ပမှ ပြန်လာသူများအား အသွားအလာကန့်သတ်စောင့်ကြည့်မှုများဆောင်ရွက်

**ညောင်တုန်း ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ပြန်လာသူများအား နေအိမ်တွင် အသွားအလာ ကန့်သတ်ခြင်းနှင့် သတ်မှတ်နေရာများတွင် အသွားအလာ ကန့်သတ်မှုများကို မတ် ၂၇ ရက်မှစတင်က မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ညောင်တုန်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာများအလိုက် ၁၄ ရက်ကြာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် သီးခြားထား ရှိသော နေရာအဖြစ် မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် နီးစပ်ရာ နေရာများရှိ ပြည်ပနိုင်ငံများမှ ပြန်လာသူများကို အ-ထ-က (၁)နှင့် ကျေးရွာများရှိ စာသင်ကျောင်းစသည့် စောင့်ကြည့် ရေးစခန်း ခုနစ်နေရာနှင့် ပြည်တွင်းမှ ပြန်လာသူများကို ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ နီးစပ်ရာ စာသင်ကျောင်း များအား သီးခြားထားရှိရန် နေရာအဖြစ် သတ်မှတ်ပြင်ဆင် ဆောင်ရွက်ထားရှိသည်။

ညောင်တုန်းမြို့နယ်တွင် မတ် ၂၇ ရက်မှ ဧပြီ ၄ ရက် အထိ ပြည်ပမှ ပြန်လာသူ ၇၅ ဦးအနက် ခုနစ်ဦးမှာ ၁၄ ရက်တာစောင့်ကြည့်ခဲ့ပြီး ကျန်းမာရေးကောင်းသဖြင့် ၎င်းတို့နေအိမ်သို့ ပြန်လည်နေထိုင်ရန် ခွင့်ပြုခဲ့သည်။ ကျန်ရှိနေသေးသည့် စောင့်ကြည့်ရေးစင်တာ ခုနစ်ခုတွင် ပြည်ပမှ ပြန်လာသူ ၆၈ ဦး၊ ပြည်တွင်းမှ ပြန်လာသူ ၁၀၄၁ ဦးရှိရာ စုစုပေါင်း ၁၁၀၉ ဦးတို့ကို အသွားအလာ ကန့်သတ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ နေ့စဉ် ဆောင်ရွက်ပေးနေကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန် သီးခြားထား ရှိသော နေရာများသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိ သူများနှင့် လူမှုရေးအသင်းအဖွဲ့တို့က သွားရောက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝဋ္ဌနိုင်(ညောင်တုန်း)**



အသွားအလာကန့်သတ် စောင့်ကြည့်ခံရသူတစ်ဦးအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးစဉ်။

# ဗဟန်း ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံသို့ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း နှာခေါင်းစည်းများ လှူဒါန်း

**ရန်ကုန် မေ ၅**

မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းသည် ကိုဗစ်–၁၉ ကာကွယ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် နှာခေါင်းစည်း အခုရေ ၁၀၀၀၀ အား ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံသို့ မေ ၃ ရက် နံနက်ပိုင်းက ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲကို အဆိုပါဆေးရုံညှိနှိုင်းခန်းမ၌ ပြုလုပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းယုဇော်၊ ဆေးရုံအုပ် ဒေါက်တာခင်ချိုလတ်နှင့် ဆရာမများ၊ မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ ဦးအေးမင်းနှင့် ဒေါ်စိုးယုတို့က နှာခေါင်းစည်း အခုရေ ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းယုဇော်နှင့် ဆေးရုံတာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

**အာကာလင်း**




ဗဟန်း ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံသို့ မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း နှာခေါင်းစည်းများ လှူဒါန်းစဉ်။

## ပင်းတယမြို့၌ ကိုဗစ်- ၁၉ အတည်ပြုလူနာအမှတ် ၈ နှင့် ထိတွေ့ခဲ့သဖြင့် ကန့်သတ်စောင့်ကြည့်ခံရသူများအား နေအိမ်သို့ပြန်ခွင့်ပြု

**ပင်းတယ မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်သို့ ပြန်ရောက်လာသည့် နေရပ်ပြန်အချို့နှင့် ကိုဗစ်–၁၉ အတည်ပြုလူနာ အမှတ် ၈ နှင့် ထိတွေ့ခဲ့သူများအား မေ ၄ ရက် ညနေပိုင်းတွင် အသွားအလာ ကန့်သတ်ထားရှိရာနေရာများမှ နေအိမ်သို့ ပြန်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ အတည်ပြုလူနာ အမှတ် ၈နှင့် ထိတွေ့ခဲ့ပြီး ကန့်သတ်စောင့်ကြည့်ခံရသူများဖြစ်သည့် ရွှေဥမင်ဘုရားမှဝန်ထမ်းများ၊ Green Tea စားသောက်ဆိုင်မှ ဝန်ထမ်းများနှင့် အောင်ရိုးရာ ထီးလုပ်ငန်းမှ မိသားစုဝင်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆေးရုံအုပ်ကြီး ဒေါက်တာမို့မို့ကြည်တို့က လိုအပ်သည်များကို မှာကြားကာ စောင့်ကြည့်ကာလပြည့်ပြီဖြစ်၍ ကျန်းမာရေးကောင်းမွန်သဖြင့် နေအိမ်များသို့ ပြန်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကိုလည်း မြို့နယ်လက်ထောက်ကုသရေးမှူး ဒေါက်တာကျော်ကျော်ဟိန်းနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်ပြီး စောင့်ကြည့်ကာလ ၁၄ ရက် ပြည့်မြောက်ပြီဖြစ်သဖြင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၂၈ ဦးအနက် ၁၃ ကို နေအိမ်သို့ပြန် ခွင့်ပြုခဲ့ပြီဖြစ်သည်။ ကျန်ရှိနေသည့် ပြည်ပမှ ပြန်လာသူ ၁၅ ဦးကိုလည်း စောင့်ကြည့်ကာလပြည့်လျှင် ပြန်လည်စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မျိုးနွယ်(ပင်းတယ)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ရေလမ်းခရီးမှလာရောက်သူများအား ကျန်းမာရေးစစ်ဆေးခြင်းများပြုလုပ်

**မြင်းမူ မေ ၅**

စစ်ကိုင်းခရိုင် မြင်းမူမြို့အတွင်း ဝင်ရောက်ဖြတ်သန်း သွားလာသူများသည် ကုန်းလမ်း၊ ရေလမ်းအသီးသီးမှ ဝင်ရောက်လျက်ရှိရာ ဝင်ရောက်လာသူများတွင် ကိုဗစ်–၁၉ ရောဂါများ ပါဝင်လာမှုမရှိစေရေးအတွက် မြို့နယ်ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအဖွဲ့များက စနစ်တကျ စစ်ဆေးဆောင်ရွက်ခြင်းများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာအသီးသီးမှ ဒေသခံများသည် မြင်းမူမြို့သို့ စက်တပ်ရေယာဉ်များဖြင့် နေ့စဉ် လာရောက်လျက် ဈေးအရောင်းအဝယ်ပြုလုပ်လျက်ရှိကြရာ တစ်ရက်လျှင် ရေယာဉ်ခေါက်ရေ ၃၀ နှင့်အတူ ရဲပဒိုင်းဆိပ်ကမ်းသို့ လူဦးရေ ၆၀၀ ကျော် ဝင်ထွက်လျက်ရှိကြောင်း အမှတ်(၃)နယ် အရှေ့ပိုင်းရပ်ကွက် အုပ်ချုပ်မှူးရုံး စာရေးဖြစ်သူ ဦးထွန်းအောင်ခိုင်ထံမှ သိရသည်။

ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို နေ့စဉ်ရေယာဉ်စတင်ဆိုက်ကပ်ချိန် နံနက် ၆နာရီမှ ရေယာဉ်ပိတ်သိမ်းချိန် ညနေ ၄ နာရီအထိ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ စည်ပင်သာယာရေးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**



## တာချီလိတ်မြို့တွင် ပြည်ပမှပြန်လာသူများအား ၁၄ ရက် ကန့်သတ်စောင့်ကြည့်ခဲ့ရာ စောင့်ကြည့်ရက်စေ့ပြီး ကျန်းမာရေးကောင်းမွန်သူ ၉၂ ဦးကို နေရပ်သို့ ပြန်လည်စေလွှတ်

**တာချီလိတ် မေ ၅**

မြန်မာ – ထိုင်းနယ်စပ်ဒေသ တာချီလိတ်မြို့တွင် မတ် ၂၃ ရက်က ထိုင်းနိုင်ငံနေရာ ဒေသအသီးသီးမှ တရားမဝင်မြန်မာနိုင်ငံသား ၉၂ ဦးကို ၁၄ ရက်ကြာ ကန့်သတ် စောင့်ကြည့်ပြီးနောက် ကိုဗစ် – ၁၉ ကင်းရှင်းကြောင်း သိရှိရသဖြင့် မေ ၅ ရက်က ၎င်းတို့နေထိုင်ရာအရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ပြန်လည်ပို့ဆောင်ရာတွင် ၁၄ ရက်ကြာ စောင့်ကြည့်ခြင်း၊ ကိုဗစ်–၁၉ ကူးစက်မှုကင်းရှင်းကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဆေးရုံအုပ်ကြီးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်ပါစာကို ပေးအပ်ပြီး မိမိတို့နေထိုင်ရာဒေသအရောက် စင်းလုံးငှားမော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ လမ်းစရိတ်များ ထောက်ပံ့ပေးခြင်းနှင့် အခြားလိုအပ်သည်များကို တာဝန်ရှိ ပုဂ္ဂိုလ်များက စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရေးတုံ့ပြန်ဆောင်ရွက်မှုနှင့် ထိန်းချုပ်ရေးလုပ်ငန်းစဉ်အနေဖြင့် တာချီလိတ်မြို့သည် ပထမဆုံးအကြိမ်ဖြစ်ပြီး နေထိုင်စားသောက်ကျွေးမွေးစရိတ်နှင့် အခြားဝန်ဆောင်မှုမပါဘဲ နေရပ်ပြန်ခရီးအတွက် မော်တော်ယာဉ်ငှားရမ်းခနှင့် လမ်းခရီးစရိတ်အတွက် မြန်မာငွေကျပ် သိန်း ၈၀ ကျော်ကုန်ကျခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ထံမှ သိရသည်။

၁၄ ရက်ကြာ စောင့်ကြည့်ကာလအတွင်း ၎င်းတို့၏ နေထိုင်စားသောက်စရိတ်ကို သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID–19 ကူးစက်မြန်ရောဂါကို ကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့–

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကို မထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့်ပါးစပ်တို့ကို တစ်ရှူးဖြင့်အုပ်၍ ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျ ပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေး ပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်း အောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန



# ဟင်္သာတမြို့နယ်နှင့် လေးမျက်နှာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေများပေးအပ်

**ဟင်္သာတ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်နှင့် လေးမျက်နှာမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီသို့ ထောက်ပံ့ငွေများ ပေးအပ်သည့် အခမ်းအနားကို ယနေ့ နံနက်က ဟင်္သာတမြို့ ဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

### ထောက်ပံ့ပေးအပ်

ရှေးဦးစွာ ခရိုင် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် ထောက်ပံ့ငွေ လက်ခံယူမည့် မြို့နယ်ကော်မတီဥက္ကဋ္ဌတို့က ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့ရာ မြို့နယ်ကော်မတီဥက္ကဋ္ဌများက လက်ခံယူကြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဌေးဌေးလှိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးသန္တာကြည်တို့က လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများက ဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်း စောင့်ကြည့်ရေးစင်တာနှင့် ဟင်္သာတ တက္ကသိုလ် စောင့်ကြည့်ရေးစင်တာတို့တွင် ပြည်ပမှ ပြန်လာသူများအား ၁၄ ရက် စောင့်ကြည့်ထားရှိမှုကို လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)




ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် မြို့နယ်များအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# တောင်ကြီး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**တောင်ကြီး မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီး မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီတို့က ယနေ့ နံနက် ၆ နာရီမှ ည ၆ နာရီအထိ တောင်ကြီး မြို့အဝင်ဂိတ် လေးဂိတ်တွင် ပူးပေါင်း အဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးပေး ခြင်း၊ အပူချိန်တိုင်းတာခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးခြင်း များ ဆောင်ရွက်ခဲ့ပြီး ကားများ၊ ဆိုင်ကယ်များအား ပိုးသတ်ဆေး ဖျန်းပေးခဲ့ကြသည်။

ယနေ့အထိ တောင်ကြီးမြို့အဝင် ဂိတ် လေးဂိတ်တွင် ယာဉ် ၁၈၉၄ စီး ကို ပိုးသတ်ဆေးဖျန်းခြင်းနှင့် ခရီးသည် ၅၂၃၁ ဦးတို့ကို ကျန်းမာရေး စစ်ဆေးပေးခဲ့ပြီး ပြည်ပမှ ဝင်ရောက်လာသူမရှိကြောင်း သိရသည်။



တောင်ကြီးမြို့အဝင်ဂိတ်တွင် ဆိုင်ကယ်များကို ပိုးသတ်ဆေးဖျန်းပေးနေစဉ်။

တောင်ကြီးမြို့နယ် အတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ များအား ၁၄ ရက်တာကာလ စောင့်ကြည့်ခြင်းအား ကန့်သတ် စောင့်ကြည့် စခန်း ၁၂၇ နေရာ ဖွင့်လှစ်၍ ကန့်သတ်စောင့်ကြည့်ခံရသူ အမျိုးသား ၅၄၉ ဦးနှင့် အမျိုးသမီး ၃၉၈ ဦး စုစုပေါင်း ၉၄၇ ဦး စောင့်ကြည့် စစ်ဆေးပေးထားသည်။

အဆိုပါ ကန့်သတ်စောင့်ကြည့် နေရာများတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီမှ ကြီးကြပ်၍ မြို့ပေါ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မတီ များအနေဖြင့် ကျန်းမာရေးစစ်ဆေး ခြင်း၊ စောင့်ကြည့်ခြင်း၊ စားနပ်ရိက္ခာ ထောက်ပံ့ခြင်းများကို ဆောင်ရွက် ပေးထားပြီးဖြစ်ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

# ဒီပဲယင်းမြို့နယ်၌ ပြည်ပမှပြန်လာသူ ၁၃၂ ဦးအား ၁၄ ရက် သီးခြားစောင့်ကြည့်သည့် နေရာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**ဒီပဲယင်း မေ ၅**

ဒီပဲယင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်စေရေးအတွက် ပြည်ပမှ ပြန်လာသူ ၁၃၂ ဦး အား ၁၄ ရက် သီးခြားစောင့်ကြည့်သည့် နေရာများသို့ ယနေ့ နံနက်ပိုင်းတွင် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ၁၄ ရက် သီးခြားစောင့်ကြည့်သည့်နေရာများသို့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမင်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လင်းတို့က နှာခေါင်းစည်း၊ ရောဂါကာကွယ်ရေးဝတ်စုံ၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်ထုပ်၊ ယမ်းယမ်းထုပ်၊ ဆပ်ပြာနှင့် ပိုးသတ်ဆေးဘူးများကို ပေးအပ်လှူဒါန်းသည်။

ပြည်ပမှ ပြန်လာသူများ နေထိုင်သည့် ဆပ်သွား အမကကျောင်းတွင် ၄၁ ဦး၊ မင်းဂံ အမက ကျောင်းတွင် ၁၄ ဦး၊ အောင်သာယာ အမက ကျောင်းတွင် ၁၅ ဦး၊ ဆပ်လူး အမကကျောင်းတွင် ၃၈ ဦး၊ အိုင်ရှည် အမကကျောင်းတွင် ၁၄ ဦး၊ ဆုံကုန်း အထက(ခွဲ)ကျောင်းတွင် ခြောက်ဦး၊ ဆည်တော အထက(ခွဲ) ကျောင်းတွင် လေးဦးဖြစ်ပြီး ၁၄ ရက် သီးခြားစောင့်ကြည့်လူဦးရေ စုစုပေါင်း ၁၃၂ ဦးရှိကြောင်း သိရသည်။

မွေးကြူဇင်



# ကျီခါးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**ကျီခါး မေ ၅**

ချင်းပြည်နယ် ကျီခါးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုစေရန် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ရာတွင် ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် ဆောင်ရွက်သည့် ကျီခါးမြို့(အ. ထ. က) ကျောင်းဆောင်များ၊ မိုးလုံလေလုံအားကစားရုံ အတွင်း အပြင် နေရာများ၊ မီးသတ်ဦးစီးဌာန၊ လူစုလူဝေး များသည့် နေရာများနှင့် လမ်းများ၌ မြို့အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင် ဦးဆောင်သော ဌာနဆိုင်ရာများ၊ ကျီခါးလူငယ်အဖွဲ့မှ တာဝန်ရှိသူ များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆလိုင်းလိန်းမာန် (ပြန်/ဆက်)

## 2019 Novel Coronavirus အဆုတ်ရောင်ရောဂါ ကာကွယ်နိုင်ရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုခြင်းဆိုင်ရာ အကြံပြုချက်များ

- ဖျားခြင်း၊ နှာချေ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာရှိသူများသည် ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို အနီးကပ် ပြုစုစောင့်ရှောက်နေသူများသည်လည်း ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) ကို အသုံးပြုရပါမည်။
- အထက်ပါရောဂါလက္ခဏာရှိသူကို ပြုစုကုသနေသော ကျန်းမာရေးဝန်ထမ်းများအနေဖြင့်မူ အခြေအနေအပေါ်မူတည်၍ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) သို့မဟုတ် N95 Mask ကို အသုံးပြုရပါမည်။

**အထက်ပါအခြေအနေများမှလွဲ၍ သာမန်ပြည်သူများအနေဖြင့် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရန် မလိုအပ်ပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားပါသည်။**

### ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ

- Surgical Mask ကို အသုံးပြုရာတွင် အရောင်ပိုရင့်သည့် မျက်နှာပြင်ကို အပြင်ဘက်တွင် ထားရှိပါ၊
- ပါးစပ်နှင့်နှာခေါင်း နှစ်ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ၊
- Mask ၏ ဘေးအနားစွန်းများနှင့် မိမိ၏ မျက်နှာကြားတွင် လစ်ဟာမှု (Gap) မရှိစေရပါ၊
- Mask အသုံးပြုနေစဉ် Mask ကို လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်း မပြုရပါ၊
- Mask ကို ဖယ်ရှားမည်ဆိုပါက Mask အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်ဖယ်ရှားပါ၊
- Mask ကို ဖယ်ရှားပြီးပါက မိမိ၏ လက်ကို စနစ်တကျ ပြန်လည်ဆေးကြောပါ၊
- မိမိအသုံးပြုနေသော Mask သည် စိုစွတ်လာပါက Mask အသစ်တစ်ခုနှင့် လဲလှယ်သုံးပြုပါ၊
- အသုံးပြုပြီးသား Mask များကို ပြန်လည်၍ အသုံးမပြုရပါ၊
- ချည်ထည်၊ ပိတ်စအဝတ်တို့ဖြင့် ပြုလုပ်ထားသည့် Mask များကို အသုံးမပြုရပါ။



Reference : World Health Organization

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
Version 1.0 (3-2-2020)

# ရွှေလင်ပန်းစက်မှုဇုန်ရှိ ပြောင်းရွှေ့နေထိုင်သူအိမ်ထောင်စု ၂၅၀၀ အား စားသောက်ကုန်ပစ္စည်းများဆက်လက်လှူဒါန်းမည်

**ရန်ကုန် ဧပြီ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်ပေါင်း ၂၉ ဇုန်တွင် လှိုင်သာယာစက်မှုဇုန်၌ စက်ရုံလုပ်သား အများဆုံးဖြစ်သည်။ စက်မှုဇုန်ပေါင်းရှစ်ဇုန်တွင် ရွှေလင်ပန်းစက်မှုဇုန်သည် စက်ရုံလုပ်သားနှစ်သိန်းခန့်အလုပ်လုပ်ကိုင်လျက်ရှိသောကြောင့် ထိုစက်ရုံလုပ်သားအချို့နှင့် ဆက်နွယ်လျက်ရှိသော ရွှေ့ပြောင်းနေထိုင်သူ နှစ်ထောင်ကျော်ကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလ၌ ရွှေလင်ပန်းစက်မှုဇုန်ဥက္ကဋ္ဌနှင့် အလှူရှင်တို့ ပူးပေါင်း၍ အခြေခံစားသောက်ကုန်ပစ္စည်းများကို အိမ်တိုင်ရာရောက်ပေးဝေလှူဒါန်းခဲ့ကြောင်း၊ ဧပြီ ၇ ရက်နှင့် သင်္ကြန်ပြီး ကာလတွင်လည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်တွင် ရွှေ့ပြောင်းနေထိုင်သူများ (ကျူးကျော်) ရပ်ကွက်၊ ကျေးရွာများနှင့်စက်မှုဇုန်များတွင်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထိုသူများအားမြေနေရာချပေးနိုင်ရန်စမတ်ကတ်များဖြင့် စာရင်းကောက်ယူထားပြီး ရွှေလင်ပန်းစက်မှုဇုန်အတွင်းနေထိုင်သူများကိုလည်း စမတ်ကတ်များ ပေးထားပြီးဖြစ်ရာ ထိုစာရင်းအတိုင်းအိမ်ထောင်စု ၂၅၀၀ အား လူစုလူဝေးမဖြစ်ပေါ်စေရန် ရွှေလင်ပန်းစက်မှုဇုန်စီမံခန့်ခွဲရေးရုံးမှ နေရာလေးနေရာခွဲ၍ အိမ်တိုင်ရာရောက် ဆန်၊ ဆီ၊ ဆားနှင့်ကြက်ဥတို့ကို ပေးဝေခဲ့ခြင်းဖြစ်သည်။



အခြေခံစားသောက်ကုန်များအား စနစ်တကျ ဖြန့်ဝေပေးခဲ့စဉ်။

"လက်လုပ် လက်စားများတဲ့ လှိုင်သာယာမှာ စားစရာရှိရင် အိမ်ထဲမှာ နေထိုင်ဖို့အထောက်အကူဖြစ်စေတဲ့အတွက် အခြေခံစားသောက်ကုန်တွေ လှူဒါန်းဖြစ်တာပါ။ ရောဂါအကြောင်းရင်းကို သေသေချာချာမသိကြတော့ စားသောက်ကုန်လှူရင်း အသိပညာလည်းပေးရင်းပေါ့။ စားသောက်ကုန်လှူတော့ စိုးရိမ်စိတ်အချို့ရှိပေမယ့် အိမ်တိုင်ရာရောက်စည်းကမ်းတကျဝေတာဖြစ်တာကြောင့် အားလုံးအဆင်ပြေခဲ့တယ်။ ဧပြီ ၇ ရက်မှာ နောက်တစ်ကြိမ်လှူဒါန်းဖို့ရှိပါတယ်။ အိမ်မရှိတဲ့သူ၊ ဈေးရောင်းတဲ့သူကိုတော့မပေးပါဘူး။ ဝင်ငွေ ရှိတဲ့သူတွေအတွက် UMFCCI ညီနောင်အသင်းက ရောင်းပေးတဲ့အခါ ဈေးနှုန်းသက်သာစွာနဲ့ ဝယ်ယူလို့ရအောင် စီမံပေးပါတယ်။ အခုဖြစ်နေတာက လက်ကားဈေးမတက်ဘူး။ တစ်ဆင့်ပြန်ရောင်းတဲ့ လက်လီဈေးကကြီးနေတာ။ အမှန်လက်ကားဈေးတည်ငြိမ်နေတယ်။ ရွှေလင်ပန်းစက်မှုဇုန်အတွင်းက ကျူးကျော်တဲမှာနေထိုင်တဲ့ အိမ်ထောင်စု ၂၅၀၀ ကို ဆန်၊ ဆီ၊ ဆားနဲ့ ကြက်ဥတွေ လှူဒါန်းခဲ့ပါတယ်။ ကျန်တဲ့လုပ်ငန်းရှင်တွေရဲ့ စုပေါင်းအားနဲ့လှူဒါန်းနိုင်ခဲ့မှုအပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ရွှေလင်ပန်းစက်မှုဇုန်ဥက္ကဋ္ဌ ဦးအေးသောင်းက ပြောသည်။

ရွှေလင်ပန်းစက်မှုဇုန်တွင် နိုင်ငံတကာသို့ တင်ပို့နေသော နိုင်ငံ့အခွန်ထမ်း စက်ရုံများရှိသောကြောင့် အလှူရှင်များ စုပေါင်း၍ အိမ်ထောင်စု ၂၅၀၀ အား တစ်အိမ်လျှင် ဆန်နှစ်ပြည်၊ ၅၀ သားဆီတစ်ပုလင်း၊ ကာပေါ်လစ်ဆပ်ပြာတစ်တောင့်၊ ကြက်ဥငါးလုံးနှင့် အိုင်အိုဒင်းဆားတစ်ထုပ်တို့ကိုတစ်ဖွဲ့လျှင် လူ ၁၅ ဦးပါဝင်သော ယာဉ်ရှစ်စီးဖြင့် စမတ်ကတ်ကိုင်ဆောင်ထားသူအားလုံးကို အိမ်တိုင်ရာရောက် တစ်နေ့တည်းပေးဝေခဲ့သည်။

ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို ၁၄ ရက်စောင့်ကြည့်နိုင်ရန် ရွှေလင်ပန်းစက်မှုဇုန်နှင့် စက်မှုဇုန်များမှအလှူငွေများထည့်ဝင်ခဲ့ကြသည့်နည်းတူ ရွှေလင်ပန်းစက်မှုဇုန်အတွင်းနေထိုင်လျက်ရှိသော ရွှေ့ပြောင်းနေထိုင်သူများကိုလည်း အိမ်အတွင်းနေထိုင်ရာ၌ စားသောက်မှုအဆင်ပြေစေရန်နှင့် မဖြစ်မနေသွားရောက်ရမည့်ကိစ္စရှိမှသာ အပြင်သွားရောက်ကြရန်တစ်ပြိုင်တည်းအသိပညာပေးလျက် အခြေခံစားသောက်ကုန်များကိုလှူဒါန်းပေးဝေခဲ့ ခြင်းဖြစ်ကြောင်း၊ မတ် ၃၀ ရက်က ပေးဝေလှူဒါန်းခဲ့၍ ဧပြီ ၇ ရက်နှင့် သင်္ကြန်အပြီးတွင်လည်း အလှူရှင်များစုပေါင်းအားဖြင့် ဆက်လက်လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ – သန်းစိုး**

## ပြင်ဦးလွင်မြို့ ကိုဗစ် - ၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးကော်မတီသို့ လှူဒါန်းငွေကျပ်သိန်း ၁၀၄၁ ကျော် ရှိနေပြီဟုဆို

**ပြင်ဦးလွင် ဧပြီ ၅**

လတ်တလောဖြစ်ပွားလျက်ရှိနေသော ကိုဗစ် -၁၉ အားကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရန်နှင့် တခြားလိုအပ်သည့်နေရာများ၌အသုံးပြုနိုင်ရန်အတွက် ပြင်ဦးလွင် မြို့နယ်ကိုဗစ် – ၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးကော်မတီသို့ ယမန်နေ့က လာရောက်လှူဒါန်းငွေစုစုပေါင်းကျပ်သိန်း ၁၀၄၁ သိန်းကျော်ရှိနေ ပြီဖြစ်ကြောင်း ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဒေါ်သိန်းသန်းဌေးထံမှ သိရသည်။

ထို့အပြင် ပစ္စည်းလှူဒါန်းမှုများအနေဖြင့် နှာခေါင်းစည်း (ရိုးရိုး) ၁၃၀၀၊ နှာခေါင်းစည်း (အကောင်း) ၂၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၉၀၀၊ ဆန်အိတ် ၁၀ အိတ်ရှိနေပြီဖြစ်ကြောင်းနှင့် လှူဒါန်းသူအစုစုတို့ကို နေ့စဉ်ညနေ ၅ နာရီ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွင်း ဖွင့်လှစ်ထားရှိသည့် ကိုဗစ် – ၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ် ရေးကော်မတီသို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရ သည်။ ပြင်ဦးလွင်မြို့နယ်၌ ကျေးရွာအုပ်စု ၅၈ ခုနှင့် ကျေးရွာပေါင်း ၁၃၆ ခုရှိရာ မြို့နယ်အတွင်း ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်များအား သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက အသွားအလာကန့်သတ်ထားရှိခြင်း၊ ထပ်မံရှာဖွေခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပြီး မတ် ၂၇ ရက်မှ ဧပြီ ၄ ရက်အထိ ပြင်ဦးလွင်မြို့နယ် ကိုဗစ် – ၁၉ စောင့်ကြည့်ရေးစခန်း၊ ဝါးဘိုးရေစခန်းသို့ စောင့်ကြည့်လူဦးရေ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၄ ဦး ရောက်ရှိစောင့်ကြည့်ခံလျက်ရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# စေတုတ္တရာမြို့တွင် ကိုဗစ် – ၁၉ ကာကွယ်၊ ကုသရေးအတွက် ရောဂါကာကွယ်ရေးဝတ်စုံများ လှူဒါန်း

**စေတုတ္တရာ ဧပြီ ၅**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့တွင် ကိုဗစ် – ၁၉ ကြိုတင်ကာကွယ်ရေးလိုအပ်ပါက အသုံးပြုနိုင်ရန်အတွက် K & L ကုမ္ပဏီနှင့် မုန်းတမံ ဆည်မြောင်းတည်ဆောက်ရေး(၃) ဝန်ထမ်းမိသားစုတို့က ရောဂါကာကွယ်ရေးဝတ်စုံများကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံသို့ လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါ ကိုဗစ် – ၁၉ ကာကွယ်၊ ကုသရေးအတွက် ရောဂါကာကွယ်ရေးဝတ်စုံများကို K & L ကုမ္ပဏီမှ ၁၀ စုံနှင့် ဆည်မြောင်း တည်ဆောက်ရေး(၃) မုန်းတမံ ဝန်ထမ်းမိသားစုတို့မှ ၁၀ စုံ လှူဒါန်းရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၊ တိုင်းဒေသကြီး(၁)လွှတ်တော် ကိုယ်စားလှယ် ဒေါ်ညိုညိုဦး၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်နှင့် မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ်တို့က လက်ခံခဲ့ကြောင်း သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**



ကိုဗစ် – ၁၉ ကာကွယ်ရေးဝတ်စုံများကို အလှူရှင်များက စေတုတ္တရာ ပြည်သူ့ဆေးရုံသို့ လှူဒါန်းခဲ့စဉ်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ – ၄ – ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၁၀ | ကျပ် | ၅၁၀/၅၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ | ကျပ် | ၅၄၅/၅၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၆၀/၄၀၀ | ကျပ် | ၄၁၀/၄၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ | ကျပ် | ၆၀၅/၆၁၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၈ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၇ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၈ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၆ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၃ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၅၃ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၀၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၆၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၄၂၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၇၀၀ | ၃၈၂၁ | ၃၅၂၈၈၂၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၂၉၄၇ | ၁၀၁၆၈၁၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၇ | ၅၆၀၀၀ |
| FPB | ၂၁၀၀၀ | ၂၁၅၀၀ | ၁၃၉ | ၂၉၂၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၉၈ | ၂၆၄၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ–စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
သတင်းထောက်ချုပ် – မြင့်ဆွေ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီဌေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြဝတီ အမှတ်(၁)ချစ်ကြည်ရေးတံတား ပျက်စီးနေသောလမ်းပိုင်းကို ပြင်ဆင်လျက်ရှိ

**မြဝတီ မေ ၅**

ကိုဗစ် -၁၉ ကူးစက် ပြန့်ပွားမှုကြောင့် မြဝတီမြို့ရှိ ထိုင်း-မြန်မာ အမှတ်(၁) ချစ်ကြည်ရေးတံတားကို မတ် ၂၃ ရက်က ပိတ်ထားလျက်ရှိရာ ပိတ်ထားစဉ်ကာလအတွင်း တံတားပေါ်ရှိ ပျက်စီးနေသော လမ်းပိုင်းကို မေ ၃ ရက်က စတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။



မြဝတီအမှတ် (၁) ချစ်ကြည်ရေးတံတားပျက်စီးနေသော လမ်းပိုင်းကို ပြင်ဆင်ရေးဆောင်ရွက်နေစဉ်။

ထိုသို့ပြင်ဆင်ရာတွင် တံတားချဉ်းကပ်လမ်း ဧရိယာအတွင်းရှိ ပျက်စီးနေသော လမ်းပိုင်းများကို ပြင်ဆင်နိုင်ရေးအတွက် မတ် ၂၇ ရက်က ကွင်းဆင်းတိုင်းတာခဲ့ပြီး မတ် ၃၁ ရက်က ပြည်နယ်ဝန်ကြီးချုပ် ခရီးစဉ်တွင် တံတား ၁၀ ရာခိုင်နှုန်း ရန်ပုံငွေမှ ငွေကျပ်သိန်း ၆၀၀ ကျော်ခန့်ဖြင့် တစ်လက်မထု ကွန်ကရစ်လမ်းသစ်ခင်းခွင့်ပြုပါရန်တင်ပြခဲ့ခြင်းဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ထံမှ သိရသည်။

ခွင့်ပြုချက်ရရှိခဲ့သည့်အတွက် မေ ၃ ရက်မှစ၍ စတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးပြီး မြဝတီမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားကြီးကို ၁၉၉၅ ခုနှစ်က ထိုင်းနိုင်ငံမှ ဂျပန်အင်ဂျင်နီယာများဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါ တံတားကြီး၏ သက်တမ်းမှာ ၂၃ နှစ်ကြာမြင့်ပြီ ဖြစ်ကြောင်းလည်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မန္တလေးမြို့ မစိုးရိမ်တိုက် စိန်ရတုဝိဇာတမော်ကွန်း စာစောင်ထုတ်ဝေရန် စာမူများဖိတ်ခေါ်

**မန္တလေး မေ ၅**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်ပါဠိနယူပဒေသကျောင်း ဆရာတော်ဘဒ္ဒန္တဝိစိတ္တာဘိဝံသအရှင်သူမြတ်၏ သက်တော် ၇၅ နှစ်ပြည့်အထိမ်းအမှတ် ''စိန်ရတုဝိဇာတမော်ကွန်း'' စာစောင်ထုတ်ဝေမည်ဖြစ်၍ ကဗျာ၊ ဆောင်းပါး၊ ရသ၊ အက်ဆေး၊ ဝတ္ထုတိုများ စသည့်စာမူများ ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

ကဗျာများတွင် ဂန္ထဝင်ကဗျာ(တေးထပ်၊ ရတု၊ လင်္ကာ)၊ ယဉ်ကျေးမှုရနံ့ပါသော မော်ဒန် (ခေတ်ပေါ်) ကဗျာများ၊ ဆောင်းပါးကဏ္ဍတွင် ဆရာတော်ဂုဏ်ကို ဖော်ညွှန်းသောအကြောင်းအရာများ (သာသနာတော်အလေးမူ၍ ဆရာတော်ရင်ဆိုင်ဖြတ်သန်းခဲ့သော ခေတ်စနစ်ဖြေရှင်းခဲ့ပုံများ)၊ မျက်မှောက်ခေတ်သာသနာတော်တိုးတက်စေရန်အကြောင်းအရာများ၊ ဘာသာရေးနှင့် ဆက်နွှယ်သောမြန်မာ့ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ၊ နိုင်ငံရပ်ခြားတွင် သာသနာပြုပုံများ ရသအက်ဆေး၊ ဝတ္ထုတိုများတွင် မြန်မာ့သာသနာနှင့် ဆက်နွှယ်သောအကြောင်းအရာများ၊ အနာဂတ်သာသနာအတွက် အားတက်ဖွယ်ရာစာမူများကို မေ ၁၅ ရက် နောက်ဆုံးထား၍ ဦးပညာသာမိဘိဝံသ ဖုန်း ၀၉ -၂၀၂၅၇၅၉ မဟာအောင်မြေမြို့နယ် ဂန္ဓကူ နယူပဒေသကျောင်း မစိုးရိမ်တိုက် မန္တလေးမြို့၊ဦးဝဏ္ဏိတ(ဦးဇင်းပေါက်ကြီး)ပါဠိနယူပဒေသကျောင်း မစိုးရိမ်တိုက် မဟာအောင်မြေမြို့နယ် မန္တလေးမြို့သို့လည်းကောင်း၊ တာဝန်ခံအယ်ဒီတာ မောင်သစ်ဝေ (မြင်းခြံ) ထံ အီးမေးလ်လိပ်စာ mg thitwai 16@gmail.com ဖြင့်လည်းကောင်း ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**

# ဝင်းကြီးကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီး

**ဝန်းသို မေ ၅**

ဝန်းသိုမြို့နယ် ဝင်းကြီးကျေးရွာတွင် ရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

ဝင်းကြီးကျေးရွာ ရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဝန်းသိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးမှုအစီအစဉ်အရ ဦးစီးဌာနက ထောက်ပံ့ပေးသော ငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေအပြင် ကျေးရွာလူထု လုပ်အားများဖြင့် ကိုယ်တိုင်ဆောင်ရွက်ခြင်း ဖြစ်ကြောင်းသိရသည်။

ယင်းကွန်ကရစ်လမ်းကို အနံ ၁၄ ပေ၊ အမြင့်ခြောက်လက်မထုဖြင့် အရှည်ပေ ၁၅၀၀ ထိ ရရှိအောင် ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ယင်းလမ်းဆောင်ရွက်ပြီးပါက အိမ်ခြေ ၁၇၂ အိမ်မှ အိမ်ထောင်စုဝင်များ၏ သာရေး၊ နာရေး၊ လူမှုရေး၊ စီးပွားရေးများအပြင် သင်တောအခြေခံပညာ အထက်တန်းကျောင်းခွဲတွင် ပညာရည်သောက်စို့နေကြသည့် ကျောင်းနေအရွယ်ကလေးများအားလုံးအတွက် များစွာ အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**မွေးကြူဇင်**

# ဝါးခယ်မတွင် လေပြင်းဘေး ကြိုတင်ကာကွယ်ရေး ထောက်ပံ့ငွေပေးအပ်

**ဝါးခယ်မ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်း မိုးဦးကာလ လေပြင်းအန္တရာယ်ကြိုတင်ကာကွယ်မှု ဆောင်ရွက်နိုင်စေရန် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့က ကကတိုက်ကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်ခြင်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ငွေပေးအပ်ရာတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဇော်ဌေးနှင့်တာဝန်ရှိသူများက ကကတိုက်ကျေးရွာအုပ်စုရှိ နွမ်းပါးသော သက်ကြီးရွယ်အိုများ၏ နေအိမ်များ၊ နွမ်းပါးပြီး ပြုပြင်ရန်အခက်အခဲရှိသော နေအိမ်စုစုပေါင်း ၂၅ လုံးအား ဝါး၊ ဓနိ စသော လိုအပ်သည့် အမိုးအကာများ ဝယ်ယူနိုင်စေရန် တစ်အိမ်လျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူပင် ထိတန်ကျေးရွာအုပ်စု၊ မရမ်းချောင်းကျေးရွာအုပ်စု၊ ရွှေလောင်းကျေးရွာအုပ်စုများရှိ အိမ်ခြေ စုစုပေါင်း ၇၅ လုံးကို ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

# "စောစောပြော" မိုဘိုင်းအက်ပလီကေးရှင်းအကြောင်း အသိပညာပေး

**ကော့ကရိတ် မေ ၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ကိုဗစ် - ၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မှုမရှိစေရေး အသွားအလာကန့်သတ်ခြင်း ခံရသူတွေအတွက် စောစောပြော မိုဘိုင်းအက်ပလီကေးရှင်းစနစ်၏ အသုံးပြုပုံများကို ယနေ့နံနက်ပိုင်းက သွားရောက်ရှင်းလင်း ပြသခြင်းနှင့် ကိုဗစ် - ၁၉ ကြိုတင်ကာကွယ်ရေး အသိပညာပေးပိုစတာကပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ အသိပညာပေးခြင်းကို ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ မိုဘိုင်းအက်ပလီကေးရှင်းစနစ်သည် ကန့်သတ်ခံထားရသူတစ်ဦးအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းများကို လိုက်နာဆောင်ရွက်နေသည့် ကာလတွင် မိမိတို့၏ကျန်းမာရေးအခြေအနေကို မိုဘိုင်းအက်ပလီကေးရှင်းဖြင့် သတင်းပို့နိုင်သည့် စနစ်ဖြစ်ကြောင်း ကော့ကရိတ်မြို့နယ် အမှတ် (၂) ရပ်ကွက် အထကခွဲ(ဝင်းကြီး)၊ အမှတ် (၁)ရပ်ကွက် အထက(ချောင်းတောင်) ရှိ အသွားအလာကန့်သတ်ခြင်း ထားရှိနေရာများကို သွားရောက်ခဲ့ပြီး ကျန်ရှိနေသည့် အသွားအလာကန့်သတ်ခြင်း စခန်းများမှာလည်း အသိပညာပေးမည်ဖြစ်ကြောင်း သိရသည်။ **စိုးထက်အောင်(ပြန်ဆက်)**

# သမဝါယမအသင်းသားများအတွက် အခြေခံစားသောက်ကုန်များထောက်ပံ့

**ဂန့်ဂေါ မေ ၅**

ဂန့်ဂေါမြို့နယ် သမဝါယမအသင်းစုလီမိတက်က ရပ်ကွက်၊ ကျေးရွာများရှိ အခြေခံသမဝါယမအသင်းလီမိတက် ၁၅၅ သင်းမှ အသင်းသားပေါင်း ၁၂၅၆၆ ဦးအတွက် ယမန်နေ့က အခြေခံစားသောက်ကုန်များကို ပေးအပ်ထောက်ပံ့ရာ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးကြည်က အမှာစကားပြောကြား၍ အသင်းစုလီမိတက် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွေးက ကိုဗစ်-၁၉ ကာလတွင် ထောက်ပံ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထိုသို့ ထောက်ပံ့ခြင်းနှင့် စပ်လျဉ်း၍ အသင်းစုလီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ က "ကြက်သွန် ၂၇၇၆ ပိဿာ၊ အာလူး ၁၀၁၈ ပိဿာ၊ ဆား ၃၄၃ ပိဿာ တို့ကို ထောက်ပံ့ခြင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၃၅၆၁၀၀၀ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့ပြင် မြို့နယ်သမဝါယမအသင်းစုလီမိတက်က မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်း ၁၅ ဦးနှင့် အသင်းစုလီမိတက် ဝန်ထမ်း ၁၈ ဦးတို့အတွက် ငွေကျပ် ၃ သိန်း ၃ သောင်းတန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်သွန်များကို ထောက်ပံ့ထားကြောင်းလည်း သိရသည်။

**၁၄၄**

# ရေစကြိုမြို့နယ်ရှိ သောက်သုံးရေအခက်ကြုံနေသည့် ကျေးရွာနေပြည်သူများအား သောက်သုံးရေဖြန့်ဝေလှူဒါန်း

**ရေစကြို မေ ၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရာ ယမန်နေ့က ရေစကြိုမြို့နယ် ထန်းငယ်တောကျေးရွာအုပ်စု ကျောက်လှေခါးကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။



သောက်သုံးရေအခက်ကြုံနေသော ပြည်သူများအား စနစ်တကျဖြန့်ဝေပေးနေစဉ်။

ရေစကြိုမြို့နယ် ကျောက်လှေခါးကျေးရွာတွင် အိမ်ခြေ ၁၇၅ အိမ်၊ လူဦးရေ ၉၀၅ ဦးခန့်ရှိကြောင်း သိရပြီး နွေရာသီကာလ ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေးအတွက် ယင်းနေ့က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများအဖွဲ့က ခရိုင်ကျေးလက်ဦးစီးဌာနပိုင် ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် စုစုပေါင်း ရေဂါလန် ၄၈၀၀ ကို သောက်သုံး ရေဖူလုံစွာ သုံးစွဲနိုင်ရေး အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# သုံးခွမြို့တွင် အနေးယာဉ်မောင်းနှင်သူများအား ဆန်ငါးပြည်စီလှူဒါန်း

**သုံးခွ မေ ၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နေ ဦးလှသိန်း၊ ဒေါ်အေးအေးနိုင် မိသားစုက ကွယ်လွန်သူ ဖခင်ကြီး ဦးသန်းနွဲ့ (ရွှေချိန်ခွင်လုပ်ငန်း)+ မိခင်ကြီး ဒေါ်လှမြင့်တို့အား ရည်စူး၍ သုံးခွမြို့ပေါ်တွင် အနေးယာဉ်မောင်းနှင်ခြင်းဖြင့် မိသားစုအတွက် အသက်မွေးဝမ်းကျောင်းပြုနေသူများအား ယမန်နေ့က အမှတ် (၄) ရပ်ကွက် အောင်ဇေယျလမ်း လက်ရွေးစင် (၁) စက်ဘီးနှင့် ဆိုင်ကယ်အပိုပစ္စည်းဆိုင်ရှေ့တွင် အနေးယာဉ်မောင်း ၁၉၆ ဦးအား တစ်ဦးလျှင် ဆန်ငါးပြည် (တစ်ပြည် ငွေကျပ် ၁၂၀၀၊ ငါးပြည်ငွေကျပ် ၆၀၀၀) စီ စုစုပေါင်း ငွေကျပ် ၁၁၇၆၀၀၀ တန်ဖိုးရှိဆန်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လတ်တလောစားဝတ်နေရေးအဆင်ပြေစေရန်နှင့် လက်ရှိဖြစ်ပွားနေသည့်ကိုဗစ်-၁၉ ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် မလိုအပ်ဘဲနေအိမ်အပြင် မထွက်ရန် ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ကြောင်း အလှူရှင်က ပြောကြားခဲ့သည်။

**ကိုကျော်သုံးခွ**

# ကျွန်တော်နဲ့ ကိုဗစ် - ၁၉

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်



**၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်ခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြီးဟာ အခုချိန်မှာ ကမ္ဘာကြီးတစ်ခုလုံးကို ထိခိုက်နေတာဖြစ်တယ်။ ရုပ်မြင်သံကြားက သတင်းတွေကြည့်ရင် ကြောက်လန့်စရာ။ ရောဂါကူးစက်နေတဲ့သူတွေ၊ သေဆုံးသွားတဲ့ ဦးရေတွေဟာ နေ့စဉ်တိုးတက်နေတာ မြင်ရတယ်။ ကြောက်စရာ၊ ထိတ်လန့်စရာ တစ်ကြိမ်တစ်ခါမျှ မကြုံဖူးတဲ့ စိန်ခေါ်မှုဖြစ်တယ်။ စိုးရိမ်မှုတွေ၊ စိတ်ဖိစီးမှုတွေနဲ့ ကြုံနေကြရတယ်။ လူမှုကွန်ရက်တွေက သတင်းတွေကလည်း ယူရခက်ခက်။ တထိတ်တလန့်ဖြစ်စရာတွေ ဇာတ်လမ်းတွေဆင်ပြီး ရေးနေ ဖြန့်နေကြတာ။ ရုပ်မြင်သံကြားကို မကြည့်ရင်လည်း နောက်ဆုံးအခြေအနေတွေကိုမသိ၊ ကြည့်ပြန်ရင်လည်း စိုးရိမ်စိတ်တွေ၊ စိတ်ပူရတာတွေ တဖြည်းဖြည်းတိုးလာပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရတာ။**

**နိုင်ငံအလိုက် ကိုဗစ်ကို တုံ့ပြန်ပုံ မတူကြ**

စဖြစ်တဲ့တရုတ်နိုင်ငံမှာ အခြေအနေက ထိန်းသိမ်းနိုင်တဲ့ အနေအထားဖြစ်နေတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ တုံ့ပြန်တဲ့ပုံစံက မတူကြဘူး။ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးအခြေခံတွေအပေါ် မူတည်ပြီး ဆောင်ရွက်ကြတယ်။ တရုတ်ပြည်မှာ အားလုံးကို ပိတ်ဆို့ခဲ့တယ်။ စောင့်ကြည့်လူနာတွေအတွက် ဆေးရုံအသစ်တွေကို ရက်အနည်းငယ်အတွင်း တည်ဆောက်နိုင်တယ်။ အပြင်မထွက်ရ အမိန့်ကို တင်းတင်းကျပ်ကျပ် အကောင်အထည်ဖော်နိုင်ခဲ့တယ်။ ဗဟိုဦးစီးစနစ်ကို အပြည့်အဝ အသုံးချနိုင်ခဲ့တယ်။ အခုဆိုရင် အသစ်ဖြစ်တဲ့လူနာဦးရေ တန့်သွားခဲ့တယ်။ စီးပွားရေးလုပ်ငန်းတွေကိုလည်း ပြန်ပြီးဖွင့်လှစ်နိုင်ခဲ့တယ်။ ပုံမှန်အခြေအနေ မရောက်သေးပေမယ့် အဆိုးရွားဆုံးအနေအထားကို ဖြတ်ကျော်လာတဲ့ သဘောရှိတယ်။

အီတလီနိုင်ငံအပါအဝင် အနောက်ဥရောပနိုင်ငံတွေဖြစ်တဲ့ ပြင်သစ်၊ စပိန်နိုင်ငံတွေမှာ အလူးအလဲခံရတယ်။ အသေအပျောက် အရေအတွက်ကလည်း ကြောက်စရာ။ အီတလီအနောက်ပိုင်းဒေသမှာ သေဆုံးတဲ့သူတွေရဲ့အလောင်းတွေကို စစ်တပ်ကသယ်ယူပြီး သင်္ဂြိုဟ်ပေးခဲ့ရတယ်။ တိုက်ခန်းတွေမှာ အပိတ်ခံနေရသူတွေ တစ်ဦးနဲ့တစ်ဦး သီချင်းတွေဆိုပြီး အားပေးနေတာတွေ့ရတယ်။ တောင်ကိုရီးယားနိုင်ငံကတော့ စံနမူနာတင်ထိုက်တဲ့နိုင်ငံ။ ဖြစ်ဖြစ်ချင်းတုံ့ပြန်ခဲ့တယ်။ ရောဂါရှိမရှိ စမ်းသပ်မှုတွေကို နိုင်ငံအဝန်းလုပ်ခဲ့တယ်။ လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကိုလည်း အချိန်မီပေးနိုင်ခဲ့တယ်။ တောင်ကိုရီးယားနိုင်ငံနဲ့အတူ စင်ကာပူနိုင်ငံဟာလည်း စံပြပဲ။ အရေးပေါ်အခြေအနေကြေညာပြီး လိုအပ်တဲ့တုံ့ပြန်မှုတွေ လုပ်ခဲ့တယ်။

ကြွယ်ဝချမ်းသာတဲ့နိုင်ငံတွေရဲ့ နမူနာကို ဆင်းရဲတဲ့နိုင်ငံတွေက ယူလို့မဖြစ်နိုင်ဘူး။ ကိုယ့်အခြေအနေနဲ့ ကိုက်ညီတဲ့ပုံစံနဲ့ပဲ ရင်ဆိုင်ကြရမှာ။ ကိုဗစ်-၁၉ ဟာ ကျန်းမာရေးပြဿနာသက်သက်မဟုတ်ဘူး။ စီးပွားရေး၊ လူမှုရေး ၊ နိုင်ငံရေးတွေနဲ့ဆက်စပ်နေတာ။

အမေရိကန်ပြည်ထောင်စုရဲ့ အခြေအနေကို လေ့လာပြီး ဆန်းစစ်နိုင်ဖို့ လိုအပ်တယ်။ ရောဂါဖြစ်စမှာ ပြဿနာဟာ မကြာမီ ပပျောက်သွားမှာ တကယ်စိုးရိမ်စရာမလိုဘူးလို့ မြင်ခဲ့ကြတယ်။ တဖြည်းဖြည်း အခြေအနေက မထင်မှတ်ဘဲ ဆိုးလာခဲ့တယ်။ သိပ္ပံပညာရှင်များက ရောဂါပြန့်ပွားမှုလျော့အောင် အားလုံးပိတ်ဖို့လို တယ်။ တစ်ဦးနဲ့တစ်ဦး နီးနီးကပ်ကပ်မနေဖို့ အကြံပြု ခဲ့တယ်။ ဒါကို ပြည်နယ်အများစုက ကျင့်သုံးခဲ့တယ်။ စီးပွားရေးလုပ်ငန်းတွေကို ရပ်ဆိုင်းခဲ့တယ်။ လမ်းပေါ်မှာ လူတွေလုံးဝမရှိတော့ဘူး။ ဒါကြောင့်လည်း အလုပ် လက်မဲ့တွေ တိုးလာတယ်။ စီးပွားရေး ဆုံးရှုံးမှုတွေများခဲ့တယ်။ တစ်နေ့က စီးပွားရေးနာလန်ထအောင် လွှတ်တော်က ဒေါ်လာ ၂ ထရီလီယံ သုံးစွဲဖို့အတည်ပြုခဲ့တယ်။ သမ္မတလုပ်သူက စီးပွားရေးလုပ်ငန်းတွေ ပြန်လည်နိုးထလာဖို့ အာရုံရှိတယ်။ သူ့အတွက်က ၂၀၂၀ နိုဝင်ဘာလမှာ ကျင်းပမယ့် ရွေးကောက်ပွဲမှာ အနိုင်ရဖို့က အဓိက။ ဒါကြောင့် ကိုဗစ်-၁၉ ဟာ ကျန်းမာရေး၊ စီးပွားရေးနဲ့ နိုင်ငံရေး လွန်ဆွဲမှုတွေ ပြင်းထန်စေခဲ့တာ။

**တစ်ကိုယ်ရေသန့်ရှင်းရေးက အကာအကွယ်ပေးနိုင်မှာ**

နိုင်ငံတော်အစိုးရအနေနဲ့ လိုအပ်တာတွေကို စီစဉ်ဆောင်ရွက်နေတယ်။ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်နေချိန်မှာ တစ်ဖက်ကစီးပွားရေးလုပ်ငန်းရှင်များကလည်း တာဝန်ကျေပွန်ဖို့ လိုအပ်တယ်။ ရောဂါရဲ့ဒဏ်ကိုခံရမှာက လုပ်ငန်းရှင်တွေ၊ အလုပ်တွေ၊ စက်ရုံတွေ၊ ဆိုင်တွေ။ လုပ်ငန်းတွေပိတ်ရရင် ထိခိုက်နစ်နာမှာ။ တစ်ဖက်ကလည်း ဝန်ထမ်းတွေရဲ့ ဒုက္ခကလည်း မသေးလှဘူး။ အလုပ်လက်မဲ့ဖြစ်တဲ့ဒဏ်ကို ခံရမှာ။ စားဝတ်နေရေးကိစ္စကလည်း ဖြေရှင်းရမှာ။ လူတိုင်း သတိပြုရမယ့်ကိစ္စကတော့ ကိုဗစ်-၁၉ ဟာ ဘာနဲ့မှ မတူတဲ့ စိန်ခေါ်မှုဖြစ်တယ်။ မကြုံဖူးတဲ့အန္တရာယ်။ သာမန် ရောဂါမဟုတ်ဘူး။ အဆိုးဆုံးက ဘယ်သူ့မှာ ရောဂါရှိနေ သလဲဆိုတာကို မသိနိုင်တဲ့ကိစ္စ။ ဒါကြောင့် think positive ဆိုတဲ့ ဆောင်ပုဒ်ကို ကျွန်တော်က နှစ်သက်တယ်။ အရင်တုန်းက think positive လို့ပြောရင် အကောင်းမြင်ဝါဒ ကိုပြောတာ၊ အဆိုးထဲကကောင်းတာကို မြင်နိုင်အောင် ဆင်ခြင်တာ။ အခုကတော့ ကိုယ့်မှာ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး positive ဖြစ်နေပြီ၊ ကိုယ့်မှာ ရောဂါရှိနေပြီဆိုပြီး သုံးသပ်ဆင်ခြင်ဖို့၊ ကိုယ့်မှာ ဒီရောဂါရှိနေတာသိရင် ရောဂါကို မပြန့်အောင်၊ မကူးအောင် ဆင်ခြင်ရမှာဖြစ်တယ်။ တစ်ကိုယ်ရေသန့်ရှင်းရေးက အကာအကွယ်ပေးနိုင်တယ်။ အထူးသဖြင့် လက်ဆေးတာ။ ဒါပေမယ့် စနစ်တကျ လက်ဆေးဖို့လိုအပ်တယ်။ ရုပ်မြင်သံကြားမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စနစ်တကျ လက်ဆေးနည်းကို သရုပ်ပြခဲ့တယ်။ ပေါ့ပေါ့တန်တန်ဖြစ်သလိုဆေးလို့မဖြစ်ဘဲ မှန်မှန်ကန်ကန်လုပ်ဖို့ လိုအပ်တယ်။ လက်ကိုမျက်နှာနဲ့ မထိအောင် သတိပြုရမယ်။ လက်ဆွဲနှုတ်ဆက်တဲ့ အကျင့်ကို ဖျောက်ရမယ်။ တစ်ယောက်နဲ့ တစ်ယောက် အနီးကပ်မနေဖို့ (Social distancing) ကျင့်သုံးရမယ်။ ကျွန်တော် သတင်းစာတွေဖတ်ရင် အခုထိ အစည်းအဝေးတွေမှာ တစ်ဦးနဲ့တစ်ဦး ပူးကပ်နေတာတွေ့ရတယ်။ လူအုပ်ထဲမှာ ခေတ်ပုံတွေ ရိုက်ပြလျက်ရှိတယ်။ မင်္ဂလာဆောင်တွေ၊ အလှူအတန်းတွေ အခုထိလုပ်နေတုန်း။ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူ တာဝန်ခံတဲ့စိတ်က တွေးရမှာ။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံခြားမှာ အလုပ်လုပ်နေကြတဲ့သူတွေ သိန်းချီတယ်။ အခုသူတို့တွေပြန်လာရင် ရောဂါရှိ မရှိမသိနိုင်ဘူး။ ရုံးတွေ၊ အလုပ်တွေပိတ်ရင် ဝန်ထမ်းတွေက နေရပ်တွေ ပြန်ကြမှာ။ သူတို့ရဲ့ မိသားစုတွေအတွက် အန္တရာယ်က မသေးလှဘူး။

> “ကိုဗစ်-၁၉ ဟာ ဘာနဲ့မှမတူတဲ့ စိန်ခေါ်မှုဖြစ်တယ်။ မကြုံဖူးတဲ့ အန္တရာယ်။ သာမန်ရောဂါမဟုတ်ဘူး။ အဆိုးဆုံးက ဘယ်သူ့မှာ ရောဂါရှိနေသလဲဆိုတာကို မသိနိုင်တဲ့ကိစ္စ။ ဒါကြောင့် think positive ဆိုတဲ့ဆောင်ပုဒ်ကို ကျွန်တော်က နှစ်သက်တယ်။ အရင်တုန်းက think positive လို့ပြောရင် အကောင်းမြင်ဝါဒ ကိုပြောတာ၊ အဆိုးထဲကကောင်းတာကို မြင်နိုင်အောင် ဆင်ခြင်တာ။ အခုကတော့ ကိုယ့်မှာ ကိုဗစ်-၁၉ ရောဂါ နဲ့ပတ်သက်ပြီး positive ဖြစ်နေပြီ၊ ကိုယ့်မှာ ရောဂါရှိနေပြီဆိုပြီး သုံးသပ် ဆင်ခြင်ဖို့၊ ကိုယ့်မှာ ဒီရောဂါရှိနေတာသိရင် ရောဂါကိုမပြန့် အောင်၊ မကူးအောင် ဆင်ခြင်ရမှာဖြစ်တယ်။ တစ်ကိုယ်ရေ သန့်ရှင်းရေးက အကာအကွယ်ပေးနိုင်တယ်”

**ညွှန်ကြားချက်များ လိုက်နာရန်လို**

တချို့စီးပွားရေးလုပ်ငန်းတွေမှာ ဝန်ထမ်းတွေကို အဆိုင်းနဲ့ အလုပ်တက်ဖို့ စီစဉ်နေကြတယ်။ စားသောက်ဆိုင် တွေမှာလည်း အိမ်ကိုသယ်တာတွေပဲ ရောင်းချနေတယ်။

ကိုဗစ် -၁၉ ကို နဂါးစ်နဲ့ နှိုင်းယှဉ်လို့မရဘူး။ ဒီတုန်းက သေသူတစ်သိန်းခွဲကျော်တယ်။ စီးပွားရေးထိခိုက်မှုလည်းရှိတယ်။ ဒါပေမယ့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးလောက်သာ ထိခိုက်ခဲ့တာ။ အခုတော့ တစ်နိုင်ငံလုံးနဲ့ ပတ်သက်တယ်။ ဒါကြောင့် အဓိကက အသွားအလာဆင်ခြင်ဖို့၊ ဖြစ်နိုင်ရင် အိမ်မှာနေဖို့။ ခက်တာက ဘယ်လောက်ကြာကြာနေရမယ်ဆိုတာကိုလည်း အတိအကျပြောနိုင်မှာ မဟုတ်ဘူး။ အရေးကြီးတာက သတင်းအချက်အလက်တွေ မှန်မှန်ရဖို့။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေ လိုက်နာဖို့လိုတယ်။ လူမှုကွန်ရက်က မမှန်သတင်းတွေကို ရှောင်ရမယ်။ ကောကြောင်တွေရဲ့ အန္တရာယ်ကို ဂရုပြုဖို့လိုအပ်တယ်။ အိမ်ထဲမှာနေရတဲ့ ဒုက္ခကလည်း မသေးလှဘူး။ ခဏမဟုတ်ဘဲ ဘယ်လောက်ကြာကြာနေရမလဲဆိုတာ မသိတော့ ပိုဆိုးတယ်။ အိမ်ကနေ အလုပ်လုပ်နိုင်တဲ့သူတွေအတွက် အဆင်ပြေပေမယ့် လက်လုပ်လက်စားတွေက အိမ်ထဲက နေလုပ်လို့ဖြစ်တာ မဟုတ်ဘူး။ ပန်းရန်တို့၊ လက်သမားတို့ ဘယ်လိုလုပ်ကြမလဲ။ အစိုးရက အခွန်တွေလျှော့၊ အတိုးနှုန်းတွေ ချနေတယ်။ လိုအပ်ရင် အခုထက်ပိုပြီး ထိရောက်အောင် လုပ်ရမှာ။ ကျွန်တော်တို့နိုင်ငံမှာ အလုပ်သမားအများစုဟာ ကိုယ်ပိုင်လုပ်သားတွေ၊ လူမှုဖူလုံရေးကာကွယ်မှုတွေရှိကြတာ မဟုတ်ဘူး။

ကျွန်တော်စိတ်အပူဆုံးက နဂိုအတိုင်းဆိုတဲ့ အမြင်ပဲ။ ကိုဗစ်-၁၉ ကြောင့် နဂိုဆိုတာ မရှိတော့ဘူး။ နဂိုအသစ်ကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ရတော့မယ့် အချိန်။ အပြစ်တင်ရမယ့် အချိန်၊ လက်ညှိုးထိုးရမယ့်အချိန် မဟုတ်တော့ဘူး။ တစ်ဦးချင်းတစ်ယောက်ချင်းမှာ တာဝန်ရှိသလိုအစုအဖွဲ့တွေ၊ အဖွဲ့အစည်းတွေမှာလည်း တာဝန်အကြီးကြီး။

**နိုင်ငံရဲ့အင်အားကို ပြကြပါစို့**

လူတွေဟာ မရေရာမှုကို ကြောက်တယ်၊ စိုးရိမ်တယ်၊ ပူပင်ကြတယ်။ တာဝန်ရှိတဲ့သူတွေက ဒီစိတ်တွေ ဖြေလျှော့ပေးရမယ်။ ပကတိအခြေအနေကို ပွင့်လင်းမြင်သာစွာ ပြောရမယ်။ တစ်ဦးချင်း တစ်ယောက်ချင်း လုပ်နိုင်တာကို ဖော်ထုတ်ကြရတော့မှာ။ ကျွန်တော်တို့ရဲ့စိတ်ဓာတ်တွေ ပြုပြင်ရမယ်။ “ဘယ်သူသေသေ ငတေမာပြီးရော” ဆိုပေမယ့် အခုချိန်မှာ ငတေလည်း သေမှာ။ လိုတာထက်ပိုပြီး အထိတ်တလန့်မဖြစ်အောင်တော့ ဆင်ခြင်ကြရမှာ။ အခုဆိုရင် အကြောက်တရားအခြေခံပြီး စားသောက်ကုန်တွေကို အလုအယက် ဝယ်နေကြတယ်။ ရောင်းသူတွေကလည်း အခွင့်ကောင်းယူပြီး ဈေးတင်နေတယ်။ စိတ်ပူလို့ ဝယ်သူကို နားလည်သလို အမြတ်တင်ရောင်းတဲ့သူကိုလည်း သဘောပေါက်တယ်။

ကိုဗစ်-၁၉ ဖြစ်ပြီးချိန် ကျွန်တော့်ရဲ့ စဉ်းစားချက်အတွေးတွေကို နီးစပ်တဲ့သူတွေဆီ ဖြန့်ဝေခဲ့တယ်။ နေ့စဉ်နေ့တိုင်း အိမ်မှာအလုပ်လုပ်နေရတော့ လုပ်ခွင့်ရတယ်။ ကြုံကြိုက်သလို ဆောင်းပါးတွေရေးဖို့ စီစဉ်ထားတယ်။ အခုချိန်မှာ ကိုယ်ရောစိတ်ပါ ပင်ပန်းနေကြတယ်။ မြန်မာနိုင်ငံမှာသာမက တစ်ကမ္ဘာလုံးမှာ သောကတွေ ဝေနေတယ်။ ဒါပေမယ့် နောက်တစ်နှစ် ၂၀၂၁ မတ်လ ၃၀ ရက်ကို စဉ်းစားကြစို့။ ကပ်ကြီးကျော်ပြီး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေ။ ရင်ဆိုင်ခဲ့တဲ့ အခက်အခဲတွေကို ပြန်ကြည့်ရင် မိမိနဲ့မိသားစုရဲ့ အားအင်တွေကို မွေးကြပါစေ။ နိုင်ငံရဲ့အင်အားကိုလည်း ပြကြပါစို့။ ။

## အသက်ရှူအထောက်အကူပြုကိရိယာကိုင်တွယ်အသုံးပြုနိုင်ရန် လက်ထောက်ဆရာဝန် ၄၀ ကို အရန်အင်အားစုစည်းထား

**မန္တလေး မေ ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ မန္တလေးမြို့ပေါ် ဆေးရုံကြီးငါးခုမှ တာဝန်ထမ်းဆောင်နေသည့် လက်ထောက်ဆရာဝန် ၄၀ ကို အသက်ရှူအထောက်အကူပြုကိရိယာ ကိုင်တွယ်အသုံးပြုပုံများ သင်ကြားပေးမည်ဖြစ်ပြီး အဆိုပါဆရာဝန်များအား အရန်အင်အားအဖြစ် စုစည်းထားကြောင်း ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ထံမှ သိရသည်။

ဆေးတက္ကသိုလ်(မန္တလေး)တွင် Ventilator Care Training For Assistance Surgeon သင်တန်းဖွင့်လှစ်၍ မန္တလေး အထွေထွေရောဂါကုဆေးရုံမှ လက်ထောက်ဆရာဝန် ၂၀ အား မေ ၇ ရက်တွင်လည်းကောင်း၊ မန္တလေးမြို့ရှိ ကလေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ခုတင် ၃၀၀ ဆံ့ဆေးရုံနှင့် အရိုးအထူးကုဆေးရုံတို့မှ လက်ထောက်ဆရာဝန်၂၀ တို့အား မေ ၈ ရက်တွင်လည်းကောင်း စာတွေ့လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်သည်။

‘‘မေ့ဆေးဆရာဝန်အင်အားက တကယ်တမ်းလူနာများလာရင် မလုံလောက်ဘူး။ အဲဒီအတွက် လူနာတစ်ယောက် သတိလစ်လို့ အသက်ရှူစက်တပ်ထားရင် အသက်ရှူအထောက်အကူပြုကိရိယာကို လက်ထောက်ဆရာဝန်တွေက ဝိုင်းပြီးဆောင်ရွက်ပေးဖို့ အရန်အင်အားစုစည်းထားတဲ့ သဘောပါ။ အရင်က မေ့ဆေးဆရာဝန်နှစ်ယောက် သုံးယောက်ရှိတယ်။ အခုတစ်ယောက် ပဲရှိမယ်။ ဆရာဝန်တစ်ယောက်အနေနဲ့ အထောက်အကူပြုကြည့်ပေးဖို့ သင်တန်းပေးတာပါ၊ အသက်ရှူအထောက်အကူပြုကိရိယာကိုင်တွယ်ပုံ၊ စက်ရဲ့လည်ပတ်ပုံတွေ၊ ဘယ်လိုလုပ်တယ်ဆိုတာတွေ ရှင်းပြပြီး မနက်ပိုင်းစာတွေ့၊ ညနေပိုင်း လက်တွေ့နဲ့ စမ်းသပ်မှုတွေလုပ်သွားမယ်၊ အသက်ရှူအထောက်အကူပြုကိရိယာတွေရဲ့ ပြောင်းလဲမှုအခြေအနေတွေကို သိထားဖို့၊ သင်တန်းပေးထားတဲ့ လက်ထောက်ဆရာဝန်တွေကို ကန်တော်နဒီဆေးရုံကြီးရဲ့ အရေးပေါ်ကုသမှုဌာန စတဲ့လိုအပ်တဲ့ နေရာတွေမှာ ဖြည့်ဆည်းပေးသွားမှာပါ။ အခုလုပ်နေတဲ့ မေ့ဆေးဆရာဝန်တွေ ပင်ပန်းရင် မေ့ဆေးဆရာဝန်အင်အားကို နည်းနည်းလျှော့ပြီး လက်ထောက်ဆရာဝန်တွေအစားထိုးတာဝန်ယူပေးမှာပါ”ဟု ဆေးတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်လွင်က ပြောသည်။

ဆေးတက္ကသိုလ်(မန္တလေး)အနေဖြင့် လတ်တလောတွင် အဆောင်နေရန် အခက်အခဲဖြစ်နေသော မန္တလေးမြို့ရှိ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်များ၊ သူနာပြုများအတွက် ဆေးတက္ကသိုလ် ( မန္တလေး) ရှိ ရောဝတီစာသင်ဆောင်တွင် စခန်းဖွင့်ကာ ခေတ္တထားရှိမည်ဖြစ်ပြီး လူဦးရေ ၈၀ နေထိုင်နိုင်ရန်နှင့် စားသောက်ခန်းများတွင် အသင့်စားသုံးနိုင်သော အစားအစာများကို အသင့်စားနိုင်ရန် စီစဉ်ပေးထားကြောင်းနှင့် စခန်းတွင် လာရောက်နေထိုင်သော ဆရာဝန်တစ်ဦးလျှင် ထမင်းစရိတ် ငွေကျပ် ၅၀၀၀ ထောက်ပံ့ပေးကြောင်းသိရသည်။

ထိပ်ထားနိုင်

# ဆွာချောင်းတမံမှ နွေစပါးစိုက်ပျိုးဧက ၉၀၇၀ အတွက် အောင်ရေရရှိရန် ဆောင်ရွက်ပေး

**ရေတာရှည် မေ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းဆည်တမံမှ ၂၀၁၉-၂၀၂၀ နွေစပါးစိုက်ပျိုးရာသီအတွက် ဒီဇင်ဘာ ၁၀ ရက်မှစတင်ကာ ရေများပေးဝေခဲ့ပြီး မူလလျာထားချက်အနေဖြင့် ဧက ၈၀၀၀ ဖြစ်သော်လည်း ပိုလျှံရေများဖြင့် ထပ်မံစိုက်ပျိုးရာတွင် ဧကပေါင်း ၉၀၇၀ ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ဆည်အတွင်းမှာ ရေသိုလှောင်ထားတဲ့ပမာဏနဲ့ တွက်ချက်ပြီးတော့ ကျေးရွာအုပ်စုရှစ်အုပ်စုမှာရှိတဲ့ ဧက ၈၀၀၀ ကို ရေပေးဝေဖို့ ကြိုတင်ညှိနှိုင်းဆောင်ရွက်ခဲ့တာရှိပါတယ်။ သို့သော်လည်း ပိုလျှံလာတဲ့ရေနဲ့ စိုက်ပျိုးတဲ့ ဧက ၁၀၇၀ ဖြစ်သွားတော့ ခုအချိန်မှာအောင်ရေ အတွက် ရေကူမြောင်းတွေဖော်ပြီး ဆောင်ရွက်ပေးရတာရှိတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာန တည်ဆောက်ရေး (၆) မှ ဦးစီးအရာရှိ ဦးတင်ဝင်းလှိုင်က ပြောသည်။



ဆွာချောင်းတမံဆည်ရေဖြင့် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ရေတာရှည်မြို့နယ်မှ နွေစပါးစိုက်ခင်းများ။

ရေအကူပေး ဆောင်ရွက်ရာတွင် ဆွာမင်းလမ်း ကျေးရွာအုပ်စု၊ စီပင်အေးကျေးရွာအနီး ဆွာချောင်းပိတ်တမံတောင်ဘက်ခြမ်းကို စက်ယန္တရားများဖြင့် ဖောက်ထုတ်၍ ကြာအင်းကျေးရွာတောင်ဘက်-၂ ရေပေးမြောင်းမကြီးအထိ အရှည် ပေ ၁၇၅၀ ၊ အကျယ်ပေ ၃၀ ရှိ ရေကူမြောင်းဖြင့် ရေထည့်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ "တောင်သူတွေ အနေနဲ့က ရေယူတဲ့အခါမှာ လိုသလောက်ရယ်လို့ မဟုတ်တော့ဘူး အလျှံပယ်တွေ သွင်းတယ်။ အဲဒီတော့ အောက်ပိုင်းမှာရှိတဲ့တောင်သူတွေအတွက် ရေနည်းသွားတာပေ့ါ။ ဒါပေမယ့် ဆည်မြောင်းဦးစီးဌာနက ဝန်ထမ်းတွေအနေနဲ့ နေ့တိုင်းလိုလို တောင်သူတွေနဲ့ ညှိနှိုင်းဆောင်ရွက်တယ်။ အခုနောက်ပိုင်း အောင်ရေအတွက် ကြိုးပမ်းဆောင်ရွက်ပေးတာတွေ တွေ့ရတော့ ကျေးဇူးတင်ပါ တယ်" ဟု နွေစပါးစိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောကြားသည်။

**သန်းလွင်**

# မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်

**မြိတ် မေ ၅**

နွေရာသီအချိန်တွင် ရေတွင်းရေကန်များ ရေခန်းခြောက်မှုကြောင့် ရေအခက်အခဲကြုံတွေ့နေရသည့် ကျေးရွာများ၌ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၁ ဒသမ ၈၈ သန်းဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ခုနစ်ရွာတို့တွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်း ခုနစ်ခုတို့အား ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်က ပြောသည်။

နှစ်စဉ်သောက်သုံးရေအခက်အခဲကြုံတွေ့နေရသည့် မြိတ်မြို့နယ် မရမ်းပင်ချောင်းကျေးရွာတွင် တင်ဒါအောင် မြိတ်တော်ဝင်ပုလဲ ကုမ္ပဏီမှ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရေတားတမံ၊ ရေဂါလန် ၅၀၀၀၀ ဆံ့ အုတ်ရေကန်တစ်လုံးနှင့် အရှည် ၃/၀ မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ငွေကျပ် ၂၈ ဒသမ ၇၈ သန်းဖြင့်လည်းကောင်း၊ မွေ့ရှောင်ကျေးရွာတွင်ရေတားတမံ၊ ရေဂါလန် ၅၀၀၀၀ ဆံ့အုတ်ရေကန်တစ်လုံးနှင့် အရှည်(၁/၀)မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ငွေကျပ် ၁၃ ဒသမ ၅၆ သန်း ဖြင့်လည်းကောင်း၊ တပ်တောင် ကျေးရွာတွင်ရေတားတမံ ရေဂါလန် ၅၀၀၀၀ ဆံ့အုတ်ရေကန် တစ်လုံးနှင့် အရှည် (၂/၀)မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ငွေကျပ် ၂၃ ဒသမ ၇၆ သန်းဖြင့် လည်းကောင်း၊ ရေမြစ်ကြီးကျေးရွာတွင် ရေတားတမံ၊ ရေဂါလန် ၅၀၀၀၀ ဆံ့အုတ်ရေကန်တစ်လုံးနှင့် အရှည် (၂/၀) မိုင် စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းကိုငွေကျပ်သန်း ၂၃ ဒသမ ၉၀ ဖြင့်လည်းကောင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလပထမအပတ်မှ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ဧပြီလကုန်တွင် လုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

တင်ဒါအောင်မြိတ်တော်ဝင်ပုလဲကုမ္ပဏီမှ မြိတ်မြို့နယ် ကျောင်းတောင်ကျေးရွာတွင် ရေတားတမံ၊ ရေဂါလန် ၅၀၀၀၀ ဆံ့အုတ်ရေကန်တစ်လုံးနှင့် အရှည်(၁/၀)မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ငွေကျပ် ၁၃ ဒသမ ၇၀ သန်းဖြင့်လည်းကောင်း၊ ဒေါကျေးရွာတွင် ရေတားတမံ၊ ရေဂါလန် ၅၀၀၀၀ ဆံ့အုတ်ရေကန်တစ် လုံးနှင့် အရှည်(၁/၀)မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ငွေကျပ်သန်း ၁၃ ဒသမ ၇၀ ဖြင့် လည်းကောင်း၊ ခားသွေးကျေးရွာတွင် ရေတားတမံ၊ ရေဂါလန် ၅၀၀၀၀ ဆံ့အုတ်ရေကန်တစ်လုံးနှင့်အရှည်(၂/၀)မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကိုငွေကျပ် ၂၄ ဒသမ ၄၈ သန်းဖြင့် တင်ဒါအောင် Aung Pyi Sone ကုမ္ပဏီမှလည်းကောင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလပထမအပတ်မှ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအားလုံး ဧပြီလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှသိရသည်။

**မြင့်ဦး(မြိတ်)**



မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

# သဘာဝဘေးဒဏ်သင့်ကျေးရွာများသို့ ဦးစားပေးစနစ်ဖြင့် ဝါးမျိုးစေ့အထုပ်များ ဖြန့်ဝေပေးရန် စီစဉ်

**မုံရွာ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ် အများဆုံးခံစားရသောကျေးလက်ဒေသများတွင် လေကာပင်များအဖြစ် စိုက်ပျိုးနိုင်ရေး ဝါးမျိုးစေ့အထုပ်များ ဖြန့်ဝေပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝါးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအသင်း ဥက္ကဋ္ဌ ဦးသန့်ဇင်ထံမှ သိရသည်။

" အခုဖြန့်ဝေပေးမယ့် မျှင်ဝါးဖြူမျိုးက ကောလင်းဒေသမှာ သဘာဝအလျောက် ပေါက်ရောက်နေတဲ့ ဝါးမျိုးဖြစ်ပါတယ်။ ယင်းဝါးမျိုးက အပူဒဏ်ကိုလည်းခံနိုင်တဲ့အတွက် အပူပိုင်းဒေသမှာစိုက်ပျိုးဖို့ သင့်လျော်တဲ့အတွက် ဖြန့်ဝေပေးဖို့ စီစဉ်တာဖြစ်ပါတယ်၊ နှစ်စဉ်သဘာဝဘေးဒဏ်ကို အများဆုံးခံစားနေရတဲ့ ကျေးရွာတွေကို ဦးစားပေးဖြန့်ဝေပေးမှာဖြစ်သလို အရိပ်ရလေကာပင် စိုက်ပျိုးတာတို့ ဝါးမျိုးပျိုးနည်းတွေကို သင်တန်းပေးပြီး လုပ်ဆောင်ပေးသွားဖို့ စီစဉ်ထားပါတယ်၊ ဝါးမျိုးအစေ့ ၆၀၀၀ လောက်ပါတဲ့ နို့ဆီဘူး တစ်ဘူးစာ တစ်ထုပ်နှုန်း ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးလာစေရန်၊ သဘာဝ ဘေးအန္တရာယ်များကို စုပေါင်းကာကွယ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ အရိပ်ရလေကာပင်များ စိုက်ပျိုးခြင်းဖြင့် သဘာဝဘေးများကို တုံ့ပြန်ဖြေရှင်းနိုင်ဖို့ ရည်ရွယ်ပြီး ဖြန့်ဝေပေးတာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝါးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအသင်း ဥက္ကဋ္ဌက ပြောသည်။

တိုင်းဒေသကြီး ဝါးနှင့်သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအသင်းအနေဖြင့် မျှင်ဝါးဖြူ မျိုးစေ့တစ်ထုပ်လျှင် နို့ဆီဘူးတစ်ဘူးနှုန်းဖြင့် ဖြန့်ဝေခြင်းကို မေ ၆ ရက်မှ စတင်ဖြန့်ဝေပေးမည်ဖြစ်ပြီး သဘာဝဘေးဒဏ်သင့်ကျေးရွာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းများ၊ သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများ၊ အခြားအသင်းအဖွဲ့များသို့ ဦးစားပေးဖြန့်ဝေပေးမည်ဖြစ်ကြောင်းနှင့် မှာယူလိုသူများအနေဖြင့် ဦးသန့်ဇင် ဖုန်းနံပါတ် ၀၉၄၂၂၃၀၃၆၅ ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

## ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနက

## အခြေခံစားသောက်ကုန်များ ဈေးနှုန်းမှန်ကန်စွာ ရောင်းချရေးထိန်းညှိပေး

**လွိုင်ကော် မေ ၅**

ကိုဗစ်-၁၉ ဖြစ်ပွားမှုကာလတွင် ကယားပြည်နယ်အတွင်း အခြေခံ စားသောက်ကုန်တွေ ဈေးနှုန်းမတက်ရန်အတွက် စီစဉ်ဆောင်ရွက်နေပြီး ဆုံးဖြတ်ချက်ထွက်လာပါက အမိန့်ကြော်ငြာစာထုတ်သွားမည်ဟု စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုယုလွင်က ပြောသည်။

အခြေခံစားသုံးကုန်တွေ ဈေးနှုန်းမှန်ကန်စွာရောင်းချရေးအတွက် စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိက "ကုန်ဈေးနှုန်းတက်တာနဲ့ ပတ်သက်ပြီးတော့ ဒီသုံးရက်အတွင်းမှာပဲ ဖုန်းတွေဆက်လာတယ်။ အဓိကကတော့ ဆားပေ့ါနော်။ ဆားနဲ့ ပတ်သက်ပြီးတော့ ကုန်ဈေးနှုန်းတွေ တက်လာတယ်။ ကျွန်မတို့သိရတာကတော့ အရင်ဆိုရင် ဆားတစ်ထုပ်ကို ငွေကျပ် ၃၀၀ ၊ နှစ်ထုပ် ငွေကျပ် ၅၀၀ နဲ့ရတယ်။ အခုနောက်ပိုင်း ငွေကျပ် ၅၀၀ တက်တယ်။ ငွေကျပ် ၇၀၀ ၊ ၈၀၀ အထိတက်တယ်။ မတ် ၂၆ ရက်က ကျွန်မတို့ ကုန်ဈေးနှုန်းတွေ သွားစုံစမ်းတယ်။ ကျွန်မဝယ်တော့ ငွေကျပ် ၅၀၀ ပေးရတယ်။ အရင် သုံးရာရောင်းပြီး အခုငါးရာဘာ့ကြောင့် တက်ရတာလဲ။ ဆိုင်ရှင်ကိုမေးတော့ လက်ကျန်တွေ ကုန်သွားတဲ့အတွက် အသစ်မှာတော့ ကာလပေါက်ဈေးအတိုင်း ငွေကျပ် ၄၅၀ ဝယ်ရတော့ ငွေကျပ် ၅၀၀ နဲ့ရောင်းရတဲ့အကြောင်း သိရတယ်။ တိုင်စာတွေအနေနဲ့တော့ ဆားပဲ။ အဓိကကျန်တဲ့ ကုန်ဈေးနှုန်းတွေတော့မပြောသေးဘူး" ဟု ၎င်းက ပြောသည်။

"အခြေခံကုန်ဈေးနှုန်း သတ်မှတ်ဖို့ဆိုတာကတော့ ကျွန်မတို့ဌာနရဲ့ အမြဲတမ်းအတွင်းဝန် ဦးဆောင်ပြီး အစည်းအဝေးတစ်ရပ်ကို မနေ့ကလုပ်လိုက်တယ်။ ဒီအခြေခံအဓိကစားကုန်တွေ ဆန်၊ ဆီ၊ ဆားရယ်၊ ပြီးတော့ အခြေခံဆေးဝါးဈေးတွေ မတက်ဖို့ပေ့ါ။ အခြေခံဈေးနှုန်းလိုပဲလုပ်မလား ဘယ်လိုအတိုင်းအတာနဲ့ ဈေးနှုန်းတွေ သတ်မှတ်မလဲဆိုတာ ကျွန်မတို့ ဝန်ကြီးဌာနကနေ ဦးဆောင်ပြီးတော့ အစည်းအဝေးတွေ လုပ်နေပါတယ် ။ အစည်းအဝေးဆုံးဖြတ်ချက်တွေကတော့ မထွက်လာသေးဘူး။ အစည်းအဝေးဆုံးဖြတ်ချက်တွေ ထွက်လာပြီဆိုရင်လည်း ပြည်သူတွေ ဌာနဆိုင်ရာအားလုံးကို အချိန်နဲ့တစ်ပြေးညီ အမိန့်ကြော်ငြာစာတွေထုတ်ပေးဖို့ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး စားသုံးသူရေးရာကနေ ပညာပေးဆောင်ရွက်ကြောင်း၊ ဌာနဆိုင်ရာနှင့် ပူးပေါင်းကာ ပြည်သူများ လူစုလူဝေးမလုပ်ရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး စနစ်တကျလက်ဆေးရန် စသည့်ပညာပေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**



## ပြည်တွင်း၌ ကုလားပဲခြမ်းများ အဝယ်လိုက်သော်လည်း ဈေးကျ

**မန္တလေး မေ ၅**

ပြည်တွင်း၌ ကုလားပဲခြမ်းများ အဝယ်လိုက်နေသော်လည်း ပဲသစ်ပေါ်ချိန်ဖြစ်ပြီး သီးနှံလှိုင်လှိုင်ပေါ်နေသည့်အတွက် ဈေးနှုန်းများကျနေကြောင်း မန္တလေးပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

"ကုလားပဲခြမ်းတွေကို နယ်တွေကလည်း အော်ဒါတွေများတယ်။ ကိုဗစ်ကာလဖြစ်လို့ ပဲခြမ်းက အထားခံတယ်ဆိုပြီး ပိုဝယ်ကြတာ။ အဲဒါကြောင့် ပဲခွဲစက်တိုင်းလိုလို အော်ဒါတွေပြည့်နေတယ်။ ဒါပေမယ့် ပဲသစ် ပေါ်ချိန်ဖြစ်တဲ့အတွက် တောင်သူတွေက နေ့တိုင်းလာရောင်းတယ်။ ကုန်စည်ဒိုင်မှာ တစ်ရက်ကို ကုလားပဲတွေ အိတ်ထောင်ချီပြီးအလုပ်ဖြစ်တယ်။ အခုက ရာသီလှိုင်လှိုင်ပေါ်ချိန်ဆိုတော့ တောင်သူတွေအတွက်လည်း တစ်ဖက်မှာ ငွေဖြစ်တယ်။ စားသုံးသူတွေအတွက်လည်း ဈေးမတက်ဘဲ ရိက္ခာဖြည့်ပြီးသားဖြစ်တယ်"ဟု မန္တလေးကုန်စည်ဒိုင်မှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေက ပြောသည်။

ယခင်က ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်ရှစ်သောင်းရှိပြီး ယခုငွေကျပ်ခြောက်သောင်းလေးထောင်ဖြင့် ဝယ်ယူနိုင်ကြောင်း၊ ယခင် V2 ကုလားပဲ တစ်အိတ်လျှင် ငွေကျပ်ရှစ်သောင်းရှိပြီး ယခုတစ်အိတ်လျှင် ငွေကျပ်ခြောက်သောင်း လေးထောင်ဈေးသာရှိကြောင်း သိရသည်။

**ထိပ်ထားနိုင်**

## ကိုဗစ်-၁၉ နှင့်ပတ်သက်၍ မုံရွာခရိုင်အတွင်း ကြိုတင်ပြင်ဆင်ထားမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မုံရွာ ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ယနေ့နံနက်ပိုင်းက မုံရွာခရိုင်အတွင်းရှိ အရာတော်၊ မုံရွာမြို့နယ်များတွင် ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာခရိုင်အတွင်းရှိ အများပြည်သူဝင်/ထွက် သွားလာနေကြသည့် ရွှေဘို-အရာတော် - မုံရွာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ယနေ့နံနက်ပိုင်းမှစတင်ထွက်လာပြီး ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ပြည်သူများ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်များ၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီတို့မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ သတင်းထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း စနစ်တကျ အထူးအလေးထားကာ ပြည်သူ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကြိုးစား ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တာဝန်ရှိသူများထံ အလှူငွေများပေးအပ်စဉ်။

အရာတော်နှင့်မုံရွာမြို့နယ်တို့ရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စစ်ဆေးရေးဂိတ်များတို့တွင် တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်သည့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်ပေးနေမှုနှင့် လုံခြုံရေး ဆောင်ရွက်ပေးထားမှုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြည့်ရှုအားပေးပြီး လိုအပ်သည့် ကျန်းမာရေးသုံး မက်စ်၊ လက်အိတ်နှင့် ရောဂါကာကွယ်ရေးဝတ်စုံတို့အပြင် အဖျားတိုင်း သာမိုမီတာများနှင့် အာဟာရစားဖွယ်အတွက် အလှူငွေများကို တာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့ပြီး ကိုဗစ်-၁၉ နှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ပြည်သူအားအထူးဂရုပြုအလေးထား၍ အားလုံးစည်းလုံး ညီညွတ်စွာဖြင့် မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်အတူ ကြိုးစားဆောင်ရွက်ရေးကို တာဝန်ရှိသူများနှင့် ဆောင်ရွက်ပေးခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဖလမ်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဖလမ်း ဧပြီ ၅**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့က ဖလမ်းမြို့ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖလမ်းမြို့နယ် မြို့နယ်ခန်းမဆောင်အသစ် ဆောက်လုပ်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့် ကုမ္ပဏီ တာဝန်ရှိသူများက အဆောက်အအုံဆောက်လုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်လျက်ရှိသည့်ဝန်ထမ်းအိမ်ရာ အာရ်စီလေးခန်းတွဲနှစ်ထပ် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဥျန်(ပြန်/ ဆက်)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီး သာယာဝတီခရိုင်အတွင်း ဆည်မြောင်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ပဲခူး ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ယမန်နေ့က သာယာဝတီခရိုင်အတွင်းရှိ ဆည်မြောင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးသည် တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစဝ်ခွန်ဦး၊ ဦးစီးအရာရှိများ၊ ဌာနဆိုင်ရာများနှင့်အတူ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ပြီးစီးခဲ့သော သာယာဝတီခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုလျော့ပါးစေရေးလုပ်ငန်းများဖြစ်သည့် အုတ်ဖိုမြို့နယ် ရေကြည်ချောင်းမှ မြစ်မခမြစ်အထိ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ကဒတ်ချောင်းတူးဖော်ခြင်းလုပ်ငန်း၊ မိုးစပါးအောင်ရေ၊ နွေစပါးစိုက်ပျိုးရေနှင့် ကျေးရွာများသောက်သုံးရေရရှိရေးလုပ်ငန်းများဖြစ်သည့် ဇီးကုန်းမြို့နယ် ဝက်စပိုးကျေးရွာနှင့် မြောက်လွတ်ကုန်းကျေးရွာ ရေသွယ်မြောင်းထိပ် ရေတံခါးတည်ဆောက်ခြင်း၊ ဘုရားပျိုကျေးရွာအုပ်စု ကျွဲကွင်းကျေးရွာအနီးတမံနှင့် ရေတံခါးတည်ဆောက်ခြင်း၊ သက်န်းကျေးရွာအနီး ကြို့ပင်တမံနှင့် ရေတံခါး တည်ဆောက်ခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

ထို့နောက် အုတ်ဖိုမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ် နှင့် ဇီးကုန်းမြို့နယ်များသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သတ်မှတ်ထားသော နေရာတွင် အသွားအလာ



တိုင်းဒေသကြီးဝန်ကြီးဦးအောင်ဇော်နိုင် သာယာဝတီခရိုင် ဆည်မြောင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးစဉ်။

ကန့်သတ်ခြင်းနေရာများ ကြည့်ရှုစစ်ဆေးခဲ့သည်။

**တင်စိုး (ပဲခူး)**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီသို့ အလှူငွေပေးအပ်

**အင်္ဂပူ ဧပြီ ၅**

အင်္ဂပူမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီသို့ အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က အင်္ဂပူမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်က မြို့နယ်အတွင်း ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ဆောင်ရွက်ထားသည့်လုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် ရန်ပုံငွေကျပ်သိန်း ၁၂၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၁၀ စုံကို ပေးအပ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ (အခြေခံကျန်းမာ)မှ ဒေါက်တာ မင်းကျော်သူအောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်သွားသော (သားဖွားဆရာမ) ဒေါ်တင်ရီအတွက် ဧရာဝတီဖောင်ဒေးရှင်းမှ လက်ထောက် အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦးက ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကို ပေးအပ်ရာ မိသားစုဝင်တစ်ဦးက လက်ခံယူခဲ့ပြီး တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြောင်း သိရသည်။

**မန်းကျော် (ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ အလှူငွေပေးအပ်စဉ်။

## ကြာအင်းဆိပ်ကြီးမြို့၌ ကန့်သတ်စောင့်ကြပ်ကြည့်ရှုထားရှိနေရာ ပြည်နယ်ဝန်ကြီး သွားရောက်ကြည့်ရှု

**ကြာအင်းဆိပ်ကြီး ဧပြီ ၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရေး ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား မိမိတို့နေထိုင်ရာဒေသသို့ ပြန်လည်နေထိုင်ခြင်းမပြုစေဘဲ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ စာသင်ကျောင်းများတွင် ကြီးကြပ်စောင့်ကြည့်ရေးစခန်း ကန့်သတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။

ကြီးကြပ်စောင့်ကြည့်ရေးစခန်းဖွင့်လှစ်ရာ ကြာအင်းဆိပ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ကြီး ဦးမင်းကိုခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောတင်ဝင်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောယှားဖောင် အွာတို့က ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စိုးဦးက နေရပ်ပြန်ပြည်သူများအား ကန့်သတ်စောင့်ကြပ်ကြည့်ရှုထားရှိမှုအခြေအနေများနှင့် စီမံဆောင်ရွက်ထားရှိမှုများ၊ စားသောက်၊ နေထိုင်မှုနှင့် ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုမှုတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

**မျိုးမင်းဦး (ပြန်/ဆက်)**

# ထိုင်းနိုင်ငံ ဒေသအသီးသီးမှ နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများ မယ်ဆိုင်မြို့ဘက်တွင် ၁၇၀ ခန့်ရောက်ရှိစောင့်ဆိုင်း

**တာချီလိတ် မေ ၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ဒေသအသီးသီးမှ တရားဝင်လုပ်သား မြန်မာနိုင်ငံသားများသည် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်- မယ်ဆိုင် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်နိုင်ရန် မေ ၃ ရက် ညနေပိုင်းအထိ လူဦးရေ ၁၇၀ ခန့် ရောက်ရှိစောင့်ဆိုင်းလျက်ရှိသည်။(**အောက်ပုံ**)

မြန်မာနိုင်ငံသားများကို လှိုင်ဝေါင်းဈေးအနီး လှိုင်ဝေါင်းဘုန်းကြီးကျောင်း၌ ယာယီနေရာချထားပေးပြီး စားဝတ်နေရေးအတွက် မယ်ဆိုင်မြို့မှ သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက တာဝန်ယူစောင့်ရှောက်လျက်ရှိသည်။



တာချီလိတ်မြို့တွင် နေရပ်ပြန်များအား ယခင်ကဲ့သို့ ချက်ချင်းပြန်မလွှတ်တော့ဘဲ နေရာခြောက်ခုတွင် လူပေါင်း ၆၀၀ ကျော်အတွက် ၁၄ ရက်ကြာ စောင့်ကြည့်ထားရန် စီစဉ်ထားပြီးဖြစ်သော်လည်း နေရပ်ပြန်များအတွက် စားသောက်စရိတ်အခက်အခဲရှိနေကြောင်း၊ လက်ရှိတွင် နေရပ်ပြန် ၉၀ ကျော်ကို တာချီလိတ်မြို့တွင် သီးသန့်ထားရှိပြီး ကျွေးမွေးစောင့်ရှောက်ထားသည်။

နေရပ်ပြန် မြန်မာနိုင်ငံသား အလုပ်သမားများသည် မြန်မာနိုင်ငံအတွင်းသို့ ပြန်လာနိုင်ရေးအတွက် မျှော်လင့် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

# နေရပ်ပြန်များအား ၁၄ ရက်တာ ကန့်သတ်နေထိုင်ရန် မြောင်းမြမြို့၌ အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်

**မြောင်းမြ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အအုံများတွင်ထားရှိပြီး အသွားအလာကန့်သတ်နေထိုင်ရေးကို မြောင်းမြမြို့၌အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်လျက်ရှိသည်။

ပြည်သူများသို့ ကျန်းမာရေး အသိပညာပေးခြင်းများ အရှိန်မြှင့်ဆောင်ရွက်ရာတွင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာပြီး သက်ဆိုင်ရာသို့ သတင်းပေးပို့မှုမရှိသေးသူများ သတင်းပေးရေးသက်ဆိုင်ရာမှ အသွားအလာကန့်သတ်မှု ပြုလုပ်ရန် ညွှန်ကြားခံရသူများသည် အသွားအလာကန့်သတ်ခြင်း ပြုလုပ်ရန် ပြင်ဆင်ထားရှိသည့်နေရာများသို့ မိမိတို့အသိစိတ်ဖြင့် ပြောင်းရွှေ့နေထိုင်ကြရေး အသံချဲ့စက်ဖြင့် လည်းကောင်း၊ ရပ်ကွက်ငယ်များနှင့် ကျေးရွာများတွင် လက်ကိုင်စကားပြောစက်များဖြင့်လည်းကောင်း စဉ်ဆက်မပြတ် နှိုးဆော်ပေးလျက်ရှိသည်။

မြောင်းမြမြို့နယ်၌ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အအုံများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း အတွက် ရှုခင်းသာကျေးရွာ စွမ်းအားပရိယတ္တိ တောရ၌ မြို့နယ်ကျန်းမာရေးဌာနအခြေပြု အသွားအလာကန့်သတ်ခြင်းတစ်နေရာ၊ ကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အခြေပြုသတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း ၁၃ နေရာ ထားရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးမိတ်မြို့နယ်၌ ပြည်ပပြန်နိုင်ငံသားများအတွက် ၁၄ ရက်စောင့်ကြည့်ရန်ဆောင်ရွက်ထား

**မိုးမိတ် မေ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ယမန်နေ့အထိ စာရင်းများအရ ကိုဗစ်- ၁၉ ဖြစ်ပွားလျက်ရှိသော နိုင်ငံများမှ မိမိတို့နေရပ်သို့ ပြန်လည် ရောက်ရှိလာသူများအား ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများကစာရင်းကောက်ယူလျက်ရှိပြီး စောင့်ကြည့်နေရာငါးခု ပြင်ဆင်ထားရှိရာ တောင်ပိုင်းရပ်ကွက် အမက(၅)တွင် လောက်ကိုင်မြို့မှ ပြန်လည်ရောက်ရှိသူ ၁၆ ဦးနှင့် တရုတ်နိုင်ငံမှပြန်လည်ရောက်ရှိသူ သုံးဦး၊ အထက(၂)တွင် တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူလေးဦး စုစုပေါင်း ၂၃ ဦးကို ၁၄ ရက်ထားရှိ၍ စောင့်ကြည့်သွားမည်ဖြစ်ပြီး မိုးမိတ်မြို့နယ်တွင် သံသယလူနာမရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့် ပတ်သက်၍ လူစုလူဝေးဖြစ်စေသောဇာတ်ပွဲများ၊ အနုပညာဖျော်ဖြေပွဲများ၊ ဘာသာရေးနှင့် ရိုးရာပွဲတော်များ ရပ်ဆိုင်းထားရန်၊ မြန်မာ့နှစ်သစ်ကူး သင်္ကြန်ကာလအတွင်း ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ ဆောက်လုပ်ခြင်းမပြုရန်၊ ရောဂါဖြစ်ပွားလျက်ရှိသော နိုင်ငံခြားမှ ပြန်လာသူများနှင့် အခြားမြို့နယ်များမှ ပြန်လာသူများ မိမိအိမ်ပတ်ဝန်းကျင်တွင်ရှိပါက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနသို့ အကြောင်းကြားရန်၊ ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်နှင့် နိုင်ငံခြားမှ ပြန်လာသူများနှင့် အခြားမြို့နယ်များမှ ပြန်လာသူများအားအသွားအလာကန့်သတ်ခြင်း ပြုလုပ်သွားမည်ဖြစ်သည့်အတွက် သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း ပြင်ဆင်ထားသည့်နေရာများသို့ မိမိတို့အသိစိတ်ဓာတ်ဖြင့် မပျက်မကွက်နေထိုင်ရေးကို မြို့ပေါ် ရပ်ကွက် / ကျေးရွာများတွင် နေ့စဉ်အသိပေးဆော်ဩလျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

**မိုးမိတ်သား**

# သုံးခွမြို့နယ်၌ ပြည်ပပြန်များအား ၁၄ ရက်တာ ကန့်သတ်စောင့်ကြည့်ထား

**သုံးခွ မေ ၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်တားဆီး ထိန်းချုပ်နိုင်စေရေးအတွက် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသော မြန်မာနိုင်ငံသားနေရပ်ပြန်များအား ၁၄ ရက်ကြာ စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဝင်ရောက်လာသူများအား ကိုဗစ်- ၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အားပေးနှစ်သိမ့်စကားပြောကြားခြင်း၊ လိုက်နာရမည့်စည်းကမ်းချက်များ ပြောကြားခြင်း၊ ကိုဗစ်- ၁၉ကူးစက်ရောဂါအကြောင်း ဆောင်ရန်ရှောင်ရန်အချက်များကို အသိပညာပေးပြောကြားခြင်းများ ပြုလုပ်သည်။

သုံးခွမြို့နယ်တွင် မေ ၃ရက်အထိ စောင့်ကြည့်ခံရသူဦးရေစုစုပေါင်း ၁၃၆ ဦးရှိပြီး ၅၁ ဦးမှာ ၁၄ ရက်ကြာ စောင့်ကြည့်ရာတွင် သံသယဖြစ်ဖွယ်လက္ခဏာများမတွေ့ရှိသဖြင့် စောင့်ကြည့်ခြင်းပြီးသွားကြောင်း၊ ယခုလျက်ရှိတွင် အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်းတွင် ၅၅ ဦး၊ စာသင်ကျောင်း၊ ဓမ္မာရုံများ၊ ရိပ်သာ၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အအုံများတွင် ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်းတွင် ၃၀ စုစုပေါင်း ၈၅ ဦးရှိကြောင်း မြို့နယ် ကိုဗစ်- ၁၉ ရောဂါ သတင်းမှန်ပြန်ကြားရေးကော်မတီအဖွဲ့ခေါင်းဆောင် ဦးကိုကိုဇင်လင်းက ယမန်နေ့က ပြောသည်။

**ကိုကျော်- သုံးခွ**

# ပြည်ပမှ ပြန်လာသူများအတွက် သီးခြားနေ စင်တာများ စီစဉ်ဆောင်ရွက်ထား

**ဟိုပန် မေ ၅**

" ဝ " ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ ကိုဗစ်-၁၉ ဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေးနှင့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအား ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ၁၄ ရက်တာ စောင့်ကြည့်ရန်နှင့် သံသယလူနာများတွေ့ရှိပါက သီးခြားထားရှိရန်အတွက် ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံနှင့် မြို့နယ်အားကစားကွင်း၌ ပြင်ဆင်ဆောင်ရွက်ထားရှိသည်။

ဟိုပန်မြို့သည် နယ်စပ်ဒေသဖြစ်သောကြောင့် ပြည်ပမှဝင်ထွက်သွားလာနေသောသူများအား ကူးစက်ရောဂါမဖြစ်ပွားစေရန် ဟိုပန်မြို့အဝင်၌ ကိုဗစ် - ၁၉ ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ အဖျားရှိ မရှိ စစ်ဆေးခြင်း၊ လူဝင်လူထွက်များ စနစ်တကျဆောင်ရွက်ခြင်းကို ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်ကျေးစာရေးများ၊ လူဝင်မှုကြီးကြပ်ရေးဌာနဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့များက နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းဇော်ခမ်း**

# ကော့သောင်းမြို့၌ ပင်လယ်ကျွန်းများပေါ်ရှိ အပန်းဖြေဟိုတယ်စခန်းများမှ ပြန်လာသည့် ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးစောင့်ကြည့်

**ကော့သောင်း မေ ၅**

ပိတ်သိမ်းခဲ့ရသည့် ကော့သောင်းမြို့နယ်အတွင်း ပင်လယ်ပြင်ကျွန်းများပေါ်ရှိ ဟိုတယ်၊ ရီဆော့နှင့် ဘန်ဂလိုများမှ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံခြားသားဝန်ထမ်းများနှင့်ကော့သောင်းဒေသခံဝန်ထမ်းများအား ဟိုတယ်လုပ်ငန်းတာဝန်ရှိသူများ၏ အစီအစဉ်ဖြင့် အစုအဖွဲ့အလိုက် ကော့သောင်းမြို့သို့ ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစောင့်ကြည့်စစ်ဆေးမှုလုပ်ငန်းများ သတိပြုကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ကော့သောင်းမြို့နယ်အတွင်း ကိုဗစ်- ၁၉ အန္တရာယ်ကြောင့် ပိတ်သိမ်းခဲ့ရသည့် ဟိုတယ်၊ ရီဆော့နှင့် ဘန်ဂလိုများအနက် ယမန်နေ့က ညောင်ဦးဖီးကျွန်းပေါ်ရှိ Victoria Cliff Hotel & Resort မှ မြန်မာနိုင်ငံသား ဝန်ထမ်းအမျိုးသား ၅၅ ဦးနှင့်အမျိုးသမီး၄၅ ဦးအား ကော့သောင်းမြို့မ ဆိပ်ကမ်းတံတားတွင် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး စစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြရာ ကိုယ်အပူချိန် မြင့်တက်သည့်သူများ စစ်ဆေးတွေ့ရှိရခြင်းမရှိသဖြင့် မြို့ခံဝန်ထမ်း ၃၀ ကို မိမိနေအိမ်များသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြပြီး ပြည်တွင်းအခြားမြို့နယ်များမှ လာရောက်တာဝန် ထမ်းဆောင်သည့်ဝန်ထမ်း ၇၀ အား ကုမ္ပဏီမှဟိုတယ် ပြန်လည်ဖွင့်လှစ်မည့်အချိန်အထိတာဝန်ယူကာ ကျန်းမာရေးကြပ်မတ်စစ်ဆေးစောင့်ကြည့်ထားမည် ဖြစ်သည်။

ပိတ်သိမ်းခဲ့ရသည့် ဟိုတယ်နှင့် ရီဆော့များအနက် ကော့သောင်းမြို့ သူဌေးကျွန်းပေါ်ရှိ ကြယ်ငါးပွင့်အဆင့် သူဌေးကျွန်း Grand Amdaman Hotel တွင် ထိုင်းလူမျိုးဝန်ထမ်း ၃၄၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံသားဝန်ထမ်း ၁၁၃ ဦးနှင့် မြန်မာဝန်ထမ်း ၁၀၀၀ ရှိကြောင်း သိရသည်။

ဟိုတယ်များမှ ကိုဗစ်-၁၉ ကပ်ရောဂါ ဂယက်ကြောင့် မိမိနိုင်ငံနှင့် နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်ခွင့်မရဖြစ်နေသည့် နိုင်ငံခြားသားဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံသားဝန်ထမ်းများအား မိမိတို့သက်ဆိုင်ရာဟိုတယ်အလိုက် ရောဂါကူးစက်ပြန့်ပွားမှုမဖြစ် ပေါ်စေရေးသတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း သီးခြားစီတည်းခိုနေထိုင်နိုင်ရေး စီစဉ်ထိန်းသိမ်းပေးထားကာ ကော့သောင်းခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီမှ ကျန်းမာရေးစောင့်ကြည့်စစ်ဆေးမှုများ အစဉ်တစိုက်ကြပ်မတ် ဆောင်ရွက်ပေးလျက် ဝန်ထမ်းများအပါအဝင် ၎င်းတို့နှင့် ဆက်နွှယ်နေသည့် မိသားစုဝင်များအား စားဝတ်နေရေး အခက်အခဲမဖြစ်ပေါ်



စေရန်ဟိုတယ်အလိုက်တာဝန်ရှိသူများက ဝန်ထမ်းအားလုံး ဟိုတယ်များပြန်လည်ဖွင့်လှစ်နိုင်မည့် ကာလအထိ လစာငွေအားရာထူး၊ အလုပ်တာဝန်အလိုက် ၅၀ ရာခိုင်နှုန်း လစဉ်ထောက်ပံ့ပေးထားမည်ဖြစ်ပြီး ၂၅ ရာခိုင်နှုန်းကို လက်ရောက်ပေးအပ်၍ ကျန် ၂၅ ရာခိုင်နှုန်းကို ဘဏ်စာရင်းသွင်းအပ်နှံပေးထားမည်ဖြစ်ကြောင်း၊ လုပ်ငန်းရပ်နားထားစဉ်ကာလအတွင်း ဆန်၊ ဆီ၊ ဆားအစရှိသည့် အခြေခံစားကုန်များ ထောက်ပံ့ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ရွှေလျားစာကြည့်တိုက်ယာဉ်များဖြင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဧပြီ ၅**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဒေါ်ခင်ကြည်ဖောင် ဒေးရှင်းနှင့်ပူးပေါင်း၍ ပြည်သူများ အသိပညာဗဟုသုတ ရရှိစေရန်အတွက် ရွှေလျားစာကြည့်တိုက်ယာဉ်များဖြင့်စာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေးလျက်ရှိသည်။

ယခုအခါ ကိုဗစ်- ၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ မြသာယာဈေး၊ ပြည်သူ့ဆေးရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်း၊ သင်္ဘောဆိပ်များ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ အောင်ဇမ္ဗူလူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌လည်းကောင်း၊ ရှမ်းပြည်နယ် ကလောမြို့ရှိ မြို့မဈေး၊ နန်းသဲကျေးရွာ၊ မြင်းစိုင်းကုန်းကျေးရွာများ၌ လည်းကောင်း လွှတ်တော် ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ဖြန့်ဝေဆောင်ရွက်ပေးသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကိုဗစ် - ၁၉ ကာကွယ်ရေးနှင့်ပတ်သက်၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပူးပေါင်းကာ လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်သကဲ့သို့ လက်သန့်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်းများအား သရုပ်ပြဆွေးနွေးပညာပေးခြင်း၊ ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များက နှိုးဆော်ပေးသည့် အသိပညာပေးနှိုးဆော်ချက်များကို နံရံကပ်ပြဘုတ်များတွင် ခင်းကျင်းချိတ်ဆွဲပြသခြင်း၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ရုပ်ရှင်အခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခြင်းများကို ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသည် ကိုဗစ်- ၁၉ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန်အတွက် အသိပညာပေးလက်ကမ်းစာစောင် ၈၀၀၀ နှင့် လက်သန့်ဆေးရည် ငါးလီတာဆံ့ ၁၆ ပုံးတို့ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လှူဒါန်းထားကြောင်း သိရသည်။

**ကျော်စွာ (ပြန်/ဆက်)**

## ဆင်ပေါင်ဝဲမြို့နယ်အတွင်း နှာခေါင်းစည်းနှင့် အပူချိန်တိုင်းကိရိယာပေးအပ်

**ဆင်ပေါင်ဝဲ ဧပြီ ၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်အတွင်း သတ်မှတ်ထားသော နေရာတွင် အသွားအလာကန့်သတ်ခြင်းနေရာများသို့ ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်း အခုရေ ၁၉၀၀ နှင့် အပူချိန်တိုင်းကိရိယာငါးခုကို ယမန်နေ့က သွားရောက်ပေးအပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ တိုင်းဒေသကြီး(၂)လွှတ်တော် ကိုယ်စားလှယ် ဦးကျော်လွင်၊ မြို့နယ် ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးလင်းနှင့် ကော်မတီဝင်များ ပူးပေါင်းအဖွဲ့က တိုင်းဒေသကြီး အစိုးရအဖွဲ့မှပေးပို့သော နှာခေါင်းစည်း ၁၉၀၀ အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များထံပေးအပ်ခဲ့ပြီး အပူချိန်တိုင်းကိရိယာငါးခုကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးကိုကိုဇော်အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)



**ခန့်ဝင်း(ပြန်/ဆက်)**

## တန့်ယန်းမြို့နယ်၌ ကိုဗစ်- ၁၉ ကာကွယ်ရေးနှာခေါင်းစည်းများ အခမဲ့ပေး

တန့်ယန်း ဧပြီ ၅

ကိုဗစ်-၁၉ ကာကွယ်တားဆီးသွားနိုင်ရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် မြို့နယ်မှ တာဝန်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ ဝိုင်းဝန်းကာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်ရာတွင်ယနေ့နံနက်ပိုင်းက မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ တပ်ကြပ်ကြီးအေးဇော်လတ်နှင့် တပ်ဖွဲ့ဝင်များက အလှူရှင်များဖြစ်ကြသော အမှတ်(၃)ရပ်ကွက်မှ ဒေါ်လှလှရီ၊ အမှတ်(၄)ရပ်ကွက်မှ ဒေါ်အေးမိတို့နှင့် ပူးပေါင်းကာ မြန်မာ့စီးပွားရေးဘဏ်ရှေ့နှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက်တွင်လည်းကောင်း၊ မြို့မစည်ပင်သာယာဈေးတွင်လည်းကောင်း ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး နှာခေါင်းစည်း ၂၅၀၀ ကို ဈေးသည်များနှင့် ပြည်သူများအား အခမဲ့ဝေပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** **မင်းလွင်ဦး(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများ မဖြစ်ပွားစေရန်အသိပေးနှိုးဆော်

**ရေစကြို ဧပြီ ၅**

ရေစကြိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့က ဝါယာကျေးရွာအုပ်စုရှိ ကျေးရွာနေပြည်သူများ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများ မဖြစ်ပွားစေရန်အတွက် သိရှိလိုက်နာရန်များကို အသိပေးနှိုးဆော်ခြင်းတို့ ဆောင်ရွက်သည်။

ရေစကြိုမြို့နယ် ဝါယာကျေးရွာ၊ ကျွန်းဘိုပင်ကျေးရွာနှင့် အောင်ပန်းကျေးရွာနေပြည်သူများ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရန်အတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် သိရှိလိုက်နာရန်များကို အသိပေးနှိုးဆော်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## ကသာမြို့နယ်၌ ၁၄ ရက်စောင့်ကြည့်နေစဉ်ကာလအတွင်း နေအိမ် ပြင်ပထွက်ခွာခြင်းမရှိစေရေး အသိပညာပေး

**ကသာ ဧပြီ ၅**

ကသာမြို့နယ် ကျေးရွာများ၌ အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်း ၁၄ ရက် စောင့်ကြည့်နေစဉ် ကာလအတွင်း နေအိမ် ပြင်ပထွက်ခွာခြင်းမရှိစေရေး ကျေးရွာများတွင် ဒေသန္တရအမိန့်များ ထပ်မံပြသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက နေအိမ်များသို့ လှည့်လည်အသိပညာပေးခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## မော်လိုက်မြို့၌ ပြည်ပမှပြန်လာသူ ခြောက်ဦးအနက် ငါးဦးမှာ စောင့်ကြည့်ရက်ပြည့်၍ နေရပ်သို့ ပြန်လည်စေလွှတ်

**မော်လိုက် ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအနေဖြင့် ပြည်ပမှပြန်လာသူများအား မော်လိုက်(အထက)ကျောင်းတွင် အသွားအလာကန့်သတ်သည့် နေရာဖွင့်လှစ်၍ ၁၄ ရက် စောင့်ကြည့်ခြင်းများကို ဆောင်ရွက်ခဲ့ရာ ယမန်နေ့က စောင့်ကြည့်ရက်ပြည့်သူများကို မိမိနေရပ်များသို့ ပြန်လည်စေလွှတ်ပေးသည်။

စောင့်ကြည့်ရက်ပြည့်၍ မိမိနေရပ်သို့ ပြန်လည်စေလွှတ်ခံရသူများအား ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်ဝင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်မြင့်ဦးနှင့် မြို့မိမြို့ဖများက ကျန်းမာရေးနှင့်ပတ်သက်သော လိုအပ်သည့်ကိစ္စရပ်များနှင့် ဆောင်ရန်၊ ရှောင်ရန်များကို မှာကြားကာ အားပေးစကားများ ပြောကြားခဲ့ပြီး စောင့်ကြည့်ခံရသူများ အသုံးပြုခဲ့သည့် အိပ်ရာ၊ ရေချိုးကန်၊ အိမ်သာနှင့် အခြားနေရာများကို ကျန်းမာရေးဝန်ထမ်းများက ပိုးသတ်ဆေး ပက်ဖျန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မော်လိုက်သားလေး**

## ကိုဗစ်- ၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းဆောင်ရွက်

**ရွှေဘို**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ဧပြီ ၄ ရက်က ကိုဗစ် - ၁၉ ကာကွယ်ရေးဆေးဖျန်းခြင်းကို ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးတို့က မြို့နယ်အတွင်းရှိ မဟာဂန္ဓာရုံဘုန်းကြီးကျောင်း၊ သုခကာရီဘုန်းကြီးကျောင်း၊ ဘုရားကြီးတောင်တိုက်နှင့် ပုခန်းဘုရားကြီးတို့တွင် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်သည်။

အလားတူ ဆိပ်ခွန်ကျေးရွာအတွင်းရှိ ရွာလယ်လမ်းမဘေး၊ အင်ကြင်းတောဘုရားနှင့် ကျေးရွာတွင်းရှိ ဘုန်းကြီးကျောင်းများတွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးဆေးဖျန်းခြင်းကို ဧပြီ ၄ ရက်က ဆိပ်ခွန်နယ်မြေမီးသတ်စခန်း တာဝန်ခံလက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ထက် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ ဆောင်ရွက်ခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူးက ပြောသည်။ **မိုးသောက်(ရွှေဘို)**

**ပန်းတနော်**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက်ငှားရမ်းကြသော စာပေချစ်မြတ်နိုးသူ မိဘပြည်သူ၊ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဧပြီ ၄ ရက်က ဆောင်ရွက်သည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ပြည်သူများ ဝင်/ထွက် သွားလာလျက်ရှိသော နေရာများဖြစ်သည့် ပြည်သူ့စာကြည့် တိုက်ခန်းမ၊ လူထုအခြေပြုဗဟိုဌာန ခန်းမ၊ ကလေးစာဖတ်ခန်း၊ ရုံးတွင်း/ ရုံးပြင်နှင့် အားကစားပစ္စည်းများကို မြို့နယ်မီးသတ်ဦးစီးဌာနက ဆေးဖျန်းခြင်း ဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်ပြီး ဌာနဆိုင်ရာရုံးများ၊ မြို့မဈေးစသည့် လူအဝင်အထွက်များသော ရုံးများကို ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ပြည့်ဖြိုးကျော်(ပန်းတနော်)**

**ချီဖွေ**

ကချင်ပြည်နယ် ချီဖွေမြို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဈေးအတွင်းဈေးရောင်းချသူများနှင့် ဈေးဝယ်သူများ ကိုဗစ်-၁၉ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ် ထိန်းချုပ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ဧပြီ ၃ ရက်မှ စတင်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည်။

ပိုးသတ်ဆေးဖျန်းခြင်းကို ဈေးအတွင်းရောင်းချနေသည့် အသားတန်း၊ ငါးတန်းနှင့် ကုန်စိမ်းတန်းများတွင် ဆောင်ရွက်ပြီး ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများ နေ့စဉ်ဝင်ထွက်သွားလာနေသောကြောင့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် ပိုးသတ်ဆေးဖျန်းခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဇောင်းရယ်က ပြောကြားသည်။

**ဇင်မာဝင်း( ပြန်/ဆက်)**



# ကိုဗစ်-၁၉ ကူးစက်ခံရသူများနှင့် နီးစပ်ခဲ့သူများအား သတိပေးနိုင်မည့် CareTogether အက်ပလီကေးရှင်းသစ် ထွက်ရှိလာ

ကိုဗစ်-၁၉ ကူးစက်ခံရသူများအား ရှာဖွေတွေ့ရှိပါက ၎င်းတို့နှင့် နီးစပ်ခဲ့သူများထံသို့ ဖုန်းမှတစ်ဆင့် သတိပေးချက်များ ပေးပို့နိုင်မည့် CareTogether အက်ပလီကေးရှင်းအသစ်ကို ပြည်တွင်း နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော Za Information Technology ကုမ္ပဏီက မတ် ၂၇ ရက်မှစ၍ အခမဲ့ ထုတ်လုပ်ဖြန့်ဝေထားပြီး သတိပေးချက် ပေးပို့မည့် လုပ်ဆောင်ချက်ကို လုပ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၏ အကူအညီပေးမှုကိုလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

CareTogether အက်ပလီကေးရှင်းမှာ မိုဘိုင်းဖုန်းများ၏ ဘလူးတုသ်ကွန်ရက်ကို အသုံးပြု၍ အလုပ်လုပ်ခြင်းဖြစ်သည်။ အက်ပလီကေးရှင်းကို အသုံးပြုရန်အတွက် ဖုန်းတွင် အင်စတောလ်လုပ်ကာ ဖုန်းနံပါတ်ဖြင့် Account တစ်ခုဖွင့်ပြီးနောက် ဖုန်း၏ ဘလူးတုသ်ကို ဖွင့်ထားပေးရမည်ဖြစ်သည်။

အဆိုပါ အက်ပလီကေးရှင်းကိုထည့်ထားပြီး Account လုပ်ပြီး၍ ဘလူးတုသ်လည်းဖွင့်ထားသော ဖုန်းများသည် တစ်လုံးနှင့်တစ်လုံး ဘလူးတုသ်ချိတ်ဆက်နိုင်သော အကွာအဝေး(ပေ ၃၀ ခန့်)အတွင်း ရောက်ရှိခဲ့ပါက အက်ပလီကေးရှင်းက ဖုန်းများကို အလိုအလျောက် ချိတ်ဆက်လိုက်ပြီးနောက် မိမိဖုန်းနှင့် ချိတ်ဆက်လိုက်သော အခြားဖုန်းများမှ CareTogether Account ၏ အချက်အလက်များကို သိမ်းဆည်းလိုက်ကာ ဖုန်းအသုံးပြုသူအား မိမိဖုန်းနှင့် ချိတ်ဆက်မိသော ဖုန်းများ၏ အရေအတွက်ကို သတိပေးချက် ပေးပို့မည်ဖြစ်သည်။

အခြားဖုန်းများနှင့် ချိတ်ဆက်ခြင်း၊ မှတ်သားခြင်းကို အက်ပလီကေးရှင်းက အလိုအလျောက် ပြုလုပ်သွားမည်ဖြစ်ပြီး မှတ်သားလိုက်သည့် အချက်များကို ဖုန်းပိုင်ရှင်အပါအဝင် မည်သူမျှမကြည့်နိုင်ရန် ဖုန်းထဲမှာပင် Encrypt လုပ်၍ သိမ်းဆည်းထားမည်ဖြစ်သဖြင့် ဖုန်းပိုင်ရှင်များသည် မိမိတို့နှင့် နီးစပ်ခဲ့သော အခြားဖုန်းများ၏ အရေအတွက်ကိုသာ သိရှိနိုင်မည်ဖြစ်ပြီး ပိုင်ရှင်များသည် မည်သူများဖြစ်ကြောင်း မသိရှိစေရန်လည်း ကာကွယ်ပေးထားမည်ဖြစ်သည်။

အကယ်၍ အဆိုပါ အက်ပလီကေးရှင်းကို အသုံးပြုသူများထဲမှ တစ်ဦးဦးသည် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုလိုက်သည့်အခါတွင် အက်ပလီကေးရှင်းထဲတွင် မှတ်သားထားသော အချက်အလက်များအရ ၎င်းနှင့်နီးစပ်ခဲ့သည့် ဖုန်းပိုင်ရှင်များထံသို့ သတိပေးချက်ကို အက်ပလီကေးရှင်းမှတစ်ဆင့် ပေးပို့နိုင်မည်ဖြစ်ပြီး ရောဂါပိုးတွေ့ရှိသူသည် မည်သူဖြစ်ကြောင်း ဖော်ပြမည်မဟုတ်ဘဲ အရေအတွက်ကိုသာ ပေးပို့မည်ဖြစ်ကြောင်း သိရသည်။

သတိပေးချက် ပေးပို့နိုင်ရန်အတွက် ရောဂါပိုးတွေ့ရှိသူ၏ ဖုန်းထဲ၌ သိမ်းဆည်းထားသော အချက်အလက်များကို ပြန်လည်ရယူပြီးမှသာ ပေးပို့နိုင်မည်ဖြစ်၍ ရောဂါပိုးတွေ့သူ ကိုယ်တိုင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ သဘောတူညီချက်ကို ရရှိရန်လည်း လိုအပ်ကြောင်း၊ အဆိုပါ လိုအပ်ချက်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကူအညီကို ရရှိမှသာ ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

CareTogether အက်ပလီကေးရှင်းအနေဖြင့် အသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာ အချက်များဖြစ်သည့် ဖုန်းစာအုပ်(Contacts)၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ မက်ဆေ့နှင့် အီးမေးလ် စသည်တို့ကို ရယူသိမ်းဆည်းခြင်း လုံးဝမပြုလုပ်ဘဲ အက်ပလီကေးရှင်းအတွက် လိုအပ်သော Bluetooth Permission၊ ဒေတာများကို ဖုန်းထဲမှာပင် Encrypt လုပ်၍ သိမ်းဆည်းနိုင်ရန် Storage Permission၊ မည်သည့်နေရာသို့ သွားရောက်ခဲ့ကြောင်းကို သိရှိရန် GPS Permission နှင့် ဖုန်းအသုံးပြုသူအား အကြောင်းကြားပေးနိုင်ရန် Notification Permission များသာ လိုအပ်ကြောင်း၊ CareTogether အက်ပလီကေးရှင်းကို အန်းဒရွိုက်ဖုန်းများအတွက် https://download.zacompany.dev/ ၌ ရယူနိုင်ပြီး iOS အတွက် အက်ပလီကေးရှင်းကိုမူ ထုတ်နိုင်ရန် ကြိုးပမ်းနေဆဲဖြစ်ကြောင်း သိရသည်။

CareTogether အက်ပလီကေးရှင်းကို ထုတ်လုပ်ထားသည့် Za Information Technology မှ အုပ်ချုပ်မှုဒါရိုက်တာ ကိုဇော်မင်းအောင်က "အက်ပလီကေးရှင်းကို မတ် ၂၇ ရက်က ဗားရှင်း ၁.၀ စတင်ဖြန့်ဝေခဲ့ပါတယ်။ အခု လက်ရှိ ဗားရှင်းကတော့ ၁.၉ ပါ။ အဓိကကတော့ တရုတ်ဖုန်းတွေမှာ ကြုံရတဲ့ အဆင်မပြေမှုလေးတွေကို ပြုပြင်ဖြေရှင်းပေးထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ နည်းပညာက Bluetooth နဲ့ တိုက်ရိုက်ချိတ်ဆက်တာမျိုး မဟုတ်ပါဘူး။ ရရှိနိုင်တဲ့ Connection Available List ကို လှမ်းပြီးဖတ်တာပါ။ အဲဒီလို ဖတ်တဲ့အချိန်မှာ အသုံးပြုသူရဲ့ ဖုန်းနံပါတ်ကို Hash လုပ်ပြီး Bluetooth Name ပြောင်းပေးတာဖြစ်ပါတယ်။ Hash လုပ်ထားတဲ့ Blueetooth name အချင်းချင်း အပြန်အလှန် မှတ်တမ်းသိမ်းဆည်းပါတယ်။ ဒါကြောင့် ဘယ်ကွန်နက်ရှင်ကိုမှ အနှောင့်အယှက် မဖြစ်သွားပါဘူး"ဟု အက်ပလီကေးရှင်းအကြောင်းနှင့် အလုပ်လုပ်ပုံကို ရှင်းပြသည်။

လက်ရှိအချိန်တွင် CareTogether အက်ပလီကေးရှင်းနှင့် အလားတူ အက်ပလီကေးရှင်းများကို နိုင်ငံအချို့၌လည်း ကိုဗစ်-၁၉ သတိပေးချက် ပေးပို့ရန်အတွက် အသုံးပြုနေကြပြီး စင်ကာပူနိုင်ငံတွင်မူ အစိုးရက ဦးဆောင်၍ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အစိုးရ၏ ဦးဆောင်မှုကြောင့် စင်ကာပူနိုင်ငံ၌ လူတစ်သန်းကျော် အသုံးပြုလျက်ရှိပြီး ရောဂါသတိပေးချက်များ ပေးပို့ရာတွင်လည်း အောင်မြင်လျက်ရှိကြောင်း သိရသည်။




အက်ပလီကေးရှင်း၏ အဓိက လုပ်ဆောင်ချက်မှာ ဖုန်း၏ ဘလူးတုသ်ကွန်ရက်မှတစ်ဆင့် နီးစပ် ထိတွေ့ခဲ့ဖူးသော အခြားဖုန်းများကို ချိတ်ဆက်၍ မှတ်တမ်းများ သိမ်းဆည်းခြင်းနှင့် သတိပေးချက်ပေးပို့ခြင်း ဖြစ်သော်လည်း အခြား လုပ်ဆောင်ချက်များလည်း ထည့်သွင်းပေးထားသည်။

"လောလောဆယ်တော့ မှန်ကန်တဲ့ သတင်းတွေကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်ကနေတစ်ဆင့် တိုက်ရိုက် ကူးယူဖော်ပြနေပါတယ်။ စောင့်ကြည့်/ပိုးတွေ့ အရေအတွက်တွေအပြင် ဆောင်ရန် ရှောင်ရန်တွေလည်း ပါရှိပါတယ်။ ကျန်းမာရေးစစ်တမ်း ကောက်ယူဖို့လည်း နောက်ဗားရှင်းမှာ ထည့်ပေးဖို့ ဆက်လက် လုပ်ကိုင်နေပါတယ်"ဟု ကိုဇော်မင်းအောင်က ပြောသည်။ အက်ပလီကေးရှင်းကို ယူနီကုဒ်/ဇော်ဂျီ နှစ်မျိုးလုံးဖြင့် အဆင်ပြေစွာ အသုံးပြုအောင် ပြုလုပ်ပေးထားကာ နောက်ပိုင်းတွင် အချိန်ရလျှင် အခြားတိုင်းရင်းသားဘာသာစကားများပါ ထပ်ထည့်ရန်လည်း အစီအစဉ်ရှိကြောင်း သိရသည်။

အက်ပလီကေးရှင်းအတွက် နိုင်ငံတော်အစိုးရထံမှ အကူအညီ လိုအပ်ချက်နှင့် ပတ်သက်၍လည်း ကိုဇော်မင်းအောင်က "အက်ပလီကေးရှင်းက ပိုးတွေ့ရှိတဲ့ Confirm လူနာရဲ့ဖုန်းက ဒေတာတွေကို တရားဝင်ရယူပြီး သူတို့နဲ့ ထိတွေ့ခဲ့သူတွေကို Contact Tracing လိုက်နိုင်ဖို့ဆိုတော့ အစိုးရက ကူညီမှသာ Contact Person တွေကို အချိန်မီ လိုက်လံဆက်သွယ်နိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ကူညီရင် အဆင်ပြေပါတယ်။ ကျန်းမာရေးဌာနကပဲ Positive Result ကို အဓိက ပေးနိုင်တာမို့ပါ"ဟု ပြောကြားသည်။

CareTogether အက်ပလီကေးရှင်းမှာ လူအများအပြား အသုံးပြုမှသာ သတင်းအချက်အလက်အမှန်များ ပို့၍ပေးနိုင်မည့် အက်ပလီကေးရှင်းမျိုးဖြစ်သောကြောင့် လက်ရှိအချိန်တွင် အက်ပလီကေးရှင်းကို အသုံးပြုသူ ၇၀၀၀၀ ကျော် ရှိနေပြီဖြစ်သော်လည်း လူအများအပြား ပို၍အသုံးပြုလာကြရန်အတွက် Google ပလေးစတိုးတွင် အက်ပလီကေးရှင်းကို တင်နိုင်ရန် လိုအပ်ကြောင်း၊ လက်ရှိအချိန်တွင် ပလေးစတိုး၏ မူဝါဒအရ ကိုဗစ်-၁၉ ဆိုင်ရာ အက်ပလီကေးရှင်းများကို သက်ဆိုင်ရာနိုင်ငံများ၏ အစိုးရများနှင့် ပူးပေါင်းမှုရှိမှသာ တင်ခွင့်ပေးထားသဖြင့် ပလေးစတိုးတွင် တင်ခွင့်ရရန်အတွက်လည်း ကျန်းမာရေးဝန်ကြီးဌာန၏အကူအညီကို လိုအပ်ကြောင်း သိရသည်။

"အခုချိန်မှာ လူတိုင်းလက်ထဲမှာ ဒီအက်ပလီကေးရှင်းကို ရှိစေချင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် လူချင်းမသိဘဲ ဘတ်စ်ကားအတူတူစီးခဲ့သူတွေ၊ အခန်းတစ်ခန်းမှာ အတူတူရှိခဲ့တဲ့သူတွေကို Trace လိုက်ဖို့ဆိုတာက နည်းပညာမသုံးဘဲ မလွယ်ကူပါဘူး။ ဒီအက်ပလီကေးရှင်းမှာ အများပြည်သူရဲ့ Privacy ကိုလည်း မထိအောင် လုပ်ပေးထားလို့ သုံးစေချင်ပါတယ်"ဟု ကိုဇော်မင်းအောင်က ဆက်ပြောသည်။

Za Information Technology အနေဖြင့် ပြည်တွင်း၌ ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်တွင် တတ်နိုင်သည့် နည်းပညာကဏ္ဍမှ တတ်စွမ်းသလောက် ကူညီပေးနိုင်ရန် ရည်ရွယ်လျက် CareTogether အက်ပလီကေးရှင်းကို ထုတ်လုပ်ထားခြင်းဖြစ်ကာ အမှားများ ပါရှိခဲ့လျှင်လည်း ပညာရှင်များရော၊ အသုံးပြုသူများကပါ ထောက်ပြနိုင်ကြောင်းနှင့် ပြုပြင်သွားမည်ဖြစ်ကြောင်း၊ လက်ရှိ ထုတ်ထားပြီးသည့် အက်ပလီကေးရှင်းအတွက် Source Code များကိုလည်း ပညာရှင်များက လေ့လာ၍ ဝိုင်းဝန်းကူညီပေးနိုင်ရန် Public အနေဖြင့် မျှဝေပေးထားကြောင်း သိရသည်။

**"အခုချိန်မှာ လူတိုင်းလက်ထဲမှာ ဒီအက်ပလီကေးရှင်း ရှိစေချင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် လူချင်းမသိဘဲ ဘတ်စ်ကား အတူတူစီးခဲ့သူတွေ၊ အခန်းတစ်ခန်းမှာ အတူတူရှိခဲ့တဲ့သူတွေကို Trace လိုက်ဖို့ဆိုတာ နည်းပညာမသုံးဘဲ မလွယ်ကူပါဘူး။ အများပြည်သူရဲ့ Privacy ကိုလည်း မထိအောင် လုပ်ပေးထားလို့ သုံးစေချင်ပါတယ်"**

သူရဖြိုး

# ကိုဗစ်-၁၉ စောင့်ကြည့်ခံပြည်သူများအတွက် အူရီဒူးက ဆင်းကတ် ၁၀၀၀ လှူဒါန်းပြီး ဖုန်းခေါ်ဆိုမှုနှင့် ဒေတာအတွက် အထူးအစီအစဉ်များလည်း ပြုလုပ်ထား

ရန်ကုန် မေ ၅

ကိုဗစ်-၁၉ ဖြစ်ပွားနေသော လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သတ်မှတ်ထားသော နေရာများ၌ အသွားအလာကန့်သတ် စောင့်ကြည့်ခြင်းခံနေသော ပြည်သူများအတွက် ရက် ၆၀ သက်တမ်းရှိ အင်တာနက်ဒေတာ 1GB ပါဝင်သော ဆင်းကတ် ၁၀၀၀ ကို အူရီဒူးမြန်မာက ရန်ကုန်တိုင်းဒေသကြီး အစိုးရထံသို့ မတ် ၃၁ ရက်က ပေးအပ်လှူဒါန်းထားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်နေမှုကို ကူညီပေးနိုင်ရန်အတွက် အူရီဒူးအနေဖြင့် အဆိုပါ ဆင်းကတ် ၁၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးဟိန်းထံသို့ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ စောင့်ကြည့်ခံနေသူများအနေဖြင့် စောင့်ကြည့်မှုခံယူနေစဉ်အတွင်း မိသားစု မိတ်ဆွေများနှင့် ဆက်သွယ်နိုင်ရန်နှင့် စောင့်ကြည့်ချိန် ကျော်လွန်ပြီးမြောက်သွားသည့်နောက်တွင်လည်း တာဝန်ရှိသူများမှ ဆက်သွယ်လိုပါက အလွယ်တကူ ဆက်သွယ်နိုင်ရန်အတွက် ဆင်းကတ်များ ကူညီလှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်တွင်းမှ အူရီဒူးအသုံးပြုသူများအတွက် လက်ရှိအချိန်တွင် အိမ်၌သာနေထိုင်ရေး(Stay Home)ကို အထောက်အကူဖြစ်စေရန် အင်တာနက်ဒေတာ အသုံးပြုမှုနှင့် ဖုန်းခေါ်ဆိုမှုအတွက် ဈေးနှုန်းသက်သာသော အထူး အစီအစဉ်များကိုလည်း အူရီဒူးမြန်မာက မေ ၂ ရက်မှစ၍ ပြုလုပ်ပေးထားကြောင်း သိရသည်။

အင်တာနက်ဒေတာ အစီအစဉ်အသစ်အဖြစ် ဒေတာပမာဏ 750MB မှ 20GB အထိကို ယခင်ကထက် ဈေးနှုန်း ပိုမိုသက်သာစွာ ဝယ်ယူအသုံးပြုနိုင်မည့် ဒေတာ Pack အစီအစဉ်သစ် ခြောက်မျိုး၊ ဖုန်းခေါ်ဆိုမှုအတွက် ယခင်ထက်ပို၍ ဈေးနှုန်းသက်သာစွာ ပြောဆိုနိုင်မည့် voice pack အစီအစဉ်သစ် ငါးမျိုးနှင့် မည်သည့်နည်းဖြင့်မဆို ဖုန်းငွေဖြည့်ပြီးပါက ငါးရက် သက်တမ်းရှိသော အပိုငွေ ၁၂၀ ရာခိုင်နှုန်း လက်ဆောင်ရရှိမည့် အစီအစဉ်များကို အထူးအစီအစဉ်အဖြစ် ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်း သိရသည်။

သူရဖြိုး

## သတင်းတိုများ

### ကိုဗစ်-၁၉ ဆိုင်ရာ သတိပေးနှိုးဆော်ချက်စာစောင်များကို မြို့နယ်များရှိ ပြန်/ဆက်ရုံးများ၌ ပြသ အသိပညာပေး

ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးအတွက် ပြည်သူများအား အသိပညာပေးသည့် သတိပေးနှိုးဆော်ချက်များကို မြို့နယ်အချို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ နံရံကပ်ပိုစတာဘုတ်များတွင်ကပ်၍ ပြသပြီး ပြည်သူများအား အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိသည်။

**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့၌ ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက် စာစောင်နှင့် အတူ ကိုဗစ်-၁၉ အတွက် သတိပေးချက်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၏ ပုံများဖြင့် သတိပေးချက်များကို မေ ၄ ရက်မှစတင်၍ သီးသန့် နံရံကပ်ပိုစတာဘုတ်ဖြင့် ပြသ အသိပေးလျက်ရှိသည်။ မြို့နယ်(ပြန်/ဆက်)



**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့ မြေစိုက်ပိုစတာဘုတ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေး နှိုးဆော်ချက်များ၊ ရုပ်ရှင်သရုပ်ဆောင်နှင့် တေးသံရှင်များ၏ ပုံများဖြင့် အသိပညာပေး နှိုးဆော်ချက်များကို မေ ၄ ရက်မှစ၍ ကပ်ထားပြီး ပြည်သူများအား အသိပညာပေးလျက်ရှိသလို မြို့နယ်အတွင်းမှ လူစည်ကားရာ နေရာများ၌လည်း မြေစိုက်ပိုစတာဘုတ်များထောင်၍ ပြသလျက်ရှိသည်။ မြို့နယ်(ပြန်/ဆက်)



**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ မြောက်ပိုင်းခရိုင် ပြန်/ဆက်ရုံးရှေ့မှ မြေစိုက်ပိုစတာဘုတ်တွင် နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ ရောဂါကာကွယ်ရေးအတွက် ရုပ်ရှင်သရုပ်ဆောင်များ၏ တိုက်တွန်းနှိုးဆော်ချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ အသိပညာပေး စာစောင်နှင့် ပိုစတာများကို မေ ၄ ရက်က စတင်ပြသထားသည်။

မြို့နယ်(ပြန်/ဆက်)



## MPT ကွန်ရက်များကို အရန်ဆက်ကြောင်းများဖြင့် ချိတ်ဆက်ထားပြီး အရေးပေါ်ကာလအတွင်း ပြတ်တောက်မှုမရှိစေရန် စီမံထားပြီးဖြစ်

**ရန်ကုန် မေ ၅**

ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်သော MPT အနေဖြင့် ကွန်ရက်များကို အရန်ဆက်ကြောင်းများဖြင့် ချိတ်ဆက်ထားပြီး အရေးပေါ်ကာလအတွင်း ကွန်ရက်ပြတ်တောက်မှုမရှိစေရန် စီမံဆောင်ရွက်ထားကြောင်း ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ MPT ရုံးမှ သိရသည်။

ကိုဗစ်-၁၉ ကြောင့် ပြည်သူများအား တတ်နိုင်သမျှ အိမ်တွင်သာနေထိုင်ကြရန် တိုက်တွန်းလျက်ရှိသည့် ကာလတွင် နိုင်ငံတစ်ဝန်းလုံးရှိ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများမှ ဝန်ထမ်းများ အနေဖြင့် မိမိတို့နေအိမ်မှပင် အလုပ်လုပ်ကိုင်ကြသည့်အခါ အင်တာနက်အသုံးပြုမှု တိုးလာနိုင်သဖြင့် ကွန်ရက်များကို နှောင့်နှေး/ဖြစ်ပေါ်လာနိုင်သည့် လိုအပ်ချက်များအတွက်ပါ ဖြည့်ဆည်းပေးသွားနိုင်ရန် MPT အနေဖြင့် လုပ်ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် MPT အနေဖြင့် ကိုဗစ်-၁၉ ရောဂါ၏ သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော အခြေအနေများနှင့်အညီ နိုင်ငံတော်အစိုးရနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ စောင့်ကြည့်လူနာများ ထားရှိသည့်နေရာ ၁၀ ခုအတွက် ဖိုင်ဘာအင်တာနက် ဝန်ဆောင်မှုများ ပေးထားပြီးဖြစ်ကြောင်း၊ ရန်ကုန်၊ နေပြည်တော်နှင့် ကရင်ပြည်နယ်တို့ရှိ စောင့်ကြည့်ခံနေသူများနှင့် မိသားစုများ၊ တာဝန်ရှိသူများအတွက် မိုဘိုင်းဒေတာ ထည့်သွင်းပေးထားသည့် ဆင်းကတ် ၉၀၀၀ ကိုလည်း လှူဒါန်းထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် MPT အသုံးပြုသူအချင်းချင်း ဖုန်းခေါ်ဆိုမှုအတွက် ပထမ ငါးမိနစ်စာသာ ဖုန်းပြောခ ကျသင့်ပြီး နောက်ထပ် ၅၅ မိနစ်တိတိ ဆက်တိုက် အခမဲ့ပြောဆိုနိုင်သော "နာရီတိုင်းမှာ ငါးမိနစ်စာ" အစီအစဉ်ကိုလည်း MPT က မေ ၂ ရက်မှ ဇွန် ၃၀ ရက်အထိ ဝန်ဆောင်မှုပေးထားကာ ပြည်သူများအနေဖြင့် အိမ်တွင်နေထိုင်ချိန်အတွင်း ဆွေမျိုး၊ မိတ်ဆွေများထံသို့ ဆက်သွယ်ရေးတွင် အဆင်ပြေစေရန် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

သစ္စာ

## ကျောက်ပန်းတောင်း၌ ကိုဗစ်-၁၉ ဆိုင်ရာ သိကောင်းစရာများကို ကျေးရွာများအရောက် အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာပေး

**ကျောက်ပန်းတောင်း မေ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညောင်ဦးခရိုင်နှင့် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင် လူငယ်ရေးရာ ကော်မတီတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ပြည်သူများ သိရှိစေရန်အတွက် မေ ၄ ရက်မှစ၍ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာများအရောက် အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာ၍ အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

ညောင်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ရွှေယမုံနှင့် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်တင်မာမျိုးတို့က ကျောက်ပန်းတောင်းမြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ညောင်ဦးခရိုင် လူငယ်ရေးရာ ကော်မတီဝင်များနှင့်ပူးပေါင်း၍ ကျောက်ပန်းတောင်း မြို့နယ်အတွင်းရှိ မန်ကျီးတိုင်းကျေးရွာ၊ အင်တော ကျယ်ကျေးရွာ၊ အင်တောကျေးရွာ၊ ရေတွက်ကျေးရွာ၊ တောင်ခြေကျေးရွာ၊ လယ်ယားတောင်ကျေးရွာ၊ ပိန္နဲ တောကျေးရွာ၊ ကြံစို့ကျေးရွာတို့ အပါအဝင် မြို့အနီးရှိ ရွာ ၁၃ ရွာသို့ လှည့်လည်၍ အသံချဲ့စက်ဖြင့် အသိပညာပေး နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကျေးရွာများသို့ အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်ရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့်အတူ သီးသန့်ထား၍ အသွားအလာကန့်သတ် စောင့်ကြည့်ခြင်းများကို စနစ်တကျ လိုက်နာဆောင်ရွက်အချက်များ၊ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ(၁၉၉၅)နှင့် ပြင်ဆင်ထားသည့် (၂၀၁၁)ဥပဒေအကြောင်း သိကောင်းစရာများ၊ ဥပဒေအရ ထုတ်ပြန်ထားသည့်အမိန့်များကို ပြည်သူများ သိရှိစေရန်အတွက်လည်း အသိပေး ကြေညာခဲ့ကြောင်း သိရသည်။ နေအောင်(ပြန်/ဆက်)



ကိုဗစ်-၁၉ ကာကွယ်ရေး သိကောင်းစရာများကို နှိုးဆော်ပေးနေသော ပြန်/ဆက်ဝန်ထမ်းများ

## ဓနုဖြူမြို့နယ်မှ ကိုဗစ်-၁၉ စောင့်ကြည့်ခံနေသူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**ဓနုဖြူ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်းရှိ ကျုံတနီးကျေးရွာနှင့် ပြင်ကသာကျေးရွာတို့တွင် ပြည်ပမှ ပြန်လာသူများအား သတ်မှတ်ထားသော နေရာနှစ်ခု၌ သီးသန့်ထားရှိ၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုများ လုပ်ဆောင်လျက်ရှိရာ အဆိုပါ စောင့်ကြည့်ခံနေသူများအတွက် လိုအပ်သော ထောက်ပံ့ပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစန်းထွေး၊ ဓနုဖြူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး၊ ဓနုဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက အဆိုပါ စောင့်ကြည့်နေရာနှစ်ခုမှ ကြီးကြပ်အဖွဲ့များထံသို့ မေ ၄ ရက်က သွားရောက်ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် စောင့်ကြည့်နေရာနှစ်ခုတွင် လှည့်လည်ကြည့်ရှုပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကြီးကြပ်အဖွဲ့များမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကာ စောင့်ကြည့်မှုကို ခံယူနေသူများအတွက် လိုအပ်ချက်များကိုလည်း တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌထံ တင်ပြခဲ့ကြသည်။

ထက်ဝေဖြိုး

## ကော့မှူးမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်

**ကော့မှူး မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် ကျန်းမာရေးသုံးပစ္စည်းများနှင့် အလှူငွေများကို အလှူရှင်များက မေ ၄ ရက်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ပြုလုပ်သည့် အလှူငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်ဝင်းက အမှာစကားပြောကြားပြီး အလှူရှင် ASHRO Myanmar ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန် ကျပ် ၃၃ သိန်းနီးပါး တန်ဖိုးရှိသည့် ကျန်းမာရေးသုံးပစ္စည်းများကိုလည်းကောင်း၊ ကော့မှူးမြို့နယ် မြို့မိမြို့ဖအဖွဲ့က အလှူငွေ ကျပ် ၃၈၀၀၀၀ ကိုလည်းကောင်း လှူဒါန်းခဲ့သည်။ မောင်အေးချမ်း

## တပ်ကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်

**တပ်ကုန်း မေ ၅**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်သည့် သိကောင်းစရာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များ၌ မေ ၃ ရက်က လိုက်လံနှိုးဆော်ခဲ့သည်။

ရပ်ကွက်/ကျေးရွာများ၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး သိကောင်းစရာများ၊ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့် နည်းလမ်းများ၊ ပြည်ပမှ နေရပ်ပြန်လာသူများနှင့် ၎င်းတို့နှင့် အတူနေ မိသားစုဝင်များအတွက် ကျန်းမာရေးဆိုင်ရာ အသိပေးချက်များကို ပြည်သူများသိရှိစေရန် အသံချဲ့စက်ဖြင့် လိုက်လံကြေညာ၍ အသိပေးနှိုးဆော်ခဲ့ခြင်းဖြစ်သည်။ တင်စိုးလွင်

# မြန်မာ့ရိုးရာမဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အထူးအစီအစဉ်များအဖြစ် ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားကောင်းများ ပြသမည်

နေပြည်တော်  ဧပြီ ၅

၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက် မှ ၁၉ ရက်အထိ မြန်မာ့ရိုးရာမဟာသင်္ကြန်ရုံးပိတ်ရက် ကာလအတွင်း မူလပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများအပြင် မိသားစုနှင့်အတူ အပန်းဖြေအနားယူကြမည့် မိဘပြည်သူများအတွက် အထူးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထင်ရှားကျော်ကြားသည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ၊ သင်္ကြန်နှင့် ပတ်သက်သည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများကို နေ့စဉ် မွန်းလွဲပိုင်းနှင့် ညပိုင်းတွင်လည်းကောင်း၊ ရုပ်သံဇာတ်လမ်းတွဲများကို နံနက်ပိုင်းနှင့် ညနေပိုင်းများတွင်လည်းကောင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

အဆိုပါ သင်္ကြန်ကာလအတွင်း မွန်းလွဲ ၁ နာရီခွဲ နှင့် ည ၉ နာရီခွဲတို့တွင် ပြသမည့် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် ဗီဒီယိုဇာတ်ကားများမှ ဇာတ်လမ်းအကျဉ်းတို့ကို ဖော်ပြပေးလိုက်ရပါသည် -

*(ယမန်နေ့မှအဆက်)*



၁၆-၄-၂၀၂၀
(ကြာသပတေးနေ့)
နေ့လယ်
လွမ်းနေမယ်မမ
(ဆေးရောင်စုံရုပ်ရှင်)
{ ကျော်ဟိန်း၊ ချိုပြုံး၊
ဆွေဇင်ထိုက် - ဒါရိုက်တာ
ဦးတင်ယု }

ရန်နိုင်၊ မော်စီနှင့် နွယ်မွန်တို့ ဝါသနာတူ သူငယ်ချင်း သုံးဦး အနုပညာအလုပ်များ အတူလုပ်ရင်း သဘောထားကွဲလွဲခဲ့ကြရာမှ ရန်နိုင်က ဖခင်၏ သူငယ်ချင်းရှိသည့် ပြင်ဦးလွင်သို့ စိတ်ပြေလက်ပျောက် ထွက်လာခဲ့သည်။ အနုပညာ ဝါသနာပါသူဖြစ်၍ သင်္ကြန်တေးဂီတ ဖျော်ဖြေရေးပွဲများတွင် သီချင်းဝင်ဆိုခဲ့သည်။ အေးမနှင့် ခင်မင်ရင်းနှီးသွားကြပြီး ရန်နိုင်နှင့် အေးမ ချစ်သူများ ဖြစ်ခဲ့ကြသည်။ ရန်နိုင်၏ သူငယ်ချင်း နွယ်မွန်က ရန်နိုင်ရှိရာ ပြင်ဦးလွင်သို့ လိုက်လာခဲ့ရာမှ အေးမနှင့် အခြေအနေကို ရိပ်မိပြီး ရန်နိုင် ကို ချစ်နေခဲ့ကြောင်း အေးမကို ပြောပြခဲ့သည်။ ရန်နိုင်နှင့် နွယ်မွန်အခြေအနေကို သိသွားသည့် အေးမတစ်ယောက် ဘယ်လိုဆုံးဖြတ်မလဲဆိုတာ စောင့်မျှော်ကြည့်ရှုရမည့် ဆေးရောင်စုံရုပ်ရှင်ဇာတ်ကားဖြစ်ပါသည်။




၁၈-၄-၂၀၂၀
(စနေနေ့) ည
ရန်ကုန် အချစ်ပုံပြင်
(ဗီဒီယိုဇာတ်လမ်း)
{ မြင့်မြတ်၊
သက်မွန်မြင့်
- ဒါရိုက်တာ
စိုင်းလုံးကျောက် }

မော်ဒယ် မိုးထက်မြင့်သူ သူ့ရဲ့ချစ်သူ ကွယ်လွန်သွားလို့ ပူဆွေးသောက ရောက်နေခဲ့သည်။ ငပိုင်က မိုးထက်မြင့်သူ ချစ်သူ၏ ဒိုင်ယာရီကောက်ရပြီး ချစ်သူက အိပ်မက်ပေးလို့ စောင့်ရှောက်ခိုင်းတယ်ဆိုကာ လိမ်ညာချဉ်းကပ်ခဲ့သည်။ မိုးထက်မြင့်သူက ယုံကြည်သွားပြီး ငပိုင်နဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ “ငပိုင်”တစ်ယောက် သူ့ရဲ့ လိမ်ညာမှုကို ကြာရှည်ဖုံးကွယ်ထားနိုင်ပါ့မလား? ဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဗီဒီယိုဇာတ်လမ်း ဖြစ်ပါသည်။

၁၆-၄-၂၀၂၀
(ကြာသပတေးနေ့) ည
အချစ်က လန်းတယ်
(ဆေးရောင်စုံရုပ်ရှင်)
{ မင်းမော်ကွန်း၊
ခန့်စည်သူ၊ မိုးအောင်ရင်၊
ထွန်းထွန်း၊ စိုးမြတ်သူဇာ၊
မယ်လိုဒီ၊ သက်မွန်မြင့်၊
စိုးပြည့်သဇင် - ဒါရိုက်တာ
ညီညီထွန်းလွင် }




စိတ္တ၊ သားစစ်နဲ့ မိုးသောက်တို့ ညီအစ်ကို သုံးဦးတို့နှင့် အတူနေ အန်တီအပျိုကြီး မျိုးမမက ဇီဇာကြောင်၊ စည်းကမ်းကြီးတဲ့အတွက် အဒေါ်အိမ်ထောင်ပြုစေဖို့ ညီအစ်ကိုများ အကြံထုတ်နေခဲ့သည်။ အစ်ကိုကြီး ကိုကြံကောင်းရဲ့ အုပ်ထိန်းမှုအောက်မှာနေရတဲ့ ကျော့၊ကြာနဲ့ ကြွေတို့ ညီအစ်မ သုံးဦးတို့ အစ်ကိုကြီးရဲ့ စည်းကမ်းတင်းကျပ်မှုကြောင့် အစ်ကိုရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး နေနေခဲ့ကြသည်။ ညီအစ်ကို သုံးယောက်နဲ့ ညီအစ်မ သုံးယောက်တို့ အသီးသီးချစ်သူဖြစ်သွားကြရာ အစ်ကိုကြီးနဲ့ အန်တီအပျိုကြီးတို့ နှစ်ယောက်ကို သဘောတူပေးစားကြရန် အကြံဉာဏ်အမျိုးမျိုး ထုတ်ခဲ့ကြသည်။ သူတို့ရဲ့အကြံအစည် အောင်မြင်မှုရပါ့မလား ဆိုတာကို ပျော်ပျော်ရွှင်ရွှင် ၊ ပေါ့ပေါ့ပါးပါး စောင့်မျှော်ကြည့်ရှုရမည့် ဆေးရောင်စုံရုပ်ရှင်ဇာတ်ကားဖြစ်ပါသည်။

၁၉-၄-၂၀၂၀
(တနင်္ဂနွေနေ့)
နေ့လယ်
ဤလူဘောင်တွင်
( ဖြူမည်းရုပ်ရှင် )
{ ထွန်းဝေ၊
မောင်မောင်တာ၊
မြင့်မြင့်ခင်
- ဒါရိုက်တာ
ရွှေဒုံးဘီအောင် }




မအေးမြင့် ရဲ့ ဖခင်က မွေးစားသား သန့်စင်နဲ့ မအေးမြင့်ကို လက်ဆက်ပေးပြီး သူ့ရဲ့ ကုမ္ပဏီကို အုပ်ချုပ်စေခဲ့သည်။ မအေးမြင့်နဲ့ သန့်စင်က ငယ်စဉ်ကတည်းက မောင်နှမလို နေလာခဲ့ကြ၍ လက်မထပ်လိုသော်လည်း ဖခင်ရဲ့ဆန္ဒကို မလွန်ဆန်နိုင်ခဲ့ကြပေ။ ကုမ္ပဏီကို လက်ဝါးကြီး အုပ်ချင်နေတဲ့ မန်နေဂျာရဲ့ပြဿနာကို ရဲအုပ်ကိုရဲဝင်းက ကူညီပေးရာမှ ကိုရဲဝင်းနဲ့ မအေးမြင့်တို့ မေတ္တာသက်ဝင်ခဲ့ကြသည်။ မအေးမြင့်နဲ့ ကိုသန့်စင်တို့ရဲ့ ဟန်ဆောင်လင်မယား ဘဝကို ကိုရဲဝင်း သိသွားတဲ့အခါ ဘယ်လိုဆုံးဖြတ်မလဲ ? မအေးမြင့် ဖခင်က သိသွားမလား ? ဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဖြူမည်းရုပ်ရှင်ဇာတ်လမ်းဖြစ်ပါသည်။




၁၈-၄-၂၀၂၀ (စနေနေ့)
နေ့လယ်
ဇော်က ကနေသည်
(ဆေးရောင်စုံ
အကယ်ဒမီရုပ်ရှင်)
{ နေတိုး၊ ညွန့်ဝင်း၊
နန္ဒာလှိုင်၊ ပုလဲဝင်း -
ဒါရိုက်တာ မီးပွား }

ဇော်ဂျီ ဝတ်စုံဝတ်ပြီး လျက်ဆားရောင်းကာ အသက်မွေးနေရတဲ့ “ဇော်ဂျီ”ကို စိတ်ဝေဒနာသည် မဥ္ဇူက တွေ့ပြီး ဘဝဟောင်းကချစ်သူဟု ထင်မှတ်နေတဲ့အတွက် မဥ္ဇူ၏ ဖခင်က သမီးကျန်းမာရေးအတွက် ဆေးတိုက်ဖို့ ဇော်ဂျီကို နေ့တိုင်းအိမ်လာစေခဲ့သည်။ မဥ္ဇူရဲ့ဖခင်က ဇော်ဂျီနှင့်အတူ ပါလာသည့် တူလေးကိုမြင်ပြီး မွေးစားခွင့်တောင်းလို့ တူလေးနောင်ရေးကို စဉ်းစားကာ ခွင့်ပြုခဲ့ပြီး အရက်သမားဘဝဖြင့် ဇော်ဂျီတစ်ယောက် ရှေ့ဆက်ခဲ့ရသည်။ ဆရာဝန်ဖြစ်သွားတဲ့တူလေး ပြန်လည်ရောက်ရှိလာချိန်မှာ ဦးလေး ဇော်ဂျီကို ဆေးကုသပေးနိုင်တဲ့ အခွင့်အရေး ရနိုင်ပါ့မလား? ဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဆေးရောင်စုံ အကယ်ဒမီရုပ်ရှင် ဇာတ်ကားဖြစ်ပါသည်။




၁၉-၄-၂၀၂၀
(တနင်္ဂနွေနေ့) ည
မိစ္ဆာတေး
(ဗီဒီယိုဇာတ်လမ်း)
{ လူမင်း၊
ဝတ်မှုံရွှေရည်-
ဒါရိုက်တာ ဟိန်းစိုး}

ကိုချမ်းရဲ့ မိခင်က သူငယ်ချင်းရဲ့သမီးလေး စီးစီးကို အိမ်ခေါ်တင်ထားသည်။ ကိုချမ်းမိခင်ရဲ့ ကုမ္ပဏီကို လက်ဝါးကြီးအုပ်စိုးနေတဲ့ ဦးလေး၊ အဒေါ်နဲ့ သမီးများက စွာလွန်းတဲ့ စီးစီးကို ကြည့်မရခဲ့။ ကိုချမ်းက ကုမ္ပဏီကို စိတ်မဝင်စားတော့ စီးစီးကို ကိုချမ်းနဲ့ အိမ်ထောင်ချပေးပြီး ကုမ္ပဏီကို အုပ်ချုပ်စေခဲ့သည်။ စီးစီးကို မကျေနပ်တဲ့ ကိုချမ်းရဲ့ အမျိုးတွေက ပြန်ပေးဆွဲခေါ်သွားလို့ ကိုချမ်း လိုက်ကယ်ခဲ့သည်။ စီးစီးကို ကိုချမ်းက အချိန်မီ ကယ်တင်နိုင်ပါ့မလား ? ဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဗီဒီယိုဇာတ်လမ်း ဖြစ်ပါသည်။

*သတင်းစဉ်*

# လေးမျက်နှာမြို့နယ်တွင် ကျုံပိကျေးရွာ ဘေလီတံတားဖွင့်ပွဲကျင်းပ

**လေးမျက်နှာ ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာအုပ်စု ကျုံပိကျေးရွာ ဘေလီတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျင်းပရာ ကျုံပိကျေးရွာ ကျောင်းထိုင်ဆရာတော်နှင့် ဆရာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ကြသည်။ **(ယာပုံ)**

ယင်းနောက် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်း၍ တံတားကို ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါ အလျား ပေ ၁၀၀၊ အနံ ၁၃ ပေရှိ သံကူဘေလီတံတားကို စာရေးကွင်းကျေးရွာအုပ်စု ကျုံပိကျေးရွာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၉ သန်းနှင့် တံတားဦးစီးဌာနမှ ဆက်စပ်ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်သော ဘေလီတံတား အမျိုးအစားဖြစ်ပြီး တင်ဒါအောင် ဟန်သီရိကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ စာရေးကွင်း၊ ကျုံပိ၊ ညောင်ဝိုင်း၊ အိုင်သပြုကျေးရွာများသို့ ဆက်သွယ်ထားသော တံတားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်ကုန်တန် ၁၃ တန်အထိ သတ်မှတ်ထားကြောင်း စာရေးကွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်သူထံမှ သိရသည်။

**ရွှေမိုး(ပြန်/ဆက်)**

# ချမ်းအေးသာစံမြို့နယ်တွင် အပူဒဏ်ရှောင်စခန်းများ ဖွင့်လှစ်ထားရှိ

**မန္တလေး ဧပြီ ၅**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တွင် အပူရှိန်မြင့်မားသည့် အချိန်များ၌ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် ပြည်သူများ အပူဒဏ်ရှောင်ရှားနိုင်ရန်အတွက် အပူဒဏ်ရှောင်စခန်းလေးခု ဖွင့်လှစ်ထားရှိရာ ဧပြီ ၂ရက်က သီရိဟေမာ အနောက်ရပ်ကွက် ချမ်းသာရာဘုရား ဓမ္မာရုံ၌ ဖွင့်လှစ်ထားရှိသည့် အပူဒဏ်ရှောင်စခန်း အမှတ်(၄)သို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း လာရောက်ကြည့်ရှုပြီး အပူရှောင်ပြည်သူများကို တွေ့ဆုံနှုတ်ဆက်၍ အပူဒဏ်ရှောင်ပြည်သူများအား ခတ်ဆားနှင့် ဖျော်ရည်များ တိုက်ကျွေးနိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် အပူဒဏ်ရှောင်စခန်း၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းလင်းချစ်နှင့် ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် နေ့စဉ်ကျန်းမာရေး စောင့်ရှောက်ခြင်း ဆောင်ရွက်ပေးနေမှုတို့ကို အားပေးကြည့်ရှုသည်။ **(အောက်ပုံ)**

ချမ်းအေးသာစံမြို့နယ်တွင် အပူဒဏ်ရှောင်စခန်းများကို ကန်ကောက်ရပ်ကွက်ရှိ ဝါခင်းကုန်းဘုရားတွင်လည်းကောင်း၊ စိတ္တရမဟီရပ်ကွက်ရှိ ဆုတောင်းရဘုရားတွင် လည်းကောင်း၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ သကျသီဟဘုရားတွင် လည်းကောင်း၊ သီရိဟေမာအနောက်ရပ်ကွက်ရှိ ချမ်းသာရာဘုရား ဓမ္မာရုံတွင်လည်းကောင်း စုစုပေါင်း လေးခု ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**အောင်စံမောင်**

# ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မတ်ပဲနှင့် ပဲတီစိမ်းသီးနှံများ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်တစ်သောင်းကျော် ဈေးမြင့်တက်

**မန္တလေး ဧပြီ ၅**

ယခုရက်ပိုင်းအတွင်း ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံများမှ ဝယ်လိုအား ကောင်းမွန်မှုကြောင့် မတ်ပဲနှင့် ပဲတီစိမ်း(ခရမ်းရွှေဝါ)သီးနှံများ မန္တလေးဈေးကွက်အတွင်း၌ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ်တစ်သောင်းကျော်အထိ ဈေးမြင့်တက်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါပဲသီးနှံများမှာ ပြီးခဲ့သည့် မတ်လကုန်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ဂယက်ကြောင့် မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀ နှုန်းနှင့် ပဲတီစိမ်းသီးနှံမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၈၀၀၀ နှုန်းအထိ ဈေးများကျဆင်းသွားခဲ့ပြီး ယခုဧပြီလဆန်းပိုင်းတွင် မတ်ပဲကို အိန္ဒိယနိုင်ငံမှ စာချုပ်ဖြင့် စတင်ဝယ်ယူလာမှုကြောင့် ဈေးကွက်အတွင်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ နှုန်းအထိ လည်းကောင်း၊ ပဲတီစိမ်းကို တရုတ်နိုင်ငံမှ သွက်လက်စွာ ဝယ်ယူလာမှုကြောင့် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ နှုန်း အထိလည်းကောင်း ဈေးများ ရုတ်တရက် မြင့်တက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဒီနှစ်ပိုင်းမှာ ပဲတီစိမ်းနဲ့ မတ်ပဲ ဈေးနှုန်းတွေက ကိုဗစ်-၁၉ ရောဂါ ဂယက်ကြောင့် အခြားပဲတွေလို ဈေးကျဆင်းနေပေမယ့် အခုလို မမျှော်လင့်ဘဲ ရုတ်တရက်ကြီး ဈေးတွေ ခုန်တက်လာတဲ့အတွက် လက်ကျန်ပဲတွေကနေ ဈေးကောင်းရကြလို့ တောင်သူတွေနဲ့ ကုန်သည်တွေ ဝမ်းသာနေကြတယ်။ မကြာခင်မေလအတွင်းမှာလည်း ရေသွင်းစိုက်ပျိုးထားတဲ့ နွေပဲတီစိမ်းသီးနှံတွေ ဈေးကွက်ကို ဝင်လာတော့မှာပါ။ ဒီသီးနှံနှစ်မျိုးစလုံးက အခုလို ဝယ်လိုအား ကောင်းတဲ့အတွက် သင်္ကြန်အပြီး ကာလမှာလည်း လက်ရှိဈေးအောက် ကျဆင်းသွားဖို့ မရှိနိုင်ဘူးလို့ ခန့်မှန်းပါတယ်။ ဒီကာလမှာလည်း ကုန်စည်စီးဆင်းမှု မြန်ဆန်ဖို့နဲ့ ကုန်ဈေးနှုန်း တည်ငြိမ်ရေးတို့အတွက် မန္တလေးကုန်စည်ဒိုင်ကို နေ့တစ်ပိုင်း ဖွင့်ပေးထားတယ်"ဟု ၎င်းက ပြောသည်။



ပဲတီစိမ်းသီးနှံကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရာသီမရွေးစိုက်ပျိုးကြပြီး ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ်သာ စိုက်ပျိုးကြကြောင်းနှင့် မတ်ပဲကို မြန်မာနိုင်ငံ အနှံ့အပြား၌ ဆောင်းသီးနှံအဖြစ်သာ တောင်သူများ အားထားစိုက်ပျိုးကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ခတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

# အသိပေးနှိုးဆော်ပန်ကြားခြင်း

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း (ဗဟို)

COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလတွင် သံဃာတော်များ၊ သီလရှင်များ ဆွမ်း၊ ကွမ်း အခက်အခဲ မဖြစ်စေရန်နှင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး နှစ် (၂၅၀၀) မှ နှစ် (၅၀၀၀)တိုင်အောင် တည်တံ့ပြန့်ပွားစေရေးအကျိုးငှာ အဘိုးကျိုက်ထီးဆောင်း ဆရာတော်ဘုရားကြီးအားရည်မှန်း၍ဆွမ်း၊ ကွမ်းအခက်အခဲရှိသည့်နိုင်ငံအနှံ့အပြားရှိရဟန်း၊ သံဃာ၊ သာမဏေ၊ သီလရှင်များအားမြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ) မိသားစုမှ နေ့စဉ် တစ်ပါးလျှင် ကျပ် (၁၀၀၀) နှုန်းဖြင့် ကပ်ရောဂါဘေး အန္တရာယ်ကင်းဝေးချိန်အထိ လှူဒါန်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ပြည်နယ်နှင့်တိုင်းဒေသကြီး သာသနာရေးမှူးများထံမှ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများရှိ စာရင်းများကိုရယူကာ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင်ဖွဲ့စည်းထားသည့် သာသနာ့နုဂ္ဂဟအသင်းများနှင့်ပူးတွဲပြီး လှူဒါန်းမှုများအား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လျှောက်ထားကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**

**အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို) ဇမ္ဗူသီရိဗိမာန်တော်၊ တံတားလေးလမ်း၁၀၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း – ၀၁ ၆၅၅ ၉၇၃၊ ၀၁ ၆၅၆ ၆၂၇၊**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို)

---


**နိုင်ငံတကာ** သတင်းဂျာနယ်

တနင်္လာနေ့တိုင်း ထွက်ပြီ

- ကမ္ဘာ့ကပ်ဘေးကြားက တိုးထွက်လာသော စီးပွားရေး
- အမေရိကန်၏ အပြင်းထန်ဆုံး အသံလှိုင်းလက်နက်များ
- ကိုဗစ်-၁၉ ရောဂါကူးစက်ပြည်သူများ၏ဆေးကုသစရိတ် ဆော်ဒီအာရေးဗျဘုရင် ကျခံမည်
- ကိုဗစ်-၁၉ ကာကွယ်ကုသဆေးသုတေသနစမ်းသပ်မှုများနဲ့အတူ ခပ်ရေးရေး အားတက်ဖွယ်ရာများ
- ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ် ကြီးမားသော စစ်ရေးပြအခမ်းအနားကျင်းပရန် ရုရှားပြင်ဆင်
- ဓီဝလက်နက်ဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် အိန္ဒိယ ဘာကြောင့် ပြင်ဆင်ထားရမှာလဲ

နယ်စာဖတ်ပရိသတ်များ၊ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/- ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ် (၇၇)၊ ၅၂ လမ်း၊ ကြေးမုံသတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း- ၀၁ - ၃၉၇၃၃၀ ၊ ၀၁ - ၂၉၂၈၃၀

Gmail - internationaljournalmm@gmail.com


### အစုရှယ်ယာလွှဲပြောင်းကြောင်း ကြေညာခြင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ တိုက်(၂)၊ အခန်း (၂)တွင် ဖွင့်လှစ်ထားသော ကုန်းဘောင်ရွှေပြည်ကုမ္ပဏီလီမိတက်၊ မှတ်ပုံတင်အမှတ် (၁၁၇၄၅၉၀၅၅) သည် ၃၀-၃-၂၀၂၀ ရက်တွင် ကျင်းပသည့် ကုမ္ပဏီအထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက် ၁၀၀၀၊ (တန်ဖိုး ကျပ်သိန်းတစ်ထောင်) မှ အစုရှယ်ယာအရေအတွက်(၁၀၀)၊ တန်ဖိုးကျပ်သိန်းတစ်ရာ) သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


SEVEN စံ

မြေကွက်များရောင်း/ဝယ်ရေး

ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊

(ရွှေပေါက်ကံမြို့သစ်)

အိမ်အရောက် ငွေပေးချေသည်။

"ပွဲခလုံးဝမယူပါ"။

09 - 33 333 511

09 - 33 333 514


### တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အခြေခံပညာဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းဆင့်သင် ကျောင်းသား/သူများအတွက် ၂၀၂၀-၂၀၂၁ပညာသင်နှစ်တွင် ကျောင်းသုံးဗလာစာအုပ်များ အခမဲ့ဖြန့်ဝေနိုင်ရန် ကျောင်းသုံးဗလာစာအုပ်ရိုက်နှိပ်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်

၂။ **ဝယ်ယူမည့်ဗလာစာအုပ်ဒါဇင်အရေအတွက်** – (၁၆၈၂၄၁) ဒါဇင်

**တင်ဒါပုံစံရောင်းချမည့်ရက်စွဲ/အချိန်** – ၆-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၀၉:၃၀နာရီ ရုံးချိန်အတွင်း

**တင်ဒါပိတ်မည့်ရက်စွဲ/အချိန်** – ၅-၅-၂၀၂၀ရက်(အင်္ဂါနေ့) ညနေ ၀၄:၃၀နာရီ

**တင်ဒါပုံစံဝယ်ယူရန်နှင့်တင်သွင်းရမည့်နေရာ** – တနင်္သာရီတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ထားဝယ်မြို့

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ဆက်သွယ်မေးမြန်းနိုင်သည့် ဖုန်းနံပါတ်များ -၀၅၉-၂၃၉၆၀၊ ၀၅၉-၂၃၉၆၁၊၀၅၉-၂၃၉၆၂၊ ၀၅၉-၂၃၉၆၄

**တင်ဒါခေါ်ယူရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်မတို့၏ PRIMER AMIGO CO.,LTD. ၏ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်ကတ်အမှတ် (၅၁၀၅၄)မှာနေပြည်တော်အတွင်း ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးမျိုးမင်းသန့် ဖုန်း-၀၉-၄၃၀၁၁၁၀၀**

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း တင်ဒါအမှတ်-(၆/၂၀၁၉-၂၀၂၀)

ရော်ဝတီတိုင်းဒေသကြီး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၂၁)၊ ညောင်တုန်းမြို့မှ (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်၊ ရရှိလာသောရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့်တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၂၁-၄-၂၀၂၀) ရက်မှစ၍ ဖော်ပြထားပါသည်။

၁။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် – ၂၁-၄-၂၀၂၀ရက် နံနက် ၁၀နာရီ
၂။ တင်ဒါပိတ်မည့်ရက်/အချိန် – ၂၉-၄-၂၀၂၀ရက် ညနေ ၃နာရီ
၃။ တင်ဒါဖွင့်မည့်ရက်/အချိန် – ၃၀-၄-၂၀၂၀ရက် နံနက် ၁၀နာရီ
၄။ တင်ဒါတင်သွင်း စိစစ်ရွေးချယ်မည့်နေရာ – ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁) ညောင်တုန်းမြို့
၅။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၂၁)၊ ညောင်တုန်းမြို့၊ ဖုန်း-၀၄၆-၂၀၂၀၃တွင်(၂၁-၄-၂၀၂၀)ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ လမ်းဦးစီးဌာန**
**ဖုန်း-၀၉-၂၅၀၁၂၁၆၁၅၊ ၀၉-၇၇၃၄၄၇၇၀၄၊ ၀၉-၇၉၅၂၀၀၃၉၁**

### အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဘားအံမြို့နယ်၊ ကော့ကဒါကျေးရွာအုပ်စု၊ ကောစလိုရွာနေ စောသိန်းမြင့် ၃/ဘအန(နိုင်)၀၈၉၅၀၉ ၏ အမည်မှန်မှာ စောအဒီးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၈-၈-၁၉၆၆ ဖြစ်ကြောင်းနှင့်ဖခင်အမည်မှန်မှာ ဦးနဲသိုင်ဖိုးဖြစ်ပါကြောင်း။



# ကျွန်းစုမြို့တွင် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်



ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး ခရီးသွားများအား ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးစဉ်။

ကျွန်းစု မေ ၅

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြိတ်ခရိုင် ကိုဗစ် – ၁၉ ကာကွယ်ရေး အရပ်ဘက်ပူးပေါင်းကော်မတီဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်းကာ ယမန်နေ့က ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျွန်းစုမြို့ ဆိပ်ကမ်းနှင့် မြို့မဈေး၌ ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ် တားဆီးရေးအတွက် ခရီးသွားပြည်သူများအား အပူချိန်တိုင်းတာခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးကြောစေခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဦးမိုးသူအောင် ဦးဆောင်သော မြိတ်ခရိုင် ကိုဗစ် – ၁၉ ကာကွယ်ရေး အရပ်ဘက်ပူးပေါင်းကော်မတီဝင်များက ကျွန်းစုမြို့ ကရုဏာနာရေးကူညီမှု အသင်းဝင်များနှင့် ပူးပေါင်းကာ ကျွန်းစုမြို့မှ ထိန်ချောင်း၊ လိပ်ကြယ်၊ ကတ္တလူ၊ မရမ်းချောင်း အပါအဝင် ကျေးရွာ ၁၀ ရွာသို့ လှည့်လည်၍ ဒေသခံများအား ကိုဗစ် –၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးရေး အတွက် အသိပညာပေးလက်ကမ်းစာစောင်များနှင့် ဗီနိုင်းများ ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်များ ဖြန့်ဝေပေးခြင်းနှင့် လက်ဆေးကြောစေခြင်း စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**



ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ပြည်မြို့၌ ပိုးသတ်ဆေး ဖျန်းပက်နေမှုကို တွေ့ရစဉ်။

# ပြည်မြို့၌ ကိုဗစ်–၁၉ ကာကွယ်ရေး ပိုးသတ်ဆေးများ ဖျန်းပေး

ပြည် မေ ၅

ပြည်မြို့တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ယနေ့ နံနက်ပိုင်းက ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါပိုးသတ်ဆေးဖျန်းမှုကို ပြည်မြို့ ဒေသခံရပ်မိရပ်ဖများ၊ အလှူရှင်များနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ ပါဝင်လှူဒါန်းထားသည့် ပိုးသတ်ဆေးများဖြင့် နယ်မြေခံတပ်၊ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် ဒေသတွင်း ပရဟိတအသင်းများ ပူးပေါင်း၍ ပြည်မြို့၊ ဗိုလ်ချုပ်လမ်း၊ လမ်းမတော်၊ လမ်းရှည်လမ်းတစ်လျှောက်၊ ခေတ္တရာမြို့သစ်ရပ်ကွက်နှင့် ရွှေတံခါးရပ်ကွက်တို့ကို ဦးစားပေးအနေဖြင့် ဆေးဖျန်းပေးကြောင်း သိရသည်။ **မင်းမင်းစိုး (ပြန်/ဆက်)**

**မရမ်းကုန်းမြို့နယ် လမ်းဝခုံးကျော်တံတားပေါ်မှ YBS ယာဉ်တစ်စီး ထိုးကျတိမ်းမှောက်မှုကြောင့် ၁၂ ဦး ဒဏ်ရာရ** စာ » ၁၁

**တာချီလိတ်မြို့တွင် ပြည်ပမှပြန်လာသူများအား (၁၄)ရက် ကန့်သတ်စောင့်ကြည့်ခဲ့ရာ စောင့်ကြည့်ရက်စေ့ပြီး ကျန်းမာရေးကောင်းမွန်သူ ၉၂ ဦးကို နေရပ်သို့ ပြန်လည်စေလွှတ်** စာ » ၁၇

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

ပညာရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

# မန်ယူကွင်းလယ်ကစားသမား လင်ဂတ်ကို အာဆင်နယ် ခေါ်ယူမည်



အာဆင်နယ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ အငှားကစားလျက်ရှိသော စီဘယ်လော့စ် (၂၃ နှစ်) ကို အမြဲတမ်းစာချုပ်မခေါ်ယူနိုင်ပါက မန်ယူအသင်းမှ ကွင်းလယ်ကစားသမား လင်ဂတ်ကို ခေါ်ယူစာချုပ်သွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မန်ယူအသင်းမှ လင်ဂတ်သည် လာမည့် အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာဖွယ်ရှိသောကြောင့် အာဆင်နယ်အသင်းက အဆိုပါ ကစားသမားကို ခေါ်ယူလိုနေခြင်းဖြစ်သည်။ မန်ယူနည်းပြ ဆိုးလ်ရှားအနေဖြင့် လင်ဂတ် အပေါ် ယုံကြည်မှုပျောက်ဆုံးနေသည်ဟု ပြီးခဲ့သည့်လပိုင်းက သတင်းများထွက်ပေါ်ခဲ့ပြီး ရာသီကုန်တွင် အဆိုပါကစားသမားကို အသင်းမှ ထွက်ခွာခွင့်ပြုရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ အငှားလာရောက်ကစားလျက်ရှိသော စီဘယ်လော့စ် အနေဖြင့် အငှားစာချုပ်သက်တမ်းကုန်ဆုံးပါက အသင်းမှ ထွက်ခွာဖွယ်ရှိနေပြီး အဆိုပါ ကစားသမား၏နေရာကို မန်ယူကွင်းလယ်ကစားသမား လင်ဂတ်ဖြင့် အစားထိုးလိုနေသည်။ အာဆင်နယ်နည်းပြ အာတီတာကလည်း *စာမျက်နှာ ၁၀ ကော်လံ ၁* ✪



နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
တနင်္လာ၊ မေ ၆၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ပညာရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး

- ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ပုံမှန်ပညာသင်စရိတ် ထောက်ပံ့ပေးခြင်း၊ ဝေးလံဒေသနှင့် နယ်စပ်ဒေသများအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နှစ်စဉ်ကျောင်းသား နှစ်သိန်းခန့်ကို စုစုပေါင်း ငွေကျပ် ၄၈ ဒသမ ဝ၆၅ ဘီလီယံကို ထောက်ပံ့နိုင်ခဲ့
- သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် အခြေခံပညာကျောင်းများကို နှစ်စဉ်အဆင့်တိုးမြှင့်ပေးခဲ့ရာ လေးနှစ်တာကာလအတွင်း ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်မှု စုစုပေါင်း ၂၀၄၅၄ ကျောင်းရှိခဲ့

ဆောင်းပါး- နန္ဒာဝင်း၊ ဓာတ်ပုံ- စိုးအောင် (ပညာရေး)

"ပညာရေး" ဟူသည် မွေးဖွားချိန်မှအစပြုကာ ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် သင်ယူရမည့်အရာဖြစ်ပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရင်းအနှီးဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် အရည်အသွေးရှိသောပညာရေးကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါတွင် သုတေသနအခြေခံ အချက်အလက် အထောက်အထားများအပေါ် အခြေခံ၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း အတွဲ(၁) နှင့်(၂) အစီရင်ခံစာများတွင် ပါဝင်သော လေ့လာတွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များအရ ပြုစုထားသော အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၂၁) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပညာရေးပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူကို ကတိပေးထားသည့် ဦးစားပေး လုပ်ငန်း(၁၂)ရပ်ကို အောက်ပါအတိုင်း ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

(က) ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

( ခ ) နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာကို သင်ယူပြီးမြောက်ပြီး အလယ်တန်းနှင့် အထက်တန်းပညာကို အဆင့်ဆင့် တိုးမြှင့်သင်ယူခွင့်များရရှိရန် ဆောင်ရွက်မည်ဖြစ်ရာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏစွမ်းရည် အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့် ကလေးများ၊ ဝေးလံဒေသရှိ ကလေးများ စသည့် ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

( ဂ ) ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်း တိုင်းရင်းသားကလေးငယ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကားသင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲခြင်းနှင့် သင်ကြားခြင်းများအပါအဝင် တိုင်းရင်းသား ဘာသာစကားနှင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း။

(ဃ) သင့်လျော်သော ဆရာနှင့် ကျောင်းသားအချိုးရရှိစေရန် ဆောင်ရွက်ပေးခြင်း။

( င ) ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ခြင်း။

( စ ) အခြေခံပညာရေးကို လူတိုင်း ပိုမိုလက်လှမ်းမီနိုင်ရန် ဖွံ့ဖြိုးမှုအားနည်းသည့်ဒေသများရှိ ကျောင်းများ(အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ)၏ လိုအပ်ချက်များကို ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

(ဆ) ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်စေရန် အခြေခံပညာအလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်းအစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း။

( ဇ ) တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီ အဆင့်မြှင့်သင်ရိုး၊ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်း။

*အချပ်ပို (ခ) သို့*



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (က) မှ*

(ဈ) နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့် တန်းတူ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း။

(ည) ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်ပေးခြင်း။

(ဋ) နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်းပြည်ပမှ ရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ခြင်း။

(ဌ) တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ၂၆-၂-၂၀၂၀ ရက်က ကျင်းပသည့် အရည်အသွေးရှိသော ပညာရေးဦးတည်၍ ပညာရေး ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထိုသို့ ဆောင်ရွက်ရာတွင် မည်သည့်ခွဲခြားမှုမှ မရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူမရှိရေး အခြေခံမူဝါဒများနှင့် လူအချင်းချင်း စည်းလုံးညီညွတ်စွာ အတူနေထိုင်နိုင်ရေးကို အားပေးသည့်အနေဖြင့် အတူယှဉ်တွဲနေထိုင်ခြင်းကို အားပေးခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုရှိခြင်းအပေါ် တန်ဖိုးထားခြင်းနှင့်အတူ ပညာသင်ယူခြင်း၊ အတူစာဖတ်ခြင်း၊ အတူကစားခြင်း၊ အတူနေထိုင်ခြင်းကို အားပေးဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများနှင့် သင်ယူသူအားလုံးကို ပူးပေါင်းဆောင်ရွက်တတ်ပြီး တာဝန်ယူ တာဝန်ခံ၍ ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ ဖြစ်လာအောင် သင်ကြားသင်ယူ လေ့ကျင့်ပေးလျက်ရှိသည်။

ဦးစားပေးလုပ်ငန်းစဉ် (၁) အနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းအခြေပြု မူကြိုကျောင်း ၃၁၁၅ ကျောင်းတွင် ဆရာ ၄၅၇၁ ဦးက ကျောင်းသား ၈၀၆၅၈ ဦး သင်ကြားလျက်ရှိသည်။

ဖွင့်လှစ်ထားရှိပြီးသော ကျောင်းအခြေပြု မူကြိုများကို ရေရှည်တည်တံ့ရေး၊ မူကြိုဆရာ ဆရာမများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် Basic Education Sub Sector Working Group (BESSWG) တွင် မိတ်ဖက်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသလို သင်တန်းအစီအစဉ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးလုပ်ငန်းစဉ် (၁၂)ရပ် ချမှတ်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်(၂)အနေဖြင့် နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာသင်ယူပြီးမြောက်ပြီး အလယ်တန်းနှင့် အထက်တန်းပညာကို အဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်များရရှိရန် ဆောင်ရွက်ခြင်း၊ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏ စွမ်းရည်အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့် ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် သူငယ်တန်းကျောင်းသား ၈၇၃၅၄၈ ဦး တက်ရောက်လျက်ရှိပြီး KG ကျောင်းနေအရွယ်ကလေးတိုင်း KG တန်းသို့ တက်ရောက်သင်ယူခွင့် ရရှိရေးအတွက် အခြေခံပညာကျောင်းတိုင်းတွင် သင်ရိုးသစ် KG အတန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် KG ဆရာ ဆရာမ ဖြည့်ဆည်းခန့်ထားရေးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းရေး ဆောင်ရွက်လျက်ရှိသည်။

“၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးအနေနဲ့ ၅၆၅၁ ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ၂၀၁၆ ခုနှစ်ကစပြီး အလယ်တန်းနဲ့ အထက်တန်းပညာ သင်ယူခွင့်ရရှိဖို့ အခက်အခဲရှိတဲ့ ဝေးလံဒေသတွေဖြစ်တဲ့ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးတွေမှာ အလယ်တန်းနဲ့ အထက်တန်းပညာသင်ယူနိုင်ဖို့ ကျောင်းအဆင့် ပိုမိုတိုးမြှင့်ပေးခဲ့ပါတယ်” ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

အခြေခံပညာကျောင်းအရေအတွက်သည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းအရေအတွက် ၂၁၆၉ ကျောင်း ပိုမိုတိုးတက်လာပြီး အထက်တန်းကျောင်းပေါင်း ၂၁၃၅ ကျောင်း ပိုမိုတိုးတက်လာသည့်အတွက် အလယ်တန်းနှင့် အထက်တန်းပညာသင်ယူခွင့် အခွင့်အလမ်းပိုမိုရရှိလာသကဲ့သို့ ကျောင်းဆရာ ဆရာမများကိုလည်း နှစ်စဉ်ခန့်ထားပေးလျက်ရှိရာ မူလတန်းပြဆရာ ၇၆၃၇ ဦး၊ အလယ်တန်းပြဆရာ ၁၆၇၇၁ ဦးနှင့် အထက်တန်းပြဆရာ ၄၄၃၆ ဦးအထိ တိုးမြှင့်ခန့်ထားနိုင်ခဲ့သည်။



ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ခပေါင်းရွာ အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းမြင်ကွင်း။

အလယ်တန်းနှင့် အထက်တန်း ပညာသင်ယူခွင့်ရရှိသည့်အတွက် အလယ်တန်းကျောင်းသားဦးရေသည် ၃၉၃၉၆၁ ဦးနှင့် အထက်တန်းကျောင်းသားဦးရေ ၃၁၃၈၀၈ ဦး ပိုမိုတိုးတက်လာပြီး အထက်တန်း ဝိဇ္ဇာတွဲ ကျောင်းသားဦးရေသည် ၈၄၀၀၉ ဦး ပိုမိုသင်ယူလာနိုင်ခဲ့ သည်။

“အခြေခံပညာ ကျောင်းသားဦးရေကို ကြည့်မယ်ဆိုရင် ၁၉၂၁ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ နှစ်ပေါင်း ၇၀ အကြာမှာ ငါးသန်းဖြစ်လာပါတယ်။ အခုဆိုရင် အခြေခံပညာ ကျောင်းသား ကျောင်းသူဦးရေ ၉ ဒသမ ၇ သန်း တက်ရောက်နေတာဖြစ်လို့ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း ၃၀အတွင်းမှာ ငါးသန်းနီးပါး တိုးတက်လာတာဖြစ်တဲ့အတွက် တိုးတက်လာတာနဲ့ လိုက်လျောညီထွေဖြစ်အောင် ဆရာ ဆရာမတွေ ခန့်ထားပေးဖို့၊ စာသင်ခန်းတွေ၊ စာသင်ခုံတွေနဲ့ စာကြည့်တိုက်တွေ စတဲ့ ကျောင်းဖွံ့ဖြိုးရေးတွေကို ဖြည့်ဆည်းပေးဖို့ လိုအပ်နေပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

“Grade 5 မူလတန်းပြီးတဲ့ ဦးရေကလည်း ယခုအခါ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်နဲ့ နှိုင်းယှဉ်ရင် ၁၆၉၅၁၉၁ ဦး ပိုမိုပြီး မူလတန်းပြီးလာပါတယ်။ Grade 9 အောင်မြင်တဲ့ အလယ်တန်းပြီးတဲ့ ဦးရေဟာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်နဲ့ နှိုင်းယှဉ်ရင် ၁၈၃၂၈၉ ဦး တိုးတက်လာခဲ့ပြီး ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဆိုရင် ကိုးသိန်းကျော်ဖြေဆိုခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ၃၃၃၉၇၈ ဦး တိုးတက်လာပြီး ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၂၆၇၆၉၆ ဦးရှိတဲ့အတွက် စုစုပေါင်းအောင်မြင်သူ ၇၀၀၀၀ ကျော် တိုးတက်လာပါတယ်” ဟု ပညာရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ပုံမှန်ပညာသင်စရိတ် ထောက်ပံ့ပေးခြင်း၊ ဝေးလံဒေသနှင့် နယ်စပ်ဒေသများအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နှစ်စဉ် ကျောင်းသား နှစ်သိန်းခန့်ကို စုစုပေါင်းငွေကျပ် ၄၈ ဒသမ ၀၆၅ ဘီလီယံကို ထောက်ပံ့နိုင်ခဲ့သည်။ သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် အခြေခံပညာကျောင်းများကို နှစ်စဉ်အဆင့်တိုးမြှင့်ပေးခဲ့ရာ လေးနှစ်တာကာလအတွင်း ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်မှု စုစုပေါင်း ၂၀၄၅၄ ကျောင်း ရှိခဲ့သည်။

အခြေခံပညာကျောင်းများ၏ လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်အလိုက်၊ တစ်ကျောင်းချင်းအလိုက် လိုအပ်ချက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့်အပြင် ဖြည့်ဆည်းပေးနိုင်မည့် အစီအစဉ်များကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ဝေးလံဒေသများရှိ အခြေခံပညာကျောင်းသား ကျောင်းသူများ သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိရေးအတွက် ပညာရေးအထောက်အကူပြု အရင်းအမြစ်များဖြစ်သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များ၊ သင်ကြားရေးအထောက်အကူပြု Video Spot များ၊ ပညာရေးနှင့် သက်ဆိုင်သည့် အခြားစာအုပ်စာတမ်းများ (Soft Copy)၊ Augmented Reality (AR) အသုံးပြုသင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ထည့်သွင်းထားသည့် DBE Box ကို အခြေခံပညာကျောင်းများတွင် အသုံးပြုသည့် အစီအစဉ်သစ်ကို စမ်းသပ်အစီအစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် စတင်ဆောင်ရွက်လျက်ရှိသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မြို့နယ် ၉၅ မြို့နယ်၌ သင်ယူသူ ၈၁၃၅ ဦးနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မြို့နယ် ၉၀ ၌ သင်ယူသူ ၈၉၄၆ ဦးတို့ကို ပညာသင်ယူမှုအခွင့်အလမ်းရရှိအောင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် မြို့နယ် ၈၉ မြို့နယ်၌ သင်ယူသူဦးရေ ၇၅၄၅ ဦးတို့ကို ပညာသင်ယူခွင့် အခွင့်အလမ်းများ ရရှိစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကျောင်းပြင်ပ အလယ်တန်းပညာရေးကို ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မြို့နယ် ၈ မြို့နယ်တွင် သင်ယူသူ ၁၇၆ ဦးတို့ သင်ယူမှုအခွင့်အလမ်းရရှိအောင် ဆောင်ရွက်ခဲ့သည်။ ကျောင်းပြင်ပ အလယ်တန်းပညာရေးကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဒုတိယအကြိမ်အဖြစ် မြို့နယ် ၈ မြို့နယ်တွင် သင်ယူသူ ၂၆၀ ကို သင်ယူမှုအခွင့်အလမ်းရရှိစေရန် ဆောင်ရွက်လျက်ရှိသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးမှ တစ်ဆင့် ကျောင်းပညာရေးသို့ ကူးပြောင်းတက်ရောက်ခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူ ၅၁ ဦးရှိခဲ့ကာ အဆင့်မြင့်ပညာ ဆက်လက်သင်ယူလျက်ရှိသည်။

ဝေးလံဒေသများရှိ ကလေးငယ်များ၏ ပညာရေးကို အထောက်အကူပြုနိုင်ရန် သင်ရိုးသစ် Grade – 1, Grade – 2, Grade – 3 နှင့် Grade – 6 ကျောင်းသုံးစာအုပ်များ၏ Soft Copy များကို အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ Website ဖြစ်သည့် nepc.edu.mm နှင့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website ဖြစ်သည့် derpt.moe.edu.mm တို့တွင် လွှင့်တင်ထားသည်။

၂၀၂၀ – ၂၀၂၁ ပညာသင်နှစ်တွင် သင်ကြားမည့် သင်ရိုးသစ် Grade – 4, Grade – 7 နှင့် Grade – 10 ကျောင်းသုံးစာအုပ်များကို ကျောင်းဖွင့်ကာလတွင် Website ၌ လွှင့်တင်ရန်နှင့် သင်ရိုးသစ်အတန်းများအတွက် Website တွင် လွှင့်တင်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာရေးဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလုပ်ငန်း(၁၂) ရပ်၏ လုပ်ငန်းစဉ် (၃)ရပ်အနေဖြင့် ကွဲပြားခြားနားသော ဘာသာစကားပြောသည့် မူလတန်းတိုင်းရင်းသား ကလေးငယ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား ၆၃ မျိုးကို Grade 1, Grade 2 နှင့် Grade 3 ကျောင်းသား ကျောင်းသူ တိုင်းရင်းသားကလေးငယ်များက ပညာသင်ယူလျက်ရှိသည်။ အခြေခံပညာကျောင်းပေါင်း ၁၃၁၀၀ တွင် ဆရာဦးရေ Teaching Assistants ၁၁၂၉၈ ဦးနှင့် Language Teacher ၁၄၇၈၆ ဦးတို့က ကျောင်းသား ၈ သိန်းကျော်ကို သင်ကြားပေးလျက်ရှိသည်။ *အချပ်ပို (ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

တိုင်းရင်းသားဒေသခံ ဆရာ ဆရာမ ခန့်အပ်ပေးမှုအခြေအနေမှာ ပညာအရည်အချင်း ၉ တန်းအောင်သည့် တိုင်းရင်းသားဒေသခံများကို Teaching Assistants နေ့စား၊ လပေးအဖြစ် လည်းကောင်း၊ ၄ တန်းအောင်သည့် ဒေသခံများကို Language Teacher အဖြစ် လည်းကောင်း ခန့်ထားပေးလျက်ရှိသည်။

တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှု၏ ထိရောက်အောင်မြင်မှုအခြေအနေ သုတေသနကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများနှင့် ယူနီဆက်တို့၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ပြည်နယ် ၇ ခု၌ ဆောင်ရွက်ခဲ့သည်။

## ပူးပေါင်းထုတ်ဝေ

ထို့ပြင် သင်ကြားရေးအထောက်အကူပြု ဂျိန်းဖော၊ ကယား၊ စကောကရင်၊ ချင်း (ဖလမ်း)၊ မွန်၊ ရခိုင်နှင့် ရှမ်း ဘာသာစကားများဖြင့် အင်္ဂလိပ်-မြန်မာ-တိုင်းရင်းသား ဝေါဟာရ ပုံပြကားချပ်နှင့် ဂျိန်းဖော၊ လော်ဝေါ်၊ ကယား၊ ပိုးကရင်၊ ချင်း(ဟားခါး)၊ ချင်း (ဖလမ်း)၊ မွန်နှင့် ရှမ်း ဘာသာစကားများဖြင့် Grade 1, Grade 2 နှင့် Grade 3 မြန်မာ-တိုင်းရင်းသား-အင်္ဂလိပ် ဝေါဟာရ ပုံပြကားချပ်တို့ကို တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများနှင့် ပူးပေါင်းထုတ်ဝေခဲ့သည်။

လုပ်ငန်းစဉ်(၄) ဖြစ်သည့် သင့်လျော်သော ဆရာ၊ ကျောင်းသားအချိုး ရရှိစေရန် ဆောင်ရွက်ရာတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၌ အခြေခံပညာ ဆရာ ဆရာမ စုစုပေါင်း ၄၁၀၁၇၂ ဦးရှိပြီး ကျောင်းသား ကျောင်းသူဦးရေ ၉ သန်းကျော်ရှိသည့်အတွက် ကျောင်းသားနှင့် ဆရာ အချိုးမှာ ၁:၂၂ ဖြစ်သည်။ နည်းပညာနှင့် သက်မွေးဆရာ စုစုပေါင်း ၃၅၄၂ ဦးရှိသည့်အတွက် သင်တန်းဆရာနှင့် သင်တန်းသားအချိုးမှာ ၁:၄ ဖြစ်ပြီး တက္ကသိုလ်ဆရာ ဆရာမ စုစုပေါင်း ၂၂၄၁၄ ဦးရှိသည့်အတွက် အဝေးသင်တက္ကသိုလ် ကျောင်းသားဦးရေအပါအဝင် ကျောင်းသား ဆရာအချိုးမှာ ၁:၄၅ ရှိကြောင်း သိရသည်။

အခြေခံပညာကျောင်းများတွင် မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြဆရာ ဆရာမ ၁၄၃၈၈ ဦး ခန့်ထားရန် လိုအပ်နေပြီး နည်းပညာနှင့် သက်မွေးအထက်တန်းကျောင်း သိပ္ပံများတွင် ဆရာ ဆရာမ ၅၆၁ ဦးနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ဘာသာရပ် လိုအပ်ချက်အရ နည်းပြသရုပ်ပြ ၁၂၃၅ ဦး ခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

## ပြုပြင်ပြောင်းလဲမှုများ

လုပ်ငန်းစဉ် (၅) ဖြစ်သည့် ကျောင်းအသီးသီးမှ ဆရာ ဆရာမများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန် အခြေခံပညာကဏ္ဍတွင် ၂၁ ရာစု ကျွမ်းကျင်မှုနှင့် လိုက်လျောညီထွေသည့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် Grade-3 နှင့် Grade - 6 ကျောင်းသုံးဖတ်စာအုပ်အသစ်များနှင့် ဆရာလမ်းညွှန်စာအုပ်အသစ်များကို အသုံးပြုပြီး သင်ကြားသင်ယူမှုနည်းလမ်း သင်တန်းများကို မူလတန်းပြနှင့် အလယ်တန်းပြ ဆရာ၊ ဆရာမများကို သင်တန်းပေးခဲ့သည်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် Grade - 4, Grade - 7 နှင့် Grade- 10 များအတွက် ဆရာ ဆရာမများကို သင်တန်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"နည်းပညာနဲ့ သက်မွေးကဏ္ဍတွင် နည်းပညာမြှင့်တင်ရေးသင်တန်းဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဘယ်လင်း၌ ဆရာ ဆရာမ ၁၃၇ ဦးကို သင်တန်းပေးနိုင်ခဲ့ပါတယ်။ ပညာရေးဒီဂရီကောလိပ်တွေမှာ ၄ နှစ် သင်ရိုးညွှန်းတမ်းအတွက် ဆရာ ဆရာမအားလုံးကို ၂၀၁၉ ခုနှစ် အောက်တိုဘာလနဲ့ နိုဝင်ဘာလမှာ သင်တန်းပို့ချပြီး ဖြစ်ပါတယ်။ ပညာရေးကောလိပ် ၂၅ ကျောင်းရှိ ဆရာ ဆရာမတွေရဲ့ အင်္ဂလိပ်စာဘာသာစကားစွမ်းရည် တိုးတက်ရေးအတွက် Towards Results in Education and English (TREE) Project ကို British Council, VSO, the Open University and Montrose Consulting တို့နှင့် ပူးပေါင်း၍ TREE Facilitators (BC/VSO) တို့၏ အကူအညီဖြင့် နည်းပညာတွေနဲ့ အကြံဉာဏ်ကောင်းတွေကို ရယူအသုံးချနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။



ကယားပြည်နယ် ပန်ပက်ရွာ အခြေခံစာတတ်မြောက်ရေးစာသင်ဝိုင်း။

ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့အနေဖြင့် ကျန်ရှိသည့် အခြားတက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိ ဆရာ ဆရာမများ၏ Capacity Building and Teaching Methodology Training သင်တန်းပေးနိုင်ခဲ့သည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် အုပ်ချုပ်မှုတာဝန်ပေးအပ်မည့် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၏ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် National Institute for Higher Education Development အစီအစဉ်ကို ဆောင်ရွက်သွားမည်ဟု သိရသည်။

ထို့ပြင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ပြည်ပနိုင်ငံများမှ ပညာရှင် ၃၆၈ ဦးက တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် သက်ဆိုင်ရာဘာသာရပ်များ သင်ကြားပေးလျက်ရှိသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် MoU, MoA လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်ထားရှိမှု ၁၃၈ ခုရှိပြီး Quality Assurance သင်တန်းများ ပို့ချပေးခဲ့သည်။ ထို့အတူ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရေးအတွက် ဆရာ ဆရာမများကို ပြည်တွင်း၊ ပြည်ပ သင်တန်းများသို့ စေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

## အဆင့်မြှင့်တင်ဆောင်ရွက်

ပညာရေးဝန်ကြီးဌာနနှင့် UNESCO တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေးစီမံချက်ဖြင့် (Strengthening Pre - Service Teacher Education in Myanmar - STEM Project) ဖြင့် လက်ရှိ (၂) နှစ်သင် ဒီပလိုမာပညာရေးကောလိပ်များမှ ဘွဲ့အပ်နှင်းမည့် (၄) နှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် (၄) နှစ်သင် ပညာရေးဒီဂရီကောလိပ် ပထမနှစ်၊ ပထမနှစ်ဝက် သင်ရိုးညွှန်းတမ်းအသစ် ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များ ပုံနှိပ်ဖြန့်ဝေခြင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ပညာရေးကောလိပ် ၂၅ ကျောင်းတွင် ပညာရေးဒီဂရီကောလိပ် ပထမနှစ်၊ ပထမနှစ်ဝက် သင်ရိုးညွှန်းတမ်းအသစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိခြင်း၊ ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၂၀ ပြည့်နှစ်အတွင်း ဒုတိယနှစ်၊ ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက် သင်ရိုးမာတိကာ၊ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်(မူကြမ်း)တို့ကို ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

## ဦးစားပေး၍ ဖြည့်ဆည်း

ထို့အတူ KG + 12 အခြေခံပညာရေး သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမည့် အဆင့်မြင့်ပညာရေး သင်ရိုးညွှန်းတမ်း အညွှန်းဘောင်ရေးဆွဲရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် International Quality Assurance Unit များ ဖွဲ့စည်းဆောင်ရွက်ရေး စီစဉ်လျက်ရှိသည်။

လုပ်ငန်းစဉ် (၆) အရ အခြေခံပညာရေးကို လူတိုင်း ပိုမိုလက်လှမ်းမီနိုင်ရန် ဖွံ့ဖြိုးမှုအားနည်းသည့်ဒေသများရှိ ကျောင်းများ၏ လိုအပ်ချက်များကို ဦးစားပေး၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းစာကြည့်တိုက်၊ စာသင်ဆောင် ဆောက်လုပ်ခြင်း၊ သိပ္ပံဆောင်နှင့် ဝန်ထမ်းအိမ်ရာများ စသည်တို့အပါအဝင် ကျောင်းအဆောက်အဦပေါင်း ၁၄၄၇၃ ခုကို ဆောက်လုပ်ခြင်းတို့အတွက် ငွေကျပ် ၅၂၀ ဒသမ ၅၂၀ ဘီလီယံ သုံးစွဲခဲ့သည်။

"အခြေခံပညာရေးကို လူတိုင်း လက်လှမ်းမီဖို့ ဆောင်ရွက်ရာမှာ အခက်အခဲရှိတဲ့ ဒေသတွေကို သတ်မှတ်တဲ့အခါ ကမ္ဘာ့ဘဏ်နဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MOPFI )တို့ ၂၀၁၉ ခုနှစ်တွင် ပူးပေါင်းထုတ်ဝေတဲ့ Poverty Report အရ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွေမှာ ဆင်းရဲမှုနှုန်း ပိုမိုများပြားတာကို တွေ့ရပါတယ်။ ဆင်းရဲမှုနှုန်းအမြင့်ဆုံးဖြစ်နေသူတွေဟာ ကျောင်းလုံးဝမနေဖူးသူတွေဖြစ်တာကို တွေ့ရပါတယ်။ မူလတန်းပြီးလို့ အလယ်တန်းဆက်မတက်သူ၊ အထက်တန်းပညာသင်ယူရင်း ကျောင်းထွက်ရင်လည်း ဝင်ငွေနည်းနည်းရတဲ့ အလုပ်တွေကိုသာ လုပ်လို့ရမှာဖြစ်တဲ့အတွက် ဆင်းရဲမှုက လွတ်မြောက်ဖို့ဆိုရင် ကျောင်းသား ကျောင်းသူအားလုံးဟာ အထက်တန်းပညာ သင်ယူပြီးမြောက်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်း၊ သိပ္ပံတွေ၊ တက္ကသိုလ်ပညာတွေကို ဆက်လက်ပညာသင်ယူတတ်မြောက်ဖို့၊ တစ်သက်တာ သင်ယူဖို့ အရေးကြီးပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

ကမ္ဘာ့ဘဏ်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပူးပေါင်းထုတ်ဝေတဲ့ Social Economic Report အရ မြန်မာနိုင်ငံတွင် ကျောင်းထွက်နှုန်း အများဆုံးဒေသများသည် ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ကြောင်း ဖော်ပြထားသည်။

"မြန်မာနိုင်ငံရဲ့ အလယ်တန်း၊ အထက်တန်း၊ အသက်မွေးဝမ်းကျောင်းနဲ့ တက္ကသိုလ်တက်သူဦးရေကို ကြည့်မယ်ဆိုရင် အသက် ၁၅ နဲ့ ၂၄ နှစ် အုပ်စုမှာ ၅၀ ဒသမ ၄ ရာခိုင်နှုန်းအထိ သင်ယူနိုင်တာကို တွေ့ရပါတယ်။ ကျွန်တော်တို့ အခုလက်ရှိ အခြေခံပညာကျောင်းတွေမှာရှိတဲ့ အုပ်စုဆိုရင် အထက်တန်းကျောင်းတက်နေတဲ့သူ ရာခိုင်နှုန်းက ၅၉ ရာခိုင်နှုန်းရှိပါတယ်။ အလယ်တန်းတက်နေတဲ့သူက ၇၈ ရာခိုင်နှုန်းရှိတဲ့အတွက် ပညာသင်ယူခွင့် အခွင့်အလမ်းတွေ ပိုမိုရရှိခဲ့လို့ ပညာရေးဖွံ့ဖြိုးတိုးတက်မှု ကောင်းမွန်လာပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

အခက်အခဲရှိသော ဒေသများ၊ ဝေးလံခေါင်သီသည့် ဒေသများနှင့် သင်ယူမှုအခွင့်အလမ်း တိုးမြှင့်ပေးရန် လိုအပ်သောဒေသများမှ ကလေးများအတွက် သင်ယူမှုအခွင့်အလမ်း ရရှိစေရေး လူတိုင်းအကျုံးဝင်အရည်အသွေးမီပညာရေးလုပ်ငန်းအစီအစဉ် (IAQE) ကို အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းလျက်ရှိသည်။

*အချပ်ပို (ဃ) သို့*



ပျဉ်းမနားမြို့နယ် ဘောဂဝတီရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း(ဘောဂဝတီ) စံပြကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ဂ) မှ*

လုပ်ငန်းစဉ် (၇) သည် ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်စေရန် အခြေခံပညာအလယ်တန်းနှင့် အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်းအစီအစဉ်များဖြင့် ပညာဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း ဖြစ်သည်။

**အခြေခံစာတတ်မြောက်ရေး**

အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခု အတွင်း ခရိုင် ၂၆ ခုနှင့် မြို့နယ် ၇၀ တို့တွင် သင်ယူသူပေါင်း ၅၃၉၂ ဦးရှိခဲ့ပြီး သင်ယူပြီးမြောက်သူ ၄၉၉၆၁ ဦးကို အခြေခံ အရေး၊ အဖတ်နှင့် အတွက် တတ်မြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ရှမ်းပြည်နယ်တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်အတွင်း မြို့နယ် ၁၂ မြို့နယ်တွင် ပြည်သူ့အခြေပြုပညာပေးဦးစားပေးလုပ်ငန်းစဉ် ၇ ရပ်နှင့် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို မိတ္ထီလာ၊ မြင်းခြံနှင့် ညောင်ဦးမှာ သင်ယူသူစုစုပေါင်း ၆၉၀၁ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရာတွင် သင်တန်းသား ၂၈၀၃ ဦး တက်ရောက်ခဲ့ပါတယ်။ ဒေသနဲ့ လိုက်လျောညီထွေတဲ့ ကာလတိုသင်တန်း စုစုပေါင်း ၆၀ ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ကြောင့် နည်းပညာနဲ့ သက်မွေးပညာကဏ္ဍမှာ လိုအပ်နေတဲ့ ပုံမှန်သင်တန်းသား ၂၄၉၃၇ ဦးနဲ့ ကာလတိုသင်တန်းသား ၁၉၇၇၈ ဦးကို သင်ကြားပေးနိုင်ခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆိုသည်။

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးလုပ်ငန်းစဉ် (၈) အရ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် သီးခြားတက္ကသိုလ် ၁၆ ခုကို ဖော်ဆောင်ထားပြီး တက္ကသိုလ် ၅၀ တွင် University Charter ရေးဆွဲဆောင်ရွက်ပြီးဖြစ်သည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစ၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ပြည်တွင်း၊ ပြည်ပ သုတေသနစာတမ်းပေါင်း ၁၆၂၀၁ စောင် ရေးသားထုတ်ဝေနိုင်ခဲ့သည်။

**တတိယအကြိမ် ဖွင့်လှစ်**

အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည့် အဝေးသင်ပညာရေးစနစ်တွင် မြန်မာနိုင်ငံနှင့် ဗြိတိန်နိုင်ငံမှ တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဝေးသင်ကျောင်းသား ကျောင်းသူပေါင်း ၅၀၀၀၀၀ ကျော်ကို အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်သော ကျွမ်းကျင်မှုများ တိုးတက်စေရန်၊ မြန်မာနိုင်ငံအတွက် အရေးကြီးသော အသိပညာဖြစ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာရပ် ဖွံ့ဖြိုးတိုးတက်စေရန်၊ သင်ရိုးညွှန်းတမ်းများလည်း ကမ္ဘာ့အဆင့်မီဖြစ်ပေါ်လာစေရန်နှင့် ရရှိလာသော တိုးတက်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည့် ပညာရပ်များတွင် ပြန်လည်အသုံးချရန် စီမံချက်တစ်ခုဖြစ်သည့် Transformation by Innovation in Distance Education (TIDE) စီမံချက် Residential School သင်တန်းများကို တတိယအကြိမ် ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တက္ကသိုလ် စုစုပေါင်း ၂၀ ကျော်မှ ဆရာ၊ ဆရာမ သင်တန်းသားသင်တန်းသူ ၂၀၀ ခန့်တက်ရောက်ခဲ့သည်။

(၁၉) ကြိမ်မြောက် အာရှသိပ္ပံကောင်စီညီလာခံကို ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့၊ အာရှသိပ္ပံကောင်စီနှင့် ဂျပန်နိုင်ငံ သိပ္ပံကောင်စီတို့မှ ကြီးမှူး၍ **"အာရှဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် ဆန်းသစ်တီထွင်မှု"** ခေါင်းစဉ်ဖြင့် နေပြည်တော် Grand Amara ဟိုတယ်တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း သုံးရက်တာကျင်းပခဲ့ရာ စာတမ်းများ ဖတ်ကြားခြင်း၊ ပိုစတာပြပွဲနှင့် သုတေသနပရောဂျက် အလုပ်ရုံဆွေးနွေးပွဲတို့ကို ဆောင်ရွက်ခဲ့သည်။



မော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအုပ်စုရှိ မူလတန်းလွန်ကျောင်းတွင် ကျောင်းသားကျောင်းသူလေးများအား ကိုယ်တိုင်စက္ကူချိုး အရုပ်ကားချပ်များနှင့်အတူ ပျော်ရွှင်စွာ တွေ့ရစဉ်။

**တိုက်ရိုက်လျှောက်ထားခွင့်ပြု**

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မိမိတက်ရောက်လိုသည့်တက္ကသိုလ်ကို လျှောက်ထားနိုင်ခွင့်ရှိစေရန် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် သီးခြားဝင်ခွင့်ရွေးချယ်မည့် တက္ကသိုလ်များအဖြစ် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကို သတ်မှတ်ခဲ့ပြီး တိုက်ရိုက်လျှောက်ထားခွင့်ပြုခဲ့သည်။

ဦးစားပေးလုပ်ငန်းစဉ်(၉) အရ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး ပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့် တန်းတူ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပထမတန်းစား TVET ပညာရေးဖြစ်လာစေရန်အတွက် အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် TTTI, JMASVTI, SMVTI, NVTI, SITE, ELPS, Hlaing Thayar (Food & Beverage), YWTC (ရတနာဂဟေဆက်), အထည်ချုပ်နည်းပညာဆရာဖြစ်သင်တန်း၊ အချက်အပြုတ်သင်တန်း (GTI-In Sein) စသည့် သက်မွေးပညာသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး EU ၏ ထောက်ပံ့မှုအစီအစဉ်ဖြင့် (GTHS) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ အခြေခံပညာကဏ္ဍတွင် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိပြီး လုပ်ငန်းစဉ် ၁၀ အရ မိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် လိုအပ်သော ထောက်ပံ့မှုများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ်အရ ကျောင်းဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေကျပ် ၁၇၂ ဒသမ ၆၉၂ ဘီလီယံ၊ ဗလာစာအုပ်များ အခမဲ့ဖြန့်ဝေရန်အတွက် ငွေကျပ် ၁၃ ဒသမ ၅၇၄ ဘီလီယံနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ အခမဲ့ဖြန့်ဝေခြင်းအတွက် ငွေကျပ် ၁၄၆ ဒသမ ၀၅၆ ဘီလီယံကို သုံးစွဲခဲ့သည်။

**ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုး**

မိဘများကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ထိရောက်သော ပညာရေးဝန်ဆောင်မှုဖြစ်စေရန်အတွက် ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုးပေးသည့်အစီအစဉ်ကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ်အရ ကျောင်းဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေကျပ် ၅၉ ဒသမ ၃၇၈ ဘီလီယံ၊ ဗလာစာအုပ်အခမဲ့ဖြန့်ဝေရန် ငွေကျပ် ၉ ဒသမ ၅၇၁ ဘီလီယံနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ အခမဲ့ဖြန့်ဝေရန် ငွေကျပ် ၁၀၈ ဒသမ ၂၃၃ ဘီလီယံ သုံးစွဲခဲ့သည်။

တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့် လုပ်ငန်းစဉ်များ၊ အချက်အလက်များကို ကျောင်းသား ကျောင်းသူနှင့် မိဘပြည်သူများ သိရှိစေရန် ပထမနှစ်ဝင်ခွင့်ရ ကျောင်းသားကျောင်းသူများစာရင်းကို ပညာရေးဝန်ကြီးဌာန၏ Offical Website ဖြစ်သည့် www.moe.gov.mm တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးခြင်း၊ တစ်ဦးချင်းစီသို့ အကြောင်းကြားစာ ပေးပို့ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးလုပ်ငန်းစဉ် (၁၁) အရ နိုင်ငံတော်အစိုးရ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်း ပြည်ပမှရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်လည်း ဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်ငန်းစဉ် (၁၂) ဖြစ်သည့် တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှု လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"ပညာရေးအရည်အသွေး ဘယ်လောက်တိုးတက်လာသလဲကို နိုင်ငံတကာအစီရင်ခံစာတွေကို ကြည့်ပြီးပြောရရင် Human Development Report 2019, 2018, 2016, 2015 တွေအရ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း ပညာရေးနဲ့ သက်ဆိုင်တဲ့ မျှော်မှန်းကျောင်းနေတဲ့နှစ်တွေ၊ ပျမ်းမျှကျောင်းနေတဲ့နှစ်တွေ ပိုမိုတိုးတက်လာသလို လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းအရ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံဟာ အာဆီယံဒေသအတွင်းမှာ နောက်ဆုံးဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ထုတ်ပြန်အစီအရင်ခံစာအရ ၂၀၁၈ အညွှန်းကိန်းဟာ မြန်မာနိုင်ငံက ၀ ဒသမ ၅၈၄ နဲ့ ကမ္ဘောဒီးယားကို ကျော်လွန်သွားပြီဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောသည်။

"ကမ္ဘာ့ဘဏ်ရဲ့ World Development Report ၂၀၁၉ ခုနှစ် အစီရင်ခံစာပါ လူသားအရင်းအမြစ်အညွှန်းကိန်း ၂၀၁၈ ခုနှစ်အရ မြန်မာနိုင်ငံဟာ အာဆီယံဒေသတွင်းမှာ လာအိုထက် ပိုမိုသာလွန်ပြီး ၀ ဒသမ ၄၇ နဲ့ ရှိနေပါတယ်။ HDI မှာ ကမ္ဘောဒီးယားကို သာလွန်ပါတယ်။ တက္ကသိုလ်တွေရဲ့ ကမ္ဘာ့အဆင့်နဲ့ အာဆီယံအဆင့် Ranking ကို ကြည့်မယ်ဆိုရင် ရန်ကုန်တက္ကသိုလ်ဟာ ကမ္ဘာ့အဆင့်အနေနဲ့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ထုတ်ပြန်တဲ့ စာရင်းအရ ၇၀၁၂ ဖြစ်ပြီး ၂၀၁၆ ခုနှစ်မှာ ၁၃၀၇၂ ရှိတဲ့အတွက်ကြောင့် ကမ္ဘာ့အဆင့် ၆၀၆၀ တိုးတက်လာတာကိုတွေ့ရသလို အာဆီယံအဆင့် ၃၂၆ ဆင့်ရှိတဲ့အတွက် အာဆီယံမှာလည်း အဆင့် ၂၄၃ ဆင့် တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ မန္တလေးတက္ကသိုလ်က ကမ္ဘာ့အဆင့် ၈၂၉၁ ဆင့် ရှိလာတဲ့အတွက် ကမ္ဘာ့အဆင့် ၁၂၄၁၀ တိုးတက်လာသလို အာဆီယံအဆင့် ၄၂၆ ဆင့်ဖြစ်တဲ့အတွက် အာဆီယံအဆင့်မှာ ၆၆၄ ဆင့် တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆက်လက်ပြောကြားသည်။

**အဓိကစိန်ခေါ်မှုတစ်ရပ်**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ ထိရောက်ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကျောင်းသားလူငယ်များ၊ တစ်သက်တာသင်ယူသူများကို စဉ်းစားတွေးခေါ်နိုင်ခြင်းဖြင့် ပြဿနာဖြေရှင်းနိုင်စွမ်းရှိသည့် ကောင်းမွန်စွာ သင်ယူနိုင်စွမ်း၊ ဆက်သွယ်ဆောင်ရွက်နိုင်စွမ်းရှိသည့် ကျွမ်းကျင်မှု၊ ကိုယ်ပိုင်စွမ်းရည်၊ လူမှုရေးဆိုင်ရာ စွမ်းရည်များ ရှိလာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အလွတ်ကျက်မှတ်ခြင်းသည် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း တွေ့ရသည်။

ထို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ၊ တက္ကသိုလ်များတွင် ပညာသင်ယူခွင့်ရရှိရေးနှင့် ပညာအရည်အသွေး မြင့်မားတိုးတက်ရေးကို ဦးတည်၍ အကောင်အထည်ဖော်ရာတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းလုပ်ငန်းများကို ထိရောက်ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရသည်။



ကျိုင်းတုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ ကျောင်းတက်ရန်လာသည့် ကျောင်းသား ကျောင်းသူလေးများကို တွေ့ရစဉ်။